# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၁၂၃)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ သတင်းစဉ်

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင့်ခေါ်ကျင်းပ**

ပြည်သူ့လွှတ်တော် စာ » ၇

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုသည်များ ဆွေးနွေး**

အမျိုးသားလွှတ်တော် စာ » ၈

**ဗြိတိန်ဝန်ကြီးချုပ်၏ ဘရီးဇစ် သဘောတူညီချက် ပါလီမန်လွှတ်တော်၌ ထောက်ခံမဲအများစုဖြင့်အနိုင်ရ**

နိုင်ငံတကာသတင်း စာ » ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ဥပဒေစိုးမိုးရေးနှင့် လောကပါလတရား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုဥပဒေအကြံပေး တစ်ဦးဖြစ်သည့် ဦးကိုနီနှင့် လူသတ်သမားကို ရဲရဲဝံ့ဝံ့ဖမ်းဆီးခဲ့သော အငှားယာဉ်မောင်းသမား ဦးနေဝင်းတို့ လုပ်ကြံသတ်ဖြတ်ခံရသည်မှာ နှစ်နှစ်တင်းတင်း ပြည့်သည့် အထိမ်းအမှတ်အဖြစ် ၂၉ ဇန်နဝါရီ ၂၀၁၉ နေ့က ပြုလုပ်သော အောက်မေ့ဖွယ်ဂုဏ်ပြုအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆရာဦးကိုနီနှင့် အမှန်တရားနှင့် တရားမျှတမှုအတွက် အသက်ပေး၍ နမူနာပြ ဆောင်ရွက်ခဲ့သည့် ကိုနေဝင်းတို့ကို ဆုံးရှုံးရခြင်းမှာ မြန်မာနိုင်ငံအတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ပါသည်ဟု အစချီသော သဝဏ်လွှာမှာ ယနေ့ မြန်မာ့ဒီမိုကရေစီရေး ချီတက်ရာခရီးအတွက် များစွာအဓိပ္ပာယ်ပြည့် လေးနက်မှု ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ စည်ကားများပြားလှသော လူအုပ်တွင်း၊ ဦးကိုနီက သူ၏ မြေးငယ်လေးကို ချီပိုးနှုတ်ဆက်နေစဉ် လူသတ်သမားက သူ့အနားကပ်ကာ ဦးခေါင်းကို သေနတ်နှင့်ပစ်ခဲ့သည်ဆိုခြင်းမှာ ပြည်သူလူထုအဖို့ အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့် အဖြစ်အပျက်ဖြစ်ပါသည်။

ဦးကိုနီကို ပစ်ပြီးထွက်ပြေးသည့် သေနတ်သမားကို လေဆိပ်မှာ ရောက်နေကြသည့် အငှားကားသမားများက ဝိုင်းဝန်းဖမ်းဆီးကြစဉ် အနီးကပ်ဖမ်းဆီးသူ ဦးနေဝင်းကို ထပ်မံပစ်ခတ်ခဲ့ခြင်းကြောင့် ဦးနေဝင်းလည်း တိမ်းပါးခဲ့ရပြန်ပါသည်။ သို့သော်လည်း မတရားမှုကို လက်ပိုက်ကြည့်မနေနိုင်သော ရဲရင့်သည့် ကားသမားများ၏လက်မှ လူသတ်သမား လွတ်အောင် မပြေးနိုင်ခဲ့။

တကယ့်ဘဝမှာ ဖြစ်ပျက်ခဲ့သော အဆိုပါဖြစ်ရပ်မှာ ရုတ်တရက်အားဖြင့် မယုံကြည်နိုင်လောက်စရာ။ လူလူချင်း သည်မျှလောက် ရက်ရက်စက်စက် လုပ်ကြံရလောက်အောင် နဂိုက ရန်ညှိုးရန်စ စိုးစဉ်းမျှ ရှိတာမဟုတ်။

ဦးကိုနီက ဥပဒေဘက်တော်သား။ တရားမျှတမှုနှင့် ဒီမိုကရေစီ အခွင့်အရေးတို့အတွက် ပြည်သူလူထုဘက်က ရပ်တည်နေသူ။ ဦးကိုနီ အထူးပြုနှီးဆော်ခဲ့သည်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် အခြေခံမူများ ချမှတ်နိုင်ရေးစသည်တို့ ဖြစ်သည်။ သည်လို အများအကျိုးအတွက် တာဝန်ယူဆောင်ရွက်နေသူတစ်ဦးကို မည်သူတို့က သေစေချင်သည်လဲဟူသော မေးခွန်းတို့က ပြည်သူတို့ရင်တွင်းမှာ ဟိန်းထနေသည်။

အချိန်အားဖြင့် နှစ်နှစ်ရှိသွားပြီဆိုသော်လည်း ကြားရသိရသမျှ ပြည်သူလူထုမှာ မေ့လို့မရ။ ဥပဒေစိုးမိုးမှု သည်မျှလောက် ကင်းမဲ့နေခြင်းကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းကြမှ ဖြစ်မည်ဟူသော တပ်လှန့်နှိုးဆော်မှုက မြန်မာ့ဒီမိုကရေစီရေးကို လိုလားသူ ပြည်သူလူထုကြားသို့ ပျံ့နှံ့ဝင်ရောက်နေသည်။

မှန်ကန်သင့်တော်သည့် တရားစီရင်ရေးရှိဖို့ကိုလည်း ပြည်သူတို့က မျှော်လင့်နေကြပါသည်။ ယခုအဖြစ်အပျက်က မတရားပြုလုပ်သူ အစမ္ပသမားများကို ခေါင်းထောင်ခွင့် မပေးရေးအတွက် အမှန်တရားပေါ်ပေါက်ရန် လိုအပ်ပါသည်။ မျှတသော တရားစီရင်ရေးစနစ်၊ မှန်ကန်သည့် ဥပဒေရေးရာ ဖြေရှင်းမှုတို့ ရှိခြင်းက ပြည်သူတို့၏ လောကပါလတရားအပေါ် ယုံကြည်စွဲမြဲရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်လည်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာ နိဂုံးပါ - "မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ခိုင်မာစွာတည်ဆောက်ရာ၌ စိန်ခေါ်မှုတွေကို ဝိုင်းဝန်းကြိုးစား ဖြေရှင်းရင်း အသက်စွန့်သွားခဲ့သည့် ဆရာဦးကိုနီနှင့် ကိုနေဝင်းတို့အတွက် အမှန်တရားအမြန်ဆုံး ထွက်ပေါ်လာဖို့လည်း သက်ဆိုင်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းပါသည်" ဆိုသည့်အတိုင်း အမှန်တရားပေါ်ပေါက်၍ ဥပဒေအတိုင်း မှန်ကန်သောဆုံးဖြတ်မှုများ ဖြစ်ပေါ်ပါစေဟု ဆုမွန်တောင်းလိုက်ရပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စာအုပ်များ လှူဒါန်းပေး

ပွင့်ဖြူ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ယမန်နေ့က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ သုတရသစာအုပ်များ လာရောက်လှူဒါန်းပေးသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် သုတရသ စာအုပ်မျိုးစုံ ၂၆၅ အုပ်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအဖွဲ့ ကိုယ်စား ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ကျောင်းတော်ရာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်ထံ လွှဲပြောင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌ Mr. Hideo Watanabe ၊ ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Haru Suko Endo နှင့် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ Minister of Embassy of Japan, Mr. Toru Maeda နှင့် အဖွဲ့အား ယမန်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့စဉ်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ပိုမိုအဆင်ပြေချောမွေ့သော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဆက်လက်ပုံဖော်တည်ဆောက်သွားရေးနှင့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်တည်ဆောက်သွားရေး၊ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်မီးနှင့် ရေကောင်းမွန်စွာရရှိနိုင်ရေးနှင့် အထူးစီးပွားရေးဇုန်ကို အရှိန်အဟုန်ဖြင့် လုပ်ငန်းဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဖြူကုန်း-ဂဠုံကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းမပေါ်ရှိ တံတားကို ကိုယ့်အားကိုယ်ကိုး ပြုပြင်တည်ဆောက်မည်

မိတ္ထီလာ ဇန်နဝါရီ ၃၀

မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်း-ဂဠုံကုန်းကျေးရွာ အုပ်စုချင်းဆက်လမ်းမပေါ်ရှိ ရှင်ပင်ကူသိမ်အဝင် သစ်သားတံတားကို အာစီကွန်ကရစ်တံတားအဖြစ် ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ကျေးရွာအုပ်စုနှစ်စုအတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ မိတ္ထီလာမြို့နှင့် ဆက်သွယ်သွားလာလျက်ရှိသော ကျောက်ဖြူကုန်း-ဂဠုံကုန်း ကျေးရွာအုပ်စု ချင်းဆက်လမ်းမပေါ်ရှိ ရှင်ပင်ကူသိမ်အဝင် သစ်သားတံတားမှာ အခင်းများ ပျက်စီးနေသဖြင့် ဒေသခံပြည်သူများက စုပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ရန် ရန်ပုံငွေများ ထည့်ဝင်ခဲ့သော်လည်း ကုန်ကျမှုတန်ဖိုးမှာ များနေသည့်အတွက် တာဝန်ရှိသူများကို တင်ပြခဲ့သည်။ အဆိုပါ သစ်သားတံတားကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်နှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် တံတားပြန်လည်ပြုပြင်တည်ဆောက်ရန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့၏ ပံ့ပိုးကူညီမှု၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများ၊ လုပ်အားများဖြင့် အရှည် ၄၅ ပေ၊ အကျယ် ၁၅ ပေရှိ အာစီကွန်ကရစ်အဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားပြန်လည်ပြုပြင်တည်ဆောက်ရေး ဦးဆောင်သူ ဦးထွန်းအောင်ကျော်က ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## သံစုံတေးဂီတ နိုင်ငံတကာရိုးရာအကဖျော်ဖြေပွဲနှင့် စိတ်ဓာတ်ရေးရာပြုပြင်ပြောင်းလဲရေး ဟောပြောပွဲပြုလုပ်

ပုသိမ် ဇန်နဝါရီ ၃၀

ပြည်တွင်းမိတ်သဟာယလူငယ်များအဖွဲ့က ကြီးမှူးပြုလုပ်သော သံစုံတေးဂီတ နိုင်ငံတကာ ရိုးရာအကဖျော်ဖြေပွဲနှင့် စိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲရေးဟောပြောပွဲကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယမန်နေ့ကကျင်းပရာ တောင်ကိုရီးယားနိုင်ငံ နိုင်ငံတကာ စိတ်ဓာတ် ပညာရေးတက္ကသိုလ်ပါမောက္ခ ဒေါက်တာ Gyu Yeun Cho က "နှလုံးသားထဲက လမင်း" ခေါင်းစဉ်ဖြင့် လူငယ်များစိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ပြည်တွင်းလူငယ်များ မိတ်သဟာယအဖွဲ့ လူငယ်များဖြင့်ဖွဲ့စည်းထားသော Azaela Star အဖွဲ့နှင့် Jindallea Choir သံစုံတေးဂီတ အဖွဲ့တို့က တောင်အမေရိကအက၊ အိန္ဒိယအက၊ ကိုရီးယားရိုးရာအကများ၊ သံစုံတီးဝိုင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကပြပေးခဲ့သည်။

အဆိုပါပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိနေ့စဉ် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီခွဲအထိ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာရိုးရာအကများ၊ တေးသီချင်းများ၊ သရုပ်ဖော်အကများ၊ ပြဇာတ်များ၊ ခေတ်ပေါ် သံစုံတီးဝိုင်းနှင့် အိပ်မက်ဆုံရာတေးသံရှင်များကလည်း လာရောက်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း၊ ဖျော်ဖြေပွဲတွင် လာရောက်ကြည့်ရှုသူများက အလှူငွေထည့်ဝင်လှူဒါန်းမှုမှရရှိသော ငွေကြေးများကို လူငယ်ဖွံ့ဖြိုးရေးကဏ္ဍ၊ စစ်ဘေးရှောင်လူငယ်များ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်အခြားသော ပရဟိတလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထွန်းဇော်

## ကမ်းပြိုရာ၌ ပါသွားသည့် လမ်းကို အမြန်ဆုံးပြန်လည်ဖောက်လုပ်ပေးနိုင်ခဲ့

ရေကြည် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နှောကုန်းကျေးရွာအုပ်စု ဒွါးရားစု ကျေးရွာနှင့် ကညင်ငူကျေးရွာအုပ်စု ထန်းပင်ကျိုးကျေးရွာချင်းဆက် အများပြည်သူ သွားလာနေသော စစ်ကိုင်းကွေ့ဟုခေါ်နေသည့် ကမ်းနားလမ်းသည် ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် ကမ်းပြို၍ လမ်းပျက်စီးသွားသည်။


ယနေ့နံနက်ပိုင်းတွင် နှောကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးဇော်နှင့် ဒေသခံများသည် ကားတစ်စီးစာအကျယ်လမ်းကို အမြန်ဆုံးလမ်းဖောက် လုပ်ပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများသွားလာမှုအဆင်ပြေနေကြောင်း တွေ့ရသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါလမ်းသည် ဒွါးရားစုနှင့် ထန်းပင်ကျိုးကျေးရွာ ဆက်သွယ်ထားသော လမ်းဖြစ်ပြီး ယင်းလမ်းကို နှောကုန်းကျေးရွာ၊ ဒွါးရားစုကျေးရွာ၊ ကွင်းလျှားကျေးရွာတို့သွားလာ၍ အသုံးပြုနေသောလမ်းဖြစ်ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)



ဒွါးရားစု-ထန်းပင်ကျိုး ကျေးရွာချင်းဆက်လမ်းကို တွေ့ရစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာ ဘတ်စ် အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာ ဘတ်စ် သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မှန်ကန်စွာပူးပေါင်းကူညီဆောင်ရွက်ပေးရေးဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မှန်ကန်စွာပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြည်တွင်း ပြည်ပမှ မှန်ကန်စွာနားလည်သိမြင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄/ ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**
**ကချင်ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးနေဝင်း ကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅/ ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**
**ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဦးကျော်ကျော်ဝင်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးလဆိုင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ် | စည်ပင်သာယာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးအတွက် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး အတွက် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပ သည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အကောင်အထည်ဖော်မှုတွင် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာန များမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**




**အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး အတွက် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ


**နေပြည်တော် ဇန်နဝါရီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အပြန်အလှန်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ခိုင်မြဲသောဆက်ဆံရေး ရရှိထားသည့် အခြေအနေ၊ ဆက်လက်၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင်ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် စိတ်တူ ကိုယ်တူ ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက် လျက်ရှိရာတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် တပ်မတော်၏ ထုတ်ပြန်ချက်ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများပြုလုပ်နိုင်ရန် လမ်းဖွင့် ဖိတ်ခေါ်ထားသည့်အခြေအနေ၊ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ယဉ်ကျေးမှုဆိုင်ရာများ ဖလှယ်ခြင်းနှင့် အားကစားနှင့် ဆေးဘက်ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Apirat Kongsompong တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ကြာရှည်စွာရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများကို စဉ်ဆက်မပြတ် ပိုမိုတိုးတက်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတစ်လျှောက်တွင် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးနှိမ်နင်းနိုင်ရေးအတွက် သတင်းအချက်အလက်များ ဖလှယ်ရေး၊ လူကုန်ကူးမှုများအားပူးပေါင်းတားဆီးဆောင်ရွက်နိုင်ရေး၊ တပ်မတော်နှစ်ရပ်ကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့အား နေပြည်တော်ရှိ Aureum Place Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် **General Apirat Kongsompong** တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မိတ်ဖက်လေကြောင်းလိုင်းများ၊ မိတ်ဖက်လုပ်ငန်းစုများနှင့် ရင်းနှီးဆက်ဆံမှုမြှင့်တင်ခြင်း တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ မြန်မာနိုင်ငံသို့ ပြည်ဝင်ဗီဇာဖြေလျှော့မှုများ စတင်ခဲ့ပြီးနောက် တိုးတက်လာသည့် ခရီးသည်ပမာဏကို လက်ခံဝန်ဆောင်မှုပေးနိုင်ရန် လေဆိပ်ဝန်ဆောင်မှုများ အဆင့်မြှင့်တင်ထားရှိပြီး နိုင်ငံတကာလေကြောင်းဆက်သွယ်မှုများ တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၎င်း၏ မိတ်ဖက်လေကြောင်းလိုင်းများ၊ လေဆိပ်ရှိ လုပ်ငန်းစုများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 3 ရှိ Mingalar Sky Lounge ၌ ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မိတ်ဖက်လေကြောင်းလိုင်းများ၊ မိတ်ဖက်လုပ်ငန်းရှင်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများအား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသော Yangon Aerodrome Company Limited (YACL) မှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းကူညီဆောင်ရွက်ပေးလျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကို ဂုဏ်ပြုသောအခမ်းအနားဖြစ်ကြောင်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မိတ်ဖက်လေကြောင်းလိုင်းများ၊ မိတ်ဖက်လုပ်ငန်းစုများနှင့် ရင်းနှီးဆက်ဆံမှုမြှင့်တင်ခြင်းဖြစ်ပါကြောင်း YACL တာဝန်ခံအရာရှိတစ်ဦးက ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဗဟိုဘဏ်၏ ညွှန်ကြားချက်အသစ်ကြောင့် ဂျပန်နှင့် တရုတ် ငွေကြေးများအသုံးပြု၍ နယ်စပ်ကုန်သွယ်မှု၊ ခရီးသွားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့တွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၃၀


**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ရက်စွဲဖြင့် ဂျပန် ငွေကြေးယန်းနှင့် တရုတ် ငွေကြေးယွမ်တို့အား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများဆောင်ရွက်နိုင်သည့် ငွေကြေးများအဖြစ် သတ်မှတ်ခွင့်ပြုလိုက်ကြောင်း ညွှန်ကြားချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။ ယင်းညွှန်ကြားချက်တွင် နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ၊ နယ်စပ်ကုန်သွယ်ရေးတွင် ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း Authorized Dealer-AD လိုင်စင်ရဘဏ်များတွင် ဂျပန် ယန်းနှင့် တရုတ် ယွမ်တို့အား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း ဖော်ပြထားသည်။**

"အားလုံးအတွက် အဆင်ပြေနိုင်တဲ့ ညွှန်ကြားချက် တစ်ရပ်မို့ ကြိုဆိုပါတယ်။ ကျွန်တော်တို့မှာ ကုန်သွယ်ရေးဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံတဲ့အခါဖြစ်ဖြစ် အမေရိကန်ဒေါ်လာကိုသာ အားကိုးအသုံးပြုနေရတဲ့ အချိန် အခုလို ဂျပန်နဲ့ တရုတ်ငွေကြေးတွေကို အသုံးပြုနိုင်မယ်ဆိုရင် အများကြီး အထောက်အကူ ဖြစ်လာစေမယ်။ ဒါတင်မကသေးဘူး။ ရွှေ့ပြောင်းအလုပ်သမားတွေ ပြည်ပကနေ ဝင်ရောက်လာမယ့် မိသားစုလွှဲပို့ငွေလို ကိစ္စရပ်တွေမှာလည်း နောက်ပိုင်းမှာ အများကြီး အဆင်ပြေပြေနဲ့ ငွေကြေးကိစ္စရပ်တွေ ဆောင်ရွက်သွားနိုင်မယ်" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးစိန်မောင်က ပြောသည်။

နယ်စပ်ကုန်သွယ်ရေးအား မှီခို အားထားနေရသည့် လုပ်ငန်းရှင်များသည် ငွေကြေးသတ်မှတ်ချက်ကြောင့် အခြားနိုင်ငံများတွင် ဘဏ်စာရင်းများ ဖွင့်လှစ်ထားရှိရခြင်း၊ အကြောင်းကြောင်းကြောင့် ဘဏ်စာရင်းများ အချိန်မီ မလွှဲပြောင်းနိုင်ခြင်းများကို ကြုံတွေ့နေကြရသည်။ ထို့ပြင် ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း ယခင်ကထက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။


အဆိုပါညွှန်ကြားချက် အတွင်း ယန်းနှင့် ယွမ် ငွေကြေးနှစ်မျိုးအား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်ရန်အတွက် AD လိုင်စင်ရဘဏ်များ အချင်းချင်း အပြန်အလှန် စာရင်းဖွင့်လှစ်ခြင်းနှင့် စာရင်းရှင်းလင်းပေးခြင်းတို့မှအပ လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် တရားဝင်အဖွဲ့အစည်းများအတွက် ငွေစာရင်းဖွင့်လှစ် ဆောင်ရွက်ခြင်းမပြုရန် ညွှန်ကြားသည်ဟူ၍ ပါရှိသည်။

**ခင်ရတနာ**





တရုတ်ငွေကြေး





ဂျပန်ငွေကြေး

# မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော်    ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရန် အိမ်အခြေပြုမှိုစိုက်ပျိုးရေးစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးဖော်ဆောင်ရေးနှင့် ကာကွယ်ပေးနိုင်သောဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်၍ မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးမှုသည် ပိုမိုပီပြင်ကာ မျှော်မှန်းထားသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် လူမှုသဟဇာတဖြစ်ရေး၊ ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့နှင့်ဆက်စပ်နေပါကြောင်း။

**ကနဦးပံ့ပိုးမှုလုပ်ငန်းကို စတင်ဆောင်ရွက်**

မသန်စွမ်းသူများနှင့်စပ်လျဉ်း၍ စွမ်းနိုင်သမျှစွမ်းအောင် ကြိုးစားဆောင်ရွက်ရန်နှင့် ထောက်ပံ့ရန်လိုအပ်ပါကြောင်း၊ ငွေကြေးပံ့ပိုးထောက်ပံ့ပေးရုံသာမက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့တွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များလေ့ကျင့်ပေးနိုင်ခြင်းသည် အလွန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနမှ မသန်စွမ်းသူများနှင့်စပ်လျဉ်း၍ ကူညီပံ့ပိုးပေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးထောက်ပံ့မှုဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မသန်စွမ်းသူများ၏ အမည်စာရင်းကောက်ယူပြီး ကနဦးပံ့ပိုးမှုလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်မှုများအပြင် ပြင်ပအဖွဲ့အစည်းများ၏ ပါဝင်မှုသည်အရေးကြီးပါကြောင်း၊ ရွှေမင်းသားဖောင်ဒေးရှင်းအနေဖြင့် မသန်စွမ်းသူများအတွက် အဘက်ဘက်မှ နည်းလမ်းပေါင်းစုံဖြင့် ပိုမိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း၏ မှိုလုပ်ငန်းစီမံချက်ဆောင်ရွက်ခြင်းသည် နည်းပညာဖြင့် ဆောင်ရွက်မှုဖြစ်ပြီး မသန်စွမ်းသူများအတွက် ထိရောက်သောအလုပ်အကိုင် ဖန်တီးပေးမှုဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

**မသန်စွမ်းသူများ၏ ရပ်တည်မှု**

မသန်စွမ်းသူများအတွက် မှိုစိုက်ပျိုးရေးသင်တန်းကို နိုင်ငံတော်အစိုးရ၊ APCD ဖောင်ဒေးရှင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ယခုအချိန်ထိ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခမ်းအနားသည် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် စံနမူနာဖြစ်ပြီး မသန်စွမ်းသူများ၏ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အစိုးရ၏ဆောင်ရွက်မှုများအတွက် အင်အားတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အိမ်အခြေပြု မှိုစိုက်ပျိုးရေးစီမံချက်သည် မသန်စွမ်းသူများအနေဖြင့် ဝင်ငွေတိုးစေမည့် အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်သည်။ သင်တန်းမှတစ်ဆင့် တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်အိမ်တွင်းမှိုစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်သွားရန် တစ်နှစ်စီမံချက်ဖြစ်၍ မသန်စွမ်းသူများနှင့် မသန်စွမ်းမိသားစုဝင် ၁၃၂ ဦးခန့်နှင့် စီမံကိန်းနယ်မြေအတွင်းရှိ မှိုစိုက်ပျိုးသူရှစ်ဦးခန့်တို့ကို တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပြီး မသန်စွမ်းမိသားစုဝင် ၇၀၀ ခန့်ကိုလည်း သွယ်ဝိုက်၍ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာမည်**

အဆိုပါစီမံချက်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ရေကြည်၊ ခနေ့ဖြူနှင့် ဟသ်ာတမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း၏ မျှော်မှန်းရလဒ်များဖြစ်သည့် မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာအသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုများတွင် မသန်စွမ်းသူများ၏ ထုတ်လုပ်စွမ်းအားရှိသောလူသားအရင်းအမြစ်များအဖြစ် အသိအမှတ်ပြုလာစေခြင်း၊ မသန်စွမ်းသူများ၏ ကိုယ်ပိုင်ယုံကြည်မှု၊ ကိုယ်ပိုင်ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကိုလေးစားမှုတိုးမြှင့်လာစေခြင်း၊ အစိုးရဝန်ကြီးဌာနများနှင့် မသန်စွမ်းအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၃၀

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ (၁/၂၀၁၉) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကော်မတီများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ UEHRD စီမံကိန်းသည် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းအဖွဲ့များ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

UEHRD သည် နိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားများ၊ ပြည်ပရောက်နိုင်ငံသားများ၏ စုပေါင်းအား၊ မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ပုံငွေများ ထပ်မံရရှိရေးကို ဆက်လက်ကြိုးစား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ UEHRD ၏ ရန်ပုံငွေသုံးစွဲမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာစစ်ဆေးမှုအဖွဲ့တစ်ဖွဲ့ကို ငှားရမ်းစစ်ဆေးမည်ဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း၊ UEHRD ၏ လုပ်ငန်းစဉ်များပေါ်တွင် အားလုံးက ရှင်းရှင်းလင်းလင်း သိမြင်သဘောပေါက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အလေးထားသင့်သည့်အချက်များ၊ အတွင်းရေးမှူးဒုတိယဝန်ကြီး ဦးစိုးအောင်က UEHRD ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက မြေပြင်အခြေအနေများကို ရှင်းလင်းတင်ပြပြီး UEHRD အကြံပေးအဖွဲ့ဝင် ဦးတိုးအောင်၊ သတင်းနှင့်ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ (၁/၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

---

## တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**
"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ပိတ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ယနေ့ ညနေ ၄ နာရီက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း နာယက ဒေါက်တာ အောင်ထွန်းသက်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင် နာယက နိုင်သက်လွင်က ဂုဏ်ပြုလက်မှတ်များပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူသည်။



"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်တွင် လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အာကာစိုး



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ပိတ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များထံ ဂုဏ်ပြုလက်မှတ်များ အသီးသီး ပေးအပ်ပြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တအာင်း (ပလောင်)၊ ပအိုဝ်း၊ ဓနုကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ပွဲတော် ကျင်းပရေးကော်မတီနှင့်ကူညီပံ့ပိုးသည့်လုပ်ငန်းရှင်များထံ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကာ ဂီတအနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး ပိတ်ပွဲ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# လန်ချန်း - မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ လက်မှုအနုပညာ အမှတ်တရပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် အနုပညာဖျော်ဖြေပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**
မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသော လန်ချန်း-မဲခေါင်ဒေသတွင်းရှိ အနုပညာရှင် လူငယ်များတွေ့ဆုံပွဲတွင် နိုင်ငံအလိုက်လက်မှု အနုပညာ အမှတ်တရပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် အနုပညာဖျော်ဖြေတင်ဆက်မှုများကို ယနေ့တွင် မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာ၌ ကျင်းပသည်။

အဆိုပါ ဒေသတွင်း ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင်လူငယ်များအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံအလိုက် လက်မှု အနုပညာအမှတ်တရ ပစ္စည်းများအား ခင်းကျင်းပြသခဲ့ကြပြီး အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ဖွင့်လှစ်ရောင်းချသည့် မြန်မာ့လက်မှုပညာရပ်ဖြင့် ပြုလုပ်ထားသော အမှတ်တရပစ္စည်းများအား လေ့လာကြည့်ရှု၍ ဝယ်ယူအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံအလိုက် ရိုးရာတေးသီချင်းများဖြင့် သီဆိုတီးခတ်ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လန်ချန်း - မဲခေါင်ဒေသတွင်း အနုပညာရှင် လူငယ်များ တွေ့ဆုံပွဲ အမှတ်တရစပ်ဆိုရေးဖွဲ့ထားသည့်သီချင်းဖြင့် စုပေါင်းသီဆိုခဲ့ကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက နိုင်ငံခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များအား အမှတ်တရပန်းစည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် လက်မှုအနုပညာ အမှတ်တရပစ္စည်းများ ခင်းကျင်းပြသမှုတွင် ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး အတွက် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်းတို့ ပူးပေါင်း၍ ပန်း ၁၀ မျိုးဆိုင်ရာ လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်ကိုလည်းဖွင့်လှစ်၍ ပါဝင်ပြသပေးခဲ့သည်။

အဆိုပါ လက်မှုအနုပညာအမှတ်တရပစ္စည်း ခင်းကျင်းပြသခြင်းနှင့် အနုပညာဖျော်ဖြေပွဲများနှင့် ပတ်သက်၍ လာအိုနိုင်ငံ လူငယ်အနုပညာရှင်အဖွဲ့ခေါင်းဆောင် Mr. Saveng Seng Aphay က "ဒီနေ့ပြုလုပ်တဲ့ အစီအစဉ်မှာ ကျွန်တော်တို့နိုင်ငံကို ကိုယ်စားပြုတဲ့ ပန်းရယ်၊ ရိုးရာအဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းနဲ့ တူရိယာပစ္စည်းတွေကို ခင်းကျင်းပြသထားပါတယ်။ ဖျော်ဖြေမှုအနေနဲ့ကတော့ ရိုးရာဂီတနဲ့ လာအိုနိုင်ငံရဲ့ အရေးပါတဲ့ အကတွေနဲ့ တင်ဆက်ခဲ့ပါတယ်။ ဒီဒေသတွင်း ခြောက်နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် ယဉ်ကျေးမှုအနေနဲ့လည်း အလွန်နီးစပ်ပါတယ်။ ဒီပြပွဲကနေ နိုင်ငံအလိုက် ရိုးရာလက်မှုထုတ်ကုန်တွေကို ပိုမိုသိရှိခဲ့ရပါတယ်။ အလွန် လှပသာယာတဲ့ မန္တလေးမြို့ကြီးကို လာရောက်ခွင့်ရတဲ့အတွက်လည်း ကျေနပ်ဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

ပညာရှင်လူငယ်များအဖွဲ့သည် ညနေပိုင်းတွင် ရေယာဉ်ဖြင့် မင်းကွန်း ပုထိုးတော်ကြီးသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပြီး စစ်ကိုင်းတောင်ဝန်းကျင်ရှိ သဘာဝရှုခင်း အလှအပများအား ရေယာဉ်ပေါ်မှ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**



လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အနုပညာရှင် လူငယ်များတွေ့ဆုံပွဲတွင် နိုင်ငံအလိုက်ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ မော်တော်ယာဉ်နှင့်မော်တော်ယာဉ် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

## မော်တော်ယာဉ်နှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**
တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများသို့ မော်တော်ယာဉ်နှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ (၈၁) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်နှင့်မော်တော်ယာဉ် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ရာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်၊ ကယားပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်လေး၊ ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဌေးနောင်၊ ပဲခူးတိုင်းဒေသကြီးတပ်ဖွဲ့မှူး ဒေါက်တာနေမျိုး၊ မွန်ပြည်နယ်တပ်ဖွဲ့မှူး ဦးကျော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်လှကြင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှအေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆိုင်ပူးနှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်တို့က လက်ခံခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ရှေးဦးပြုစုခြင်း အခြေခံအသက်ကယ်အထောက်အကူပြုပစ္စည်းများကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းထံမှ သိရသည်။ **မွှေးကြူဇင်**

## အသက်မွေးဝမ်းကျောင်း အဆင့်မြင့်အပ်ချုပ်စက် သင်တန်းဆင်းပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၃၀**
နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာအုပ်စု ရွှေစုကျေးရွာတွင် အဆင့်မြင့် အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါ ကျေးရွာရှိ စိုက်ပျိုး စီးပွားအသိပညာပေးစင်တာ (KC) တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒု ဦးစီးမှူး ဦးသက်မြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်အေးသူဇာလှက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ခဲ့သည်။ **တင်စိုးလွင်(မြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မယ်စဲ့မြို့ သောက်သုံးရေရရှိရေးအတွက် မယ်စဲ့ချောင်းမှ လျှပ်စစ်ရေတင်စနစ်ဖြင့် တင်ယူသန့်စင်ပြီး လုံလောက်စွာ ပေးဝေလျက်ရှိ

အစည်းအဝေးတွင် မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၏ **မယ်စဲ့မြို့ပေါ်၌ ရေစုကန်နှင့် မယ်စဲ့ကျေးရွာအုပ်စု ဟိုစဲ့ကျေးရွာတွင် တည်ရှိသော ဟိုစဲ့မြို့သစ်ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မယ်စဲ့မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မယ်စဲ့ရေထွက်မှ ရေကို ရေစုကန်အတွင်း မဝင်ရောက်စေတော့ဘဲ ကန်၏အထက်ဘက် ရေထွက်မှနေ၍ ရေပိုက်ဖြင့် တိုက်ရိုက်သွယ်တန်းခြင်းဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းအပါအဝင် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် ပညာရေးဝန်ထမ်းအိမ်ရာအချို့ကို သောက်သုံးရေ ပေးဝေလျက်ရှိကြောင်းကို သိရှိရပါကြောင်း၊ လက်ရှိ မယ်စဲ့မြို့သောက်သုံးရေရရှိရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မယ်စဲ့ချောင်းမှရေကို လျှပ်စစ် ရေတင်စနစ်ဖြင့် တင်ယူသန့်စင်ပြီး လုံလောက်စွာ ပေးဝေလျက်ရှိပါကြောင်း။

ကန်အတွင်းသို့ဝင်ရောက်နိုင်သည့် ရေအရင်းအမြစ်နည်းပါးမှု အခြေအနေရ လည်းကောင်း၊ ကုန်းရေဝပ်ဧရိယာ အောက်ခံမြေအား ရေလုံအောင်ဆောင်ရွက်ရန်မှာ ကုန်ကျစရိတ် လွန်စွာများပြားနိုင်သောကြောင့် လည်းကောင်း၊ လက်ရှိအခြေအနေအရ လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သောက်သုံးရေကို လုံလောက်စွာ ပေးဝေနိုင်လျက်ရှိသောကြောင့် လည်းကောင်း၊ လက်ရှိအနေအထားအတိုင်းသာ ထိန်းသိမ်းဆောင်ရွက်သွားသင့်ပါကြောင်း။

## ရေဝင်ရောက်နိုင်သည့် အခြေအနေမရှိပါသဖြင့် ဟိုစဲ့ရေလှောင်ဆည်အား ရေအစဉ်အမြဲနေစေရန် ပြုပြင်ရန်သင့်လျော်မှုမရှိ

ဟိုစဲ့ရေလှောင်ဆည်အား အစဉ်အမြဲ ရေနေစေရန် ပြုပြင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ အကုန်ကျခံဆောင်ရွက်ပေးလိုသော်လည်း ဒေသ၏ ရေမြေသဘာဝ အနေအထားအရ ရေလှောင်ဆည်အတွင်းသို့ မိုးရာသီမှသာ စီးဝင်ရေရှိပြီး ကျန်ကာလများတွင် စီးဝင်ရေမရှိသည့်အတွက် လက်တွေ့တွင် လိုလားသည့်အတိုင်း ရေဝင်ရောက်နိုင်သည့် အခြေအနေမရှိပါသဖြင့် ဟိုစဲ့ရေလှောင်ဆည်အား ရေအစဉ်အမြဲနေစေရန် ပြုပြင်ရန် သင့်လျော်မှုမရှိပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းပြောကြားသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ် ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီ စိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန်ခက်ခဲလျက်ရှိသော လယ်ယာမြေများ နှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် စိမ့်နုတ်မြောင်းတူးဖော်၍ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလှကျော်က ကနီမြို့နယ် ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတော့ စိမ့်ကွင်းများရှိ စိုက်ပျိုးရန်ခက်ခဲလျက်ရှိသော စိမ့်မြေများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နိုင်ရေးကိုသာ ဆောင်ရွက်လျက်ရှိပြီး စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ် ပေးနိုင်ခြင်းမရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းပြောကြားသည်။

## ကြံခင်းမြို့နယ် ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော တံတားရှစ်စင်းအား ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ဆောင်ရွက်ပေးသွားမည်

ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်၏ **ကြံခင်းမြို့နယ် ကွန်ချောင်း တူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော တံတားရှစ်စင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင်ထိန်းသိမ်းပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြောင်းကူးတံတားရှစ်ခု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ပထမဦးစားပေးအနေဖြင့် လျာထားသတ်မှတ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသာမန်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား သည်။

ဆက်လက်၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ကော်မတီဝင် ဦးမြစိန်က အိမ်ခြံမြေ ဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ယင်းနောက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းသည့် **လယ်ယာစိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက တန်ဖိုးမြင့်ထုတ်ကုန်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပို့ကုန်အမျိုးမျိုးထုတ်လုပ်ရေး အခန်းကဏ္ဍအောက်တွင် နိုင်ငံ၏ ဆန်စပါးအရည်အသွေး အလုံးစုံမြှင့်တင်ရေးအတွက် စက်ရုံလုပ်ငန်းအသေးများအား နည်းပညာဖြန့်ဝေပေးရန်၊ စာချုပ်ဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် အဖြေရှာ သည့် သင်တန်းကျောင်းများ ဖွင့်လှစ်ရန်၊ ကျေးလက်အဆင့်တွင် အခြောက်ခံစက်များ၊ ဂိုဒေါင်များတည်ထောင်နိုင်ရေး အထောက်အကူပေးရန်၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် ဆီထွက်သီးနှံများအတွက် ရွေးချယ်ထားသည့် ဈေးကွက်များသို့ ကုန်သွယ်မှုညှိနှိုင်းရေး ခရီးစဉ်များ ပိုမိုဆောင်ရွက်ရန်နှင့် တံဆိပ်ကောင်းတစ်ခုတည်ဆောက်ရန်၊ မြန်မာ ပဲအမျိုးမျိုး၊ နှမ်းနှင့် ဆီထွက်သီးနှံများအသင်းအား မတူကွဲပြားသော ပါဝင်သူများအား ကိုယ်စားပြုနိုင်ရန်အတွက် ယင်းတို့၏ ပြဋ္ဌာန်းချက်များကို ချဲ့ထွင်ရန်၊ အထွက်နှုန်းနှင့် အရည်အသွေးမြှင့် မျိုးစိတ်အသစ်များ ဖော်ထုတ်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး ကို တိုးမြှင့်ရန်လိုအပ်ပါကြောင်း။

မြန်မာ့ပြောင်းအသင်း၏ ရေရှည်စီမံကိန်းနှင့် ကိုက်ညီမှုရှိပြီး ပို့ကုန်အတွက် လိုအပ်သည့် ပံ့ပိုးသည့်အရာများတွင် ရင်းနှီးမြှုပ်နှံရန်၊ ပို့ကုန်အမျိုးမျိုး ချဲ့ထွင်ခြင်းနှင့် ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွမ်းရည်မြှင့်တင်ရန်၊ ပို့ကုန်အတွက် မဟာဗျူဟာမြောက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဖော်ထုတ်ရန်၊ အမျိုးသား အဆင့် မျိုးစေ့အသင်းဖန်တီးရန်၊ လက်ကားကဏ္ဍကို ကိုယ်စားပြုသည့် အသင်းတစ်ခု ဖန်တီးရန်၊ ကုန်စည်ပြပွဲများတွင်ပါဝင်ရန်၊ နိုင်ငံတကာဈေးကွက်များတွင် အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ရန်အတွက် ငါးလုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၏ တံဆိပ်ကောင်း ရရှိမှုကို တည်ဆောက်ရန်၊ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အားသာစေသည့် ဥပဒေအသစ်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ရန်၊ ဝက်၊ အမဲ၊ ဆိတ် စသည့် အသားများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ယှဉ်ပြိုင် ထုတ်လုပ်နိုင်ရန်အတွက် စည်ပင်သာယာရေးကော်မတီများက ကျင့်သုံးနေသော သားသတ်လိုင်စင်လေလံစနစ်ကို ဖျက်သိမ်းရန် စသည်တို့ကိုဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းအဆိုအား အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော် မင်းလှိုင်၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ တိုက်ကြီး မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးတင်အောင်၊ ကျိုက်လက်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်းနှင့် ဖျာပုံ မဲဆန္ဒနယ်မှ ဦးဝင်းထွဋ်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ကို ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးတိုးတက်မှုပုံစံရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် လေ့လာဆန်းစစ်ပြီး ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အတွက် နှစ်လတ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်လတ်စီမံကိန်းတွင် မဏ္ဍိုင် ၅ ရပ်ပါဝင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပို့ကုန်အမယ်စုံ တင်ပို့ရေးသည် အဓိကကဏ္ဍတစ်ရပ် ပါဝင်ပါကြောင်း။

## တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့နိုင်မှုတို့အတွက် ပြည်ပလုပ်ငန်းရှင်များကိုလည်း အားပေးဆောင်ရွက်လျက်ရှိ

နိုင်ငံ၏ အဓိကထွက်ကုန်သည် တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့နိုင်မှုတို့ အတွက် ပြည်ပလုပ်ငန်းရှင်များကိုလည်း အားပေးဆောင်ရွက်လျက်ရှိရာ ငွေကြေး အရင်းအနှီးနှင့် နည်းပညာရရှိရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ယင်းဝန်ကြီးဌာနသည် နိုင်ငံတကာတွင် တာဝန်ပေးထားသည့် စီးပွားရေးသံမှူးများ မှတစ်ဆင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း များမှ ထုတ်လုပ်သည့် ပြည်ပပို့ကုန်အဖြစ် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်း များကိုလည်း ကုန်သွယ်မှုဗဟိုဌာနမှတစ်ဆင့် လေ့လာစိစစ်ပြီး စီးပွားရေးသံမှူးများ၊ ကုန်သွယ်ရေးအရာရှိများထံ ပေးပို့ပြီး ပြည်ပဈေးကွက်ဖော်ဆောင်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဈေးကွက်ရရှိရေး၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသပြီး ဈေးကွက် ထိုးဖောက်ရေးနည်းလမ်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အဆိုရှင်တင်ပြထားသည်နှင့်ပတ်သက်၍ ကဏ္ဍများချိတ်ဆက်ပေါင်းစပ် ပါဝင်ဆောင်ရွက်သကဲ့သို့ အကောင်အထည်ဖော်မှုအပိုင်းတွင်လည်း အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက် ရာတွင် မိမိတို့နိုင်ငံအနေဖြင့် ရှိရင်းစွဲ နည်းပညာ၊ ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ် များကို အခြေခံပြီး ဆောင်ရွက်နေသည့်အလျောက် ယင်းအခြေခံများ ပိုမိုတိုးတက်ပြည့်စုံ လာသည်နှင့်အမျှ အဆိုပါလုပ်ငန်းစဉ်တစ်ရပ်သည် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနမှ ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ဖြစ်လာစေရန် ပြည်တွင်း၌သာ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ပြီး နိုင်ငံတကာကို ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု များ၊ ချေးငွေများ အထောက်အပံ့ရရှိမှု၊ နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားအရင်း အမြစ်၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခေတ်မီအခြေခံအဆောက်အအုံများ တိုးမြှင့် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်လျက်ရှိသေးသည့် အခြေအနေဖြစ်သောကြောင့် ယခုလို အခြေအနေမျိုးတွင် ယခုအဆိုသည် မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ဆဲ လုပ်ငန်းရပ်ကို အားဖြည့်ထောက်ကူမှုပြုနေသည့်အတွက် အဆိုအား အတည်ပြုပေး နိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင် က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမ နေ့ကို ဇန်နဝါရီ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုသည်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

## ကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များ၌ ကျေးရွာနေအိမ်များတွင် တည်းခိုခွင့်အား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်သွားနိုင်မည်

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၏ **ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအို-မချမ်းဘော-နောင်မွန်း-ပန်နန်းဒင်-ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့်ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ မရှိနှင့် ၎င်းကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များတွင် ဟိုတယ်၊ တည်းခိုခန်းများ မရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့် (Home Stay) အား အထူးကိစ္စရပ်အနေဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအို - မချမ်းဘော-နောင်မွန်း-ပန်နန်းဒင်-ခေါင်လန်ဖူးမြို့နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့်ပိတ်ပင်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းပါက ကချင်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်များ၊ ခရီးလှည့်လည်ရေးကုမ္ပဏီများနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် ကန့်ကွက်ရန် မရှိပါသော်လည်း ခရီးစဉ်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအခြေအနေအပေါ် မူတည်၍သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း ဆောင်ရွက်သင့်ပါကြောင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ ဝေးလံခေါင်ဖျားသည့် တောင်တက်ခရီးစဉ်များ၌ ဟိုတယ်၊ တည်းခိုခန်းများ မရှိသည့် ကျေးရွာများ၌ နေအိမ်များတွင် တည်းခိုခွင့် (Home Stay) အား အထူးကိစ္စရပ်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးနိုင်ခြင်းမရှိဘဲ ပြည်နယ်ဝန်ကြီးချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုနိုင်နင်းစွာဆောင်ရွက်နိုင်ရန် သံတောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့အတွက် ဘားအံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦးအား ထုတ်နုတ်၍ အင်အားဖြည့်မည်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး၏ **ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်လျက်ရှိသည့် ရုံးများ၊ အချုပ်ခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် ဖွဲ့စည်းပုံပြည့်ဝစေရန်၊ ဝန်ထမ်းဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြို့မရဲစခန်းရုံးမှာ ဟောင်းနွမ်းပျက်စီးလျက်ရှိသဖြင့် အကြီးစားပြန်လည်ပြုပြင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေတွင်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ထပ် တစ်လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနေအိမ် တစ်ထပ် တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ် တစ်လုံးနှင့် သံတောင်နယ်မြေရဲစခန်းတွင် ခြောက်ခန်းတွဲ နှစ်ထပ် တစ်လုံးတို့အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် သံတောင်ကြီးမြို့နယ်သည် မူခင်းဖြစ်ပွားမှုနည်းပါးသော်လည်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုနိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ဘားအံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦးအား ထုတ်နုတ်၍ မြို့မရဲစခန်းသို့ အင်အားဖြည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်မြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု (၁၉)အုပ်စု၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် သဲနုကုန်းကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူက သဲနုကုန်း ရဲကင်းစခန်း အပိုင်နယ်မြေသည် လေးမျက်နှာမြို့မရဲစခန်းနှင့် အလှမ်းကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မှုခင်းဖြစ်ပွားမှုအခြေအနေ အသင့်အတင့်ရှိခြင်း၊ လူဦးရေအသင့်အတင့်ရှိခြင်း၊ ကျေးရွာအုပ်စု ၁၉ အုပ်စုရှိခြင်းတို့ကြောင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရဲကင်းစခန်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟတို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဖြေကြားခဲ့သည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက ဥပဒေကြမ်းတွင် ပါဝင်သည့် အခန်း(၁) အပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ည)တွင် သင်တန်းကျောင်းဆိုသည်မှာ ဤဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် (သို့မဟုတ်) ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသည့် စကားရပ်အစား ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုလိုသည်ဟူ၍ ပြင်ဆင်လိုပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၇) အပိုဒ် ၂၃ နှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်က အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်မှု အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့် အတိုင်းဖြစ်စေရမည် ဆိုသည့်အတိုင်းပင် ထားလိုပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းထားသည်ကို အတည်ပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်က အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အတွင်းမွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့မှတ်ပုံတင်ခွင့်ရှိသည် ဆိုသည့် စကားရပ်အစား နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် မွေးဖွားခြင်းကို ဥပဒေနှင့်အညီ အခမဲ့မှတ်ပုံတင်ခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)တွင် ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည်ဆိုသည့် စကားရပ်အစား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်လိုပါကြောင်း။

အဆိုပြု ပြဋ္ဌာန်းချက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဃ)တွင် ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်းမရှိသည့် ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့် မွေးစာရင်း သက်သေခံလက်မှတ်ပူးတွဲ၍ ဖြစ်စေ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှု မှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်ဆိုသည့် စကားရပ်အစား ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်း မရှိသည့် ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ဖြစ်စေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့် မွေးစာရင်းသက်သေခံလက်မှတ် ပူးတွဲ၍ဖြစ်စေ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှု မှတ်ပုံတင်ရမည်။ ထိုကလေး မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်လိုပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ပါ ပုဒ်မ ၂၂တွင် မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည် ဆိုသည့် စကားရပ်အစား ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဖြိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်အိအိပြုံးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဌေးဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်း၊ မိုးနဲမဲဆန္ဒနယ်၏ မိတ်ဆွေ လေးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)၏ မိတ်ဆွေ ခုနစ်ဦး၊ မုံရွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းမင်းအေး ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း ၁၄၈ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်သူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဌေ ဦးဆောင်သည့် ကြီးကြပ်အုပ်ချုပ်သူများအပါအဝင် နယ်စပ်ဒေသမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေးအဖွဲ့ ၁၈၇ ဦးတို့သည်လည်း လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၅၃၃၃ ဦးနှင့် ပြည်ပဧည့်သည် ၂၀၂၁ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ် လေးခုမှ ကျောင်းသား ငါးဦးအား ဖူဂျီကူရကုမ္ပဏီမှ ပညာသင်ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဂျပန်နိုင်ငံ Fujikura Ltd မှ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ် လေးခုမှ ကျောင်းသား ကျောင်းသူတို့အား Fujikura Scholarship ထောက်ပံ့ကြေး ပေးအပ်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) Assembly Hall တွင် ကျောင်းသား ငါးဦးကိုလည်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(ကြို့ကုန်း)မှ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းနှင့် Fujikura Company တာဝန်ရှိသူ Mr.Takashi Takizawa က အမှာစကားပြောကြားသည်။

ယင်းနောက် ဖူဂျီကူရ မြန်မာရုံးခွဲမှ Mr. Mabuchi က ကုမ္ပဏီ၏ ဆောင်ရွက်နေမှုအပိုင်းကို ရှင်းလင်းပြောကြားပြီး ပညာသင်ထောက်ပံ့မှုရရှိသော ကျောင်းသား တစ်ဦးနှင့် ကျောင်းသူ လေးဦးတို့အား တစ်ဦးလျှင် ဒေါ်လာ တစ်ထောင်စီကို ဖူဂျီကူရကုမ္ပဏီမှ တာဝန်ရှိသူ Mr. Teiji Suzuki က ပေးအပ်သည်။

Fujikura Company အနေဖြင့် မြန်မာနိုင်ငံရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ငါးဦး၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ငါးဦး၊ မန္တလေးနည်းပညာတက္ကသိုလ်မှ ငါးဦးတို့ကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

**သန်းထိုက်**

# (၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

ယမန်နေ့မှအဆက်

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ (၂၅)ပါးအဆက်**

၁၉။ ပလ္လင်အမှတ် (၈၂) အရှင်နန္ဒကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၈၈) အရှင်သောမသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၉၂) အရှင်လာဘသာဓိလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၉၅) အရှင်ထာဝရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၉၆) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၉၇) အရှင်အာလောက၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၀၁) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂဓရ (၄၄)ပါး**

၁။ ပလ္လင်အမှတ် (၁၀၇) အရှင်ပညာသိရီ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၁၀) အရှင်သြဘာသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇနိယ၊ အသက် (၃၀) နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၁၁၅) အရှင်အာစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၁၁၆) အရှင်ပညာသာမိ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၁၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၉) နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၂၁) အရှင်အာစာရ၊ အသက်(၃၀) နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၂၇) အရှင်ဉာဏဓဇ(ခင်ဦး)၊ အသက်(၂၈) နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၁၂၈) အရှင်ဝိသုတ၊ အသက်(၂၇) နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၂၉) အရှင်တိလောက(မြင်းမူ)၊ အသက်(၂၉) နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၁၃၁) အရှင်အာဒိစ္စ(မြို့သစ်)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၁၃၃) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၁၃၅) အရှင်တေဇနိယ(ကျောက်တန်း)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၃၇) အရှင်အစ္ဆရိယာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကဓမ္မနာဒ ကျောင်းတိုက်၊ မင်းကွန်းရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၃၈) အရှင်သောဘိတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၃၉) အရှင်ပညာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၄၀) အရှင်ဣန္ဒကာလင်္ကာရ(နတ်မောက်)၊ အသက်(၂၆) နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၄၂) အရှင်ဓမ္မောသဓာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တောရကျောင်း၊ သူငယ်တော်ရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၄၄) အရှင်ဣန္ဒာစာရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၁၄၅) အရှင်ကဝိန္ဒာစာရာလင်္ကာရ၊ အသက်(၃၅) နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၁၄၆) အရှင်တေဇနိယ(ဗန်းမောက်)၊ အသက်(၃၄) နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၁၄၇) အရှင်ပညာဇောတ၊ အသက်(၃၂) နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၅၅) အရှင်ရာဇိန္ဒ၊ အသက်(၃၂) နှစ်၊ သိက္ခာ(၁၀)ဝါ မဟာဝတ္ထုကံကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၅၇) အရှင်သောဘန(တောင်သာ)၊ အသက်(၂၉) နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၅၉) အရှင်နန္ဒောဘာသ၊ အသက်(၂၈) နှစ်၊ သိက္ခာ(၈)ဝါ သာသနာ့ လင်းရောင်ကြည် ပရိယတ္တိစာသင်ကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၆၆) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၆) နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၇၂) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၂၅) နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၇၄) အရှင်စန္ဒောဘာသ(ရွှေဘို)၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၈၁) အရှင်ကုသလာလင်္ကာရ၊ အသက်(၂၃) နှစ်၊ သိက္ခာ(၃) ဝါ သာမဏေကျော် စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၈၂) အရှင်ဥက္ကံသာလင်္ကာရ၊ အသက်(၂၂) နှစ်၊ သိက္ခာ(၁) ဝါ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၈၅) အရှင်ရေဝတ၊ အသက်(၃၅) နှစ်၊ သိက္ခာ(၁၅)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၁၈၇) အရှင်အာဒိစ္စ(မြိုင်)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ် (၁၉၀) အရှင်သုဇာတ၊ အသက်(၃၁) နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ် (၁၉၇) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၂၉) နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၁၉၉) အရှင်ကဝိစာရ၊ အသက်(၂၉) နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၂၀၆) အရှင်သုမနာလင်္ကာရ၊ အသက်(၂၆) နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ် (၂၀၇) အရှင်ဝိမလ၊ အသက်(၂၅) နှစ်၊ သိက္ခာ(၆)ဝါ ပိဋကသုံးပုံ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ် (၂၀၉) အရှင်ကာရုည၊ အသက်(၂၆) နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ် (၂၁၃) အရှင်ရာဇဗလ၊ အသက်(၂၇) နှစ်၊ သိက္ခာ(၆)ဝါ ညောင်ရမ်း ပါဠိတက္ကသိုလ်၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ် (၂၁၄) အရှင်ကောဝိဒ၊ အသက်(၂၆) နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကာ လင်္ကာရသာမဏေကျော်စာသင်တိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ် (၂၁၅) အရှင်တေဇာနန္ဒ၊ အသက်(၂၇) နှစ်၊ သိက္ခာ(၅)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ် (၂၁၆) အရှင်သဥ္ဇီဝ၊ အသက်(၂၇) နှစ်၊ သိက္ခာ(၅)ဝါ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၄၃။ ပလ္လင်အမှတ် (၂၁၇) အရှင်ခေမာနန္ဒ၊ အသက်(၂၅) နှစ်၊ သိက္ခာ(၅)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ် (၂၁၈) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၅) နှစ်၊ သိက္ခာ(၄)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

## ရှေးဟောင်းသမိုင်းဝင် သီပေါပေါ်ကြို ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ပေါ်ကြိုကျေးရွာရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမုဋ္ဌော စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဘုရားကြီးမြောက်ဘက်မုခ် ရင်ပြင်တော်၌ ကျင်းပသည်။

ယခုနှစ် ပေါ်ကြိုဘုရားပွဲတော်ကို ရှေးရိုးရာအစဉ်အလာအတိုင်း တပေါင်းလဆန်း ၈ ရက်တွင် သီပေါမြို့နယ် တုံစင့်ဒေဝါနန်းမှ ကိုးမြို့ရှင်ဘိုးဘိုးကြီး(စဝ်ပူ၊ စဝ်နိုင်း)အား ပေါ်ကြိုဘုရားပွဲတော် ဝင်ရန် ပင့်ဆောင်ခြင်း၊ တပေါင်းလဆန်း ၁၀ ရက်တွင် ဘုရားပွဲတော်ဖွင့်ပွဲကျင်းပခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာဆွမ်းတော်ကြီး ကပ်လှူခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်း စသည့် အစီအစဉ်များဖြင့် ကျင်းပရန် ဘုရားကြီးဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ မုခ်လေးမုခ်၌ သီတင်းသုံးကိန်းဝပ်စံပယ်တော်မူသော ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာစျာန်အောင် ရှေးဟောင်းဘုရားရုပ်ပွားတော်လေးဆူကို ရွှေသင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီးမှ လုပ်ငန်းရှင်များတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းလုပ်ကိုင်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများ ဖြေလျှော့ပေးနိုင်ရေး၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်နှင့် JICA တို့မှ ထုတ်ချေးပေးလျက်ရှိသော ချေးငွေများရရှိရေး၊ ပြည်ပသို့ ကုန်ကြမ်းများတင်ပို့ခြင်းအစား ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လိုအပ်သည့် အသေးစား၊ အလတ်စားစက်ရုံများ တည်ဆောက်ရေး၊ ရေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဘဏ်ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ရမှုများနှင့်စပ်လျဉ်း၍ ကင်းမွန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး၊ SME အသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး၊ ခရီးသွားလုပ်ငန်း အသင်းနာယက၊ ဥယျာဉ်ခြံမြေလုပ်ငန်းရှင်အသင်းနှင့် ရော်ဘာနှင့် အခြားစိုက်ပျိုးသီးနှံအသင်းတို့မှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများကို ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဘဏ်ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ရမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



# ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Miodrag Nikolin နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုအလုံး ၆၇၈၈၀ ပေးအပ်လှူဒါန်း

**စစ်တွေ ဇန်နဝါရီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများမှ ပြည်သူများအတွက်လှူဒါန်းသော ရေဒီယိုများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ရေဒီယိုအလုံး ၆၇၈၈၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က လက်ခံသည်။ **(အပေါ်ယာပုံ)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရေဒီယိုထုတ်လွှင့်မှုကို နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ မြန်မာအပိုင်းနှင့် အင်္ဂလိပ်အပိုင်းအစီအစဉ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး ရခိုင်ဘာသာစကား အပါအဝင် တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာ့ရုပ်မြင်အသံကြားမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် လိုင်ပေါင်း ၁၈ လိုင်းခန့် ထုတ်လွှင့်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည့် ထပ်ဆင့်လွှင့် စက်ရုံ ၁၇ ရုံ ရှိကြောင်း သိရသည်။ ရခိုင်ဘာသာအစီအစဉ်ဖြင့် ထုတ်လွှင့်နေသည့် တိုင်းရင်းသားဘာသာ ရုပ်သံလိုင်းမှလည်း ရခိုင်ပြည်နယ်၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်လွှင့်ပေးလျက်ရှိသည်။

**သတင်း-မျိုးမြင့်၊ မောင်စိန်လွင်**
**ဓာတ်ပုံ- မင်းထက်**

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦး၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပလျက်ရှိသည်။

အစည်းအဝေး ဒုတိယနေ့(ယနေ့) နံနက် ၁၀ နာရီခွဲတွင် လွတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များသည် သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များနှင့်လည်းကောင်း ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။ **သတင်းစဉ်**



လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန်မြို့ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဦး ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အောဘီစီရဲရိပ်သာ တပ်ဖွဲ့ဝင်မိသားစုများနှင့် ပုဇွန်တောင်မြို့နယ် ညောင်တန်းဆိပ်ကမ်း ရေယာဉ်လုပ်သားများအား လူသတ်မှုနှင့် သက်ငယ်မုဒိမ်းမှုများမဖြစ်ပေါ်စေရေး မှုခင်းအသိပညာပေး ဆောင်ရွက်စဉ်။

မိုးမခ



## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့၌ ၀ ဒသမ ၇၅ လက်မ၊ မော်လိုက်မြို့၌ ၀ ဒသမ ၅၉ လက်မ၊ မြစ်ကြီးနားမြို့၌ ၀ ဒသမ ၄၇ လက်မ၊ မိုးညှင်းမြို့နှင့် ပင်လည်ဘူးမြို့တို့၌ ၀ ဒသမ ၃၅ လက်မစီ၊ ကသာမြို့၌ ၀ ဒသမ ၂၈ လက်မနှင့် မိုးကောင်းမြို့၌ ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**
**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။
(စ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။
(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(ဇ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အဆင့်ရှိသော အရာရှိကို ဆိုသည်။
(ဈ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။
(ည) **စက်မှုဒီဇိုင်း** ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ အထည်အလိပ်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကို ဆိုသည်။
(ဋ) **ထုတ်ကုန်** ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်။
(ဌ) **စက်မှုဒီဇိုင်းပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(ဍ) **ဖန်တီးသူ ဆိုသည်မှာ** စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကိုဆိုသည်။
(ဎ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(ဏ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲ အုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှ ရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။
(တ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။
(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။
(ဒ) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့် တရားရုံးကို သော်လည်းကောင်း ဆိုသည်။
(ဓ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၉ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။
(န) **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၀ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊
(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊
(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝသာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်၊
(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

**အခန်း (၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -
(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-
(၁) ဒုတိယသမ္မတ — ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်
(၄) အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်
(၅) လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ — အဖွဲ့ဝင်
(၆) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်
(၇) နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ — အတွင်းရေးမှူး
(၈) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊
(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊
(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊
(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊
(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊
(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**
**အေဂျင်စီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

၆။ ဗဟိုကော်မတီသည် -
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-
(၁) ဗဟိုကော်မတီ၏ အတွင်းရေးမှူး — ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှအေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်
(၃) ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ — အဖွဲ့ဝင်
(၄) ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်
(၅) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
(၆) ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ — တွဲဖက်အတွင်းရေးမှူးများ
(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(ခ) စက်မှုဒီဇိုင်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီကချမှတ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဂ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊
(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(င) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(စ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊
(ဆ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊
(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ည) စက်မှုဒီဇိုင်း မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊
(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊
(ဌ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊
(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**
**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၉။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊
(ခ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊
(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း (ရန်ကုန်ရုံးခွဲ) က ဦးစီးကျင်းပသည့် ဒုတိယအကြိမ်မြောက် တွေ့ဆုံချိတ်ဆက်ကမ်းလင့်လက် Beyond YAU ပွဲကို ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာဥယျာဉ် ပုလဲကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အစီအစဉ်များကို ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် မြေဆီလွှာကျန်းမာရေး (Soil Health)နှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကို လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အတန်းပေါင်းစုံပါဝင်သော ဂိမ်းကစားခြင်းများ၊ သီချင်းဆိုခြင်း၊ နိုင်ငံတကာပညာသင်ဆုအကြောင်းကို ဆုရရှိပြီး သူများမှ ပြန်လည်မျှဝေခြင်း၊ ကဗျာရွတ်ဆိုခြင်း စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ၁၉၈၃ ခုနှစ် ကျောင်းဆင်းများက မုန့်ဟင်းခါး စတုဒိသာဖြင့် လည်းကောင်း၊ Genius ကော်ဖီမှ ကော်ဖီဖြင့်လည်းကောင်း ဧည့်ခံသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၅၁၆၃၅၈၂ / ၀၉-၇၉၈၂၃၀၂၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် (Workshop on Heritage Sites Management in Lancang - Mekong Countries) အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ပုဂံမြို့ရှိ Bagan Hotel-River View ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**မွေးကြူဇင်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့သည် အဲဗာတန်အသင်းမှ အသက် (၂၉ နှစ်)အရွယ် ဆီနီဂေါကွင်းလယ်ကစားသမား ဂွီရီကို ခေါ်ယူရေးတွင် ပါဝင် လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော် အဲဗာတန် အသင်းသည် ပီအက်စ်ဂျီအသင်းက ဂွီရီအတွက် နောက်ထပ်ကမ်းလှမ်းမှု တစ်ရပ်ကို စောင့်မျှော်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- ဒေ့ါမွန်နှင့် ဂျူဗင်တပ်စ်အသင်းတို့သည် ချယ်လ်ဆီးခံစစ်ကစားသမား ခရစ္စတန်ဆန်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ ချယ်လ်ဆီးအသင်းက အသက် (၂၂ နှစ်)အရွယ် အဆိုပါ ကစားသမားအတွက် အငှားပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းလိုချင်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- အဲဗာတန်အသင်းသည် တိုက်စစ်ကစားသမား လွတ်ခ်မန်းအား အေစီမီလန် အသင်း၏ ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်သော်လည်း အေစီမီလန် အသင်းက အဆိုပါ (၂၁ နှစ်)အရွယ် ကစားသမားအား ပြန်လည်ကမ်းလှမ်း လာနိုင်ဖွယ်ရှိကြောင်း မေးလ်တွင် ဖော်ပြထားသည်။
- ဆောက်သမ်ပ်တန်အသင်းသည် အိုလံပီယာကော့စ်အသင်းမှ နော်ဝေ ခံစစ် ကစားသမား အယ်လာဒဲလ်လာအိုယူအီ (၂၇နှစ်) နှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- ဘင်ဖီကာ ဆယ်ကျော်သက်တောင်ပံကစားသမား ဒီဂျူ (၁၉နှစ်) သည် ဝက်စ်ဟမ်းအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ဂျာမန် ကလပ် ဖရန့်ဖတ်အသင်းတွင် အငှားကစားလျက်ရှိနေသော အသက် (၂၁ နှစ်) အရွယ် တိုက်စစ်ကစားသမား လူကာဂျိုဗစ်အား ပြင်သစ်တိုက်စစ် ကစားသမား ဘင်ဇီမာ၏ နေရာကို ရေရှည်အစားထိုးရန်အတွက် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။
- နယူးကာဆယ်အသင်းသည် ဘင်ဖီကာအသင်းမှ ကွင်းလယ်ကစားသမား ဆာမာရစ် (၂၉နှစ်) အား ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ခရမ်းမြို့နယ်ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖလား ရပ်ကွက် ကျေးရွာပေါင်းစုံ အသက် (၂၃ နှစ်)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအောင်တို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်၍ ပထမနေ့ပွဲစဉ် ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲတွင် ရပ်ကွက်ကျေးရွာ အသင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ်လ အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဍာန်အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၃)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၃)တွင် "လယ်ယာစိုက်ပျိုးရေး အခြေပြုနိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၊ သီးနှံအရည်အသွေး ကျဆင်းစေသောအချက်များ ဖယ်ရှားရန် နည်းလမ်းများ၊ ကျွဲကောသီးချဉ်ပြီး အသားကြပ်နေရင် ဒီလိုလုပ်ပါ" စသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ "ဆိတ်မွေးမြူရေး လုပ်ငန်းနှင့် ရရှိနိုင်သော အကျိုးအမြတ်များ၊ ပိုမိုကောင်းမွန်သော နွားမျိုးများရရှိစေရန် မျိုးမြှင့်ရေး နည်းလမ်းများ၊ မြိတ်တွင် နို့စားနွားမွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်၊ စားကျက်မြေနှင့် အစာစိုက်ခင်းမြေနေရာများ လိုအပ်လျက်ရှိ" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ "လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လမ်း၊ ရေသွယ်မြောင်း၊ ရေထိန်းတံခါးများ ဖောက်လုပ်ရာတွင် တောင်သူလယ်သမားများ၏ ပရဟိတစိတ်၊ ညီညွတ်ရေးစိတ် အရေးကြီး" ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသား စောချစ်၏ "ဒုတိယအရွယ်" အခန်းဆက် ဝတ္ထုရှည်၊ "မုဆိုးတစ်ဆယ့်နှစ်ယောက်" ပုံပြင်၊ "ပြည်ထောင်စုနေ့ အတွေး၊ ယနေ့ကမ္ဘာနှင့် စားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှု များ၊ အချိန်ကိုသုံးတတ်လျှင် တော်လည်းတော်နိုင်ပါတယ် ပျော်လည်းပျော်နိုင်ပါတယ်" စသည့် သုတရသဆောင်းပါးများ၊ "အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ပေး၊ ကောင်းကျိုးဆိုးကျိုး ဒွန်တွဲနေသည့် အညာဒေသက ကန္တာရပင်၊ ကမ္ဘာတစ်ခွင် အနာကြီးရောဂါ ပျောက်ကင်းစေချင်၊ သွေးတိုး ရောဂါအကြောင်း သိကောင်းစရာ" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများအဖြစ် "ကြက်သွန်နီ စိုက်ပျိုးချိန် အလုပ်အကိုင်ရရှိခြင်းကြောင့် နေ့စားအလုပ်သမားများ ဝင်ငွေရရှိ၊ တောင်သူများ သီးနှံအထွက်နှုန်း ကောင်းမွန်ရေး သီးနှံကာကွယ်ရေး နည်းပညာပေး သင်တန်းဖွင့်လှစ်ပို့ချ၊ မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်၊ ပွင့်ဖြူမြို့တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျွဲတံခါးကျေးရွာအား လည်ပတ်ရန်ပုံငွေ သိန်း ၃၀၀ ထုတ်ချေး" စသည်တို့အပြင် ဒို့ကျေးရွာ ပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့်ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသ စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## မန်ယူတို့ နိုင်ပွဲရပ်တန့်ခဲ့ပြီး မန်စီးတီး ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၂၄)

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၂၄)ကို ဇန်နဝါရီ ၃၀ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် ဘန်လေပွဲတွင် တစ်ဖက် နှစ်ဂိုးစီသရေကျခဲ့ပြီး မန်စီးတီး အသင်းသည် အဝေးကွင်း၌ နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သည်။

မန်ယူနှင့် ဘန်လေပွဲကို အိုးထရပ်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့ရာ မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဘန်လေအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၁မိနစ်တွင် ဘားနက်စ်က ဘန်လေအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၈၁မိနစ်တွင် တိုက်စစ်မှူး ခရစ္စဝုဒ်က ဘန်လေအတွက် ဒုတိယဂိုးကို ခေါင်းတိုက်သွင်းယူသည်။ ပွဲချိန် ၈၇မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီကန်ခွင့်ရကာ ပေါ့ဘာက သွင်းယူပေးသည်။ မန်ယူအတွက် ဒုတိယမြောက် ချေပဂိုးကို မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင် လင်ဒီလော့ဖ်က သွင်းယူသည်။ မန်ယူအသင်းသည် နောက်မှ ချေပဂိုးများလိုက်သွင်းခဲ့ရသော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပွဲပြီးချိန်တွင် တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ရာ နည်းပြဆိုးရှား၏ နိုင်ပွဲဆက်မှုများ ရပ်တန့်ခဲ့ရသည်။

နယူးကာဆယ်နှင့် မန်စီးတီးပွဲတွင် တိုက်စစ်မှူးအဂူရိုက ပွဲစပြီး တစ်မိနစ်တွင် မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၆၆မိနစ်တွင် ရွန်ဒန်က နယူးကာဆယ်အတွက် ချေပဂိုးသွင်းယူပေးသည်။ ပွဲချိန် မိနစ် ၈၀တွင် နယူးကာဆယ် အသင်း ပယ်နယ်တီကန်ခွင့်ရကာ ရစ်ချီက အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီးအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးကို ဖိအားပေးနေသည့် မန်စီးတီးအသင်းသည် ယနေ့ပွဲ ရလဒ်ကြောင့် လေးပွဲမြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် အခြားပွဲစဉ် ရလဒ်များအနေဖြင့် အာဆင်နယ်က ကာဒစ်ဖ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖူလ်ဟမ်က ဘရိုက်တန်ကို လေးဂိုး-နှစ်ဂိုး၊ အဲဗာတန်က ဟက်ဒါဖီးလ်ကို တစ်ဂိုး-ဂိုးမရှိနှင့် ဝုလ်က ဝက်စ်ဟမ်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင် ရသည်။

**သီဟ**

## ရောဝတီအသင်းနည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၁၉ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရောဝတီယူနိုက်တက် အသင်းသည် နည်းပြချုပ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဦးမျိုးလှိုင်ဝင်း ကို ပြောင်းလဲခန့်အပ်သည်။

**ပြောင်းလဲတာဝန်ပေး**

ဦးမျိုးလှိုင်ဝင်းသည် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက ရောဝတီအသင်းအား စတင်ကိုင်တွယ်ခဲ့ပြီး ပထမဆုံးပွဲအဖြစ် ဖေဖော်ဝါရီ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ဒဂုံအသင်းနှင့် MNL ပွဲစဉ် (၄) တွင် စတင်ကြီးကြပ်ရမည်ဖြစ်သည်။ ရောဝတီအသင်းတာဝန်ရှိသူများသည် ယခင်နည်းပြချုပ်ဖြစ်သူ ဦးအောင်ခိုင်ကိုမူ လက်ထောက်နည်းပြအဖြစ် ပြောင်းလဲတာဝန်ပေးသွားမည်ဖြစ်သည်။ ရောဝတီအသင်းသည် MNL အမှတ်ပေး ပြိုင်ပွဲတွင် သုံးပွဲကစား ငါးမှတ်ရထားသော်လည်း Chinland အသင်းနှင့် သရေကျသည့်ပွဲအပြီးတွင် နည်းပြ အပြောင်းအလဲ ပြုလုပ်ခြင်းဖြစ်သည်။ ဦးမျိုးလှိုင်ဝင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးပြီး မြန်မာ ယူ-၁၉ အမျိုးသားအသင်းကိုလည်း နှစ်ကြိမ်တိုင် ကိုင်တွယ်ခဲ့သူဖြစ်သည်။

**စွမ်းဆောင် ပေးနိုင်**

၂၀၁၈ ခုနှစ်က နောက်ဆုံး ကိုင်တွယ်ရာတွင် မြန်မာ ယူ-၁၉ အသင်းအား အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၌ ဒုတိယ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဦးမျိုးလှိုင်ဝင်းကို မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ်ကုန်အထိ စာချုပ်ချုပ်ဆိုထားသော်လည်း စာချုပ်ဖျက်သိမ်းပြီး ရောဝတီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

**အောင်မြင်မှုရရန် ဆောင်ရွက်**

ရောဝတီအသင်းသည် ယခုရာသီကြို အပြောင်းအရွှေ့ ကာလတွင် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များစွာ အားဖြည့်ထားပြီး တစ်ကျော့ပြန် အောင်မြင်မှုရရန် ဆောင်ရွက်လျက်ရှိသည်။

**ညီမြတ်သော်တာ**

●*ကျော့ဖုံးမှ*

၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမားအများစု ပါဝင်လာမည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားမည်ဖြစ်ပြီး မတ် ၄ ရက်တွင် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲတွင် နောက်ဆုံးနှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲ မအောင်ထားသောကြောင့် လာမည့်နှစ်တွင် ခြေစစ်ပွဲအောင်မြင်ရန် ပစ်မှတ်ထား လျက်ရှိသည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုကို ရန်ကုန်မြို့၌ ကျင်းပမည် ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းမှာမူ အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် ကစားသမားများပွဲ အတွေ့အကြုံ ရစေရန် MFF Youth အသင်းအမည်ဖြင့် MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

❄*ကျော့ဖုံးမှ*

အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ပွဲအစတွင် ယူ-၁၆ အသင်း ကစားကွက်တည်မရသေးဘဲ ၁၀ မိနစ်တွင် လင်းမြင့်မိုရ်က ယူ-၁၉ အသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ၂၇ မိနစ်တွင် မြတ်နိုးခင်က ယူ-၁၆ အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ယူ-၁၉ အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် မိနစ် ၃၀ တွင် နွယ်နီဝင်းနှင့် ၃၆ မိနစ်တွင် မိုးမိုးသန်းတို့က ဂိုးများထပ်မံသွင်းယူသောကြောင့် ပထမပိုင်းအပြီးတွင် ယူ-၁၉ အသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ယူ-၁၆ အသင်းက တိုက်စစ်အားမြင့်လာရာ ပိုဖိကစားနိုင်ခဲ့ပြီး ၄၆ မိနစ်တွင် ဝင်းဝင်းက ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ယူ-၁၉ အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၇၄ မိနစ်တွင် မိုးမိုးသန်း၊ ၈၅ မိနစ်တွင် နွယ်နီဝင်း (ပယ်နယ်တီ) တို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၂ ရက်တွင် ခြေစမ်းပွဲထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ငါးရက်အတွင်း  တရားမဝင်သစ်ခိုးထုတ်သူ ၂၄ ဦး ဖမ်းဆီးရမိ

**နေပြည်တော်  ဇန်နဝါရီ  ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ခိုးထုတ်နေမှုကို နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများ ပူးပေါင်းပါဝင်သည့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်အတွင်း တရားမဝင်သစ်ခိုးထုတ်သူ ၂၄ ဦးကို ဖမ်းဆီးရမိသည်။



သိမ်းဆည်းရမိသည့် သစ်များကို တွေ့ရစဉ်။

အဆိုပါ တရားမဝင်သစ်ခိုးထုတ်သူများနှင့်အတူ ယာဉ်၊ ယန္တရား ၂၉ စီး၊ ကျွန်း ၄၃၉ ဒသမ ၄၁၆၄ တန်၊ သစ်မာ ၁၃၄ ဒသမ ၅၇၆၀ တန်နှင့် အခြားသား ၃၁၇ ဒသမ ၂၀၈၆တန် စုစုပေါင်း သစ်လုံး၊ ခွဲသားတန် ၈၉၁ ဒသမ ၂၀၁၀ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မျိုးသူဟိန်း**

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၁-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - “ဗမာတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ”
၁၁း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “တရုတ်မလေးကို ချစ်တယ်”
၁၁း၃၅ - ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲက ဘဝ “လဲလှယ်ခွင့်”
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ “စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ” (အပိုင်း-၁၃) “ယစ်သခင်ကြီး” (ပထမပိုင်း)

**ညပိုင်း**

၁၆း၃၅ - Soccer View
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ” (အပိုင်း-၁၄) “ယစ်သခင်ကြီး” (ဒုတိယပိုင်း) (ထိုက်တန်လင်း၊ သတ္တိ၊ ဆုမြတ်နိုးဦး၊ သဲနော်ဇာ) (ဒါရိုက်တာ-ဟိန်းဇော်)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း) လူကြမ်းသရုပ်ဆောင်မြမောင်
- “သွေးချင်းတို့ဆုံဆည်းရာ” (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှဝန်ထမ်းများ) (ဒါရိုက်တာ-သင်းသင်းဆွေ)

# ဖားကန့်မြို့နယ်၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ရေမဆေးကျောက်ရှာဖွေသူများ ပဋိပက္ခဖြစ်

**ဖားကန့်  ဇန်နဝါရီ  ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီး၌ ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များနှင့် ရေမဆေးကျောက်ရှာဖွေသူများ ပဋိပက္ခဖြစ်ပွား၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီခန့်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီးရှိ နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်တူးဖော်ရေးလုပ်ကွက်ဖြစ်သည့် မြစ်ဆုံရော (လင်းလက်ကြယ်)ကုမ္ပဏီ၌ ရေမဆေးကျောက်ရှာဖွေသူများက ကန့်သတ်ချိန်အတွင်းဝင်ရောက်၍ ကျောက်ရှာဖွေမှုကြောင့် လုံခြုံရေးတာဝန်ယူထားသည့် ရဲတပ်ဖွဲ့ဝင်များကတားဆီးရာမှ ပဋိပက္ခဖြစ်ပွားသည်။

ထိုသို့ ပဋိပက္ခဖြစ်စဉ် ရေမဆေးကျောက်ရှာဖွေသူ ၂၀၀ ကျော်က ရဲတပ်ဖွဲ့ဝင်များ အသုံးပြုသည့် မော်တော်ယာဉ်ကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦး ကိုင်ဆောင်သည့် သေနတ်ကို လုယက်ခြင်းများကြောင့် နှောင့်ယှက်မှုကို ဟန့်တားသည့်အနေဖြင့် ကျောက်ကမ်းပါးယံကို သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ရာမှ ရေမဆေးကျောက်ရှာဖွေသူ တန့်ဆည်မြို့နယ် ခေါင်းဆုံကျေးရွာ ယုဇနရပ်ကွက်နေ အောင်သူ(၂၅နှစ်)၏ ယာဘက်ပေါင်သို့ ကျောက်စများ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့၍ လုံးခင်းတိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဘားအံမြို့တွင် ပြည်ပအလုပ်အကိုင်အမှုလေးမှုဖြင့် အလိုရှိနေသည့် အမျိုးသမီးတရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**ဘားအံ  ဇန်နဝါရီ  ၃၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက ပြည်ပအလုပ်အကိုင်အမှုလေးမှုဖြင့် အလိုရှိနေသည့် တရားခံပြေး အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိသည်။

ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်က ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့မရဲစခန်းနှင့် မြစ်ကျိုးနယ်မြေရဲစခန်းတို့က စုစုပေါင်း ပြည်ပအလုပ်အကိုင် အမှုလေးမှုဖြင့် အလိုရှိနေသော တရားခံပြေး ဝါဝါလွင် (၃၆နှစ်) သိမ်တော်ကြီးကုန်းလမ်း ဇွဲကပင်ကုန်း အမှတ်(၉)ရပ်ကွက် ဘားအံမြို့နေသူမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရမိခဲ့သည်။ မဝါဝါလွင်ကို ပြည်ပအလုပ်အကိုင် အမှုလေးမှုဖြင့် သက်ဆိုင်ရာရဲစခန်းများက ဆက်လက်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



တရားခံပြေးအဖြစ် ဖမ်းဆီးရမိသူ ဝါဝါလွင်

# ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများက တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇန်နဝါရီ  ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ပြီး ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၀ စီး၊ သွင်းကုန် ၇၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ကြမ်းခင်းကျောက်ပြား (600 × 600 mm) အထုပ် ၂၀၀၊ စိုက်ပျိုးရေးသုံးပိုးသတ်ဆေးအထုပ် ၂၀နှင့် မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၆ သန်းတန်ဖိုးရှိ Royal Birds Nest (100 ml) (480 Pcs) စုစုပေါင်းသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၉၂ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ ဓာတ်အားခွဲရုံကြေးကြိုးများ ခိုးယူသူများအား ဖမ်းဆီးရမိ

**သာစည်  ဇန်နဝါရီ  ၃၀**

ဓာတ်အားခွဲရုံကြေးကြိုးများ ခိုးယူသူလေးဦးကို မိတ္ထီလာခရိုင် သာစည်မြို့မရဲတပ်ဖွဲ့က ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သာစည်မြို့မရဲစခန်းက သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၁ နာရီခွဲခန့်က သာစည်မြို့ အမှတ်(၁) ရပ်ကွက် ဓာတ်အားခွဲရုံမှူး ဦးညီညီလွင် (၅၁နှစ်) သည် နေအိမ်လိုင်းခန်းတွင် ရှိနေစဉ် စတိုခန်းတာဝန်ခံ ဦးသိန်းလွင်က ခွဲရုံဝင်းအတွင်း အနောက်ဘက် ခြံစည်းရိုးကပ်လျက်တွင်ရှိသော စတိုဝန်းကျင်၌ လူသံကြားရကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် ဦးညီညီလွင်သည် စတိုတာဝန်ခံ ဦးသိန်းလွင်၊ လုံခြုံရေး တာဝန်ကျသူများနှင့်အတူ သွားရောက်စစ်ဆေးရာ စတိုခန်းမြောက်ဘက် ခြံစည်းရိုးမှ အမည်မသိလူနှစ်ဦး ထွက်ပြေးသွားပြီး စတိုခြံစည်းရိုးအစပ်တွင် သာစည်မြို့အမှတ်(၁) မင်းရန်နိုင်ရပ်ကွက်နေ ကိုဇင်(ခ)ကိုသန့်ဇင်(၂၀နှစ်) ကို 2C×4 mm Control Cable ကြေးကြိုးအရှည်ပေ ၆၀ နှင့်အတူ တွေ့ရှိရသဖြင့် ဓာတ်အားခွဲရုံပိုင် ကြေးကြိုးများ ခိုးယူသူ ကိုဇင်(ခ)ကိုသန့်ဇင်ကို အရေးယူပေးပါရန် ဦးညီညီလွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ဖမ်းဆီးရမိသူ ကိုဇင်ကို စစ်ဆေးပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနှင့်တစ်ရပ်ကွက်တည်းနေ စည်သူ(၁၉နှစ်)၊ ကိုဦး (၂၁နှစ်)နှင့် တိုးကြီး(ခ)ကိုတိုး ပေါင်းလေးဦးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ပဲခူး၊ မကွေး၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်တို့မှ သစ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇန်နဝါရီ  ၃၀**

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်အထိ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ပြလာသော ပဲခူး၊ မကွေး၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်တို့မှ ဖမ်းဆီးရမိသော ပြည်ထောင်စုစာရင်းချုပ်မှာ ကျွန်း ၈၄ ဒသမ ၈၂၀၇ တန်၊ သစ်မာ ၁၀ ဒသမ ၀၆၆၀ တန်၊ အခြားသား ၁၃ ဒသမ ၇၄၅၂ တန်၊ စုစုပေါင်း ၁၀၈ ဒသမ ၆၃၁၉ တန်ကို ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ်အတွင်း ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော်  ဇန်နဝါရီ  ၃၀**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဘိန်းစိုက်ခင်းများအား ဖျက်ဆီးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ကောင်တယမ်ကျေးရွာ၏ အရှေ့ဘက် ငါးဖာလုံခန့်အကွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ကန့်ချုပ်ဒိုင်ကျေးရွာ၌ ဘိန်းစိုက်ခင်း ခုနစ်ဧက၊ တန့်ယန်းမြို့နယ်၊ မိုင်းကောင်နှင့် ပန်ယကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၁၆ ဒသမ ၅ ဧကနှင့် တွန်းဇံမြို့နယ် ဘွာလ်တွေ့ာင်ကျေးရွာ၌ ဘိန်းစိုက်ခင်း သုံးဧကတို့ကို ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကော့ကရိတ်မြို့နယ်၌ လူသတ်မှုဖြစ်

**ကော့ဘိန်း  ဇန်နဝါရီ  ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ် ကော့ဘိန်းကျေးရွာအုပ်စု ကော့မိကျေးရွာတွင် ဇန်နဝါရီ ၂၈ ရက် ည ၁၀ နာရီခန့်က သမက်ဖြစ်သူက ယောက္ခမဖြစ်သူကို ဓားဖြင့် ခုတ်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် ည ၁၀ နာရီခန့် ကော့မိကျေးရွာ၌ နေထိုင်သော ဒေါ်မိမွန် (၄၅ နှစ်)နှင့် ခင်ပွန်းဖြစ်သူ မင်းကျော်ခဲ (၄၆ နှစ်)တို့ စကားအချေအတင်ပြောရာမှ ခင်ပွန်းဖြစ်သူက အနီးရှိ ပုဆိန်နှင့် ခုတ်သဖြင့် ဒေါ်မိမွန်တွင် ဒဏ်ရာရရှိပြီး သတိလစ်သွားခဲ့သည်။ ယင်းနောက် မင်းကျော်ခဲက အိပ်နေသော ယောက္ခမဖြစ်သူ ဒေါ်ဝ (၆၅ နှစ်)ကိုလည်း ဓားဖြင့်ခုတ်ကာ ထွက်ပြေးတိမ်းရှောင်သွား၍ နယ်မြေလူထုအကူအညီဖြင့် ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ပြီး ကော့ဘိန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်၊ မင်းမွန်လှထွန်း(ကော့ဘိန်း)**

# မင်းလှမြို့၌ အထောက်အထားမဲ့ဝင်ရောက်လာသူ ငါးဦးဖမ်းမိ

**မင်းလှ  ဇန်နဝါရီ  ၃၀**

မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထင်အောင်လင်း၏ ကြီးကြပ်မှုဖြင့် ရေနံမနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးမင်းထွန်းနှင့် ပူးပေါင်းအဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မင်းလှမြို့နယ် မြောက်မျှားကုန်းကျေးရွာ အနောက်ဘက်တစ်မိုင်ခန့်အကွာ ဝါးတောထဲ၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ အမိဟူဆွင်(ခ)လှကျော်ပါ အမျိုးသားငါးဦးတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။ အဆိုပါဖမ်းဆီးရမိသူ အမျိုးသားငါးဦးကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဒဂုံဆိပ်ကမ်းမြို့နယ်တွင် နေအိမ်အတွင်း ဝင်ရောက်ခိုးသူအား  ဖမ်းဆီးရမိ

**ရန်ကုန်  ဇန်နဝါရီ  ၃၀**

ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဇန်နဝါရီ ၂၁ ရက် ည ၉ နာရီခွဲခန့်က ဧည့်ခန်းထိုင်ခုံတွင် အိပ်ငိုက်နေစဉ် လူတစ်ဦးသည် တံခါးပေါက်မှ ထွက်ပြေးသွားသည်ကို တွေ့လိုက်သဖြင့် နေအိမ်အတွင်း စစ်ဆေးကြည့်ရှုရာ စုစုပေါင်းငွေကျပ် ၆၉၆၈၀၀၀ တန်ဖိုးခန့် ပျောက်ဆုံးသွားသဖြင့် အရေးယူပေးပါရန် ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးမှ ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာနှင့် ပတ်ဝန်းကျင်တို့ကို အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး အခင်းနေရာတွင် ကျန်ရှိခဲ့သော စက်ဘီး၊ ဦးထုပ်၊ အင်္ကျီ၊ ဖိနပ်တို့နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ဒဂုံတောင်မြို့နယ် လယ်သမားလမ်းနေ ကျော်ကျော်ဦး (၁၉ နှစ်) ဖြစ်ကြောင်း စုံစမ်းသိရှိသဖြင့် ဇန်နဝါရီ ၂၄ ရက်က ကျော်ကျော်ဦးကို တိုက်ကြီးမြို့နယ် လောက်လေးချောင်းကျေးရွာအုပ်စု သထုံစုကျေးရွာနေ ၎င်း၏ အစ်မဝမ်းကွဲတော်စပ်သူ ဒေါ်မော်လီထွန်းနေအိမ်တွင် ဖမ်းဆီးရမိပြီး ပြစ်မှုနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ ၎င်းသည် အဆိုပါပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး ၎င်းထံမှ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်၏ ပိုင်ဆိုင်မှုများကို နိုင်ငံတော်တရားရုံးချုပ်က ထိန်းချုပ်

**ကာရာကက် ဇန်နဝါရီ ၃၀**

ဗင်နီဇွဲလားနိုင်ငံ နိုင်ငံတော်တရားရုံးချုပ်သည် မကြာသေးမီက ကြားဖြတ်သမ္မတအဖြစ် မိမိကိုယ်ကိုကြေညာထားသည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုင်ဒိုအား နိုင်ငံတော်မှ ထွက်ခွာခွင့်ကို ပိတ်ပင်လိုက်ပြီး ငွေကြေးပိုင်ဆိုင်မှုများအား ထိန်းချုပ်လိုက်သည်။

**အမိန့်ထွက်ပေါ်လာခဲ့**

ရှေ့နေချုပ် တာရက်ဝီလီယံဆက်ဘ်က ဂျူအန်ဂွိုင်ဒိုအား ကြိုတင်ကာကွယ်သည့်အနေဖြင့် အရေးယူမှုများပြုလုပ်ရန် တရားရုံးချုပ်ထံတောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံ နိုင်ငံတော်တရားရုံးချုပ်၏ အမိန့်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရှေ့နေချုပ်သည် ဂျူအန်ဂွိုင်ဒို အားနိုင်ငံမှ ထွက်ခွာခွင့်၊ ပိုင်ဆိုင်မှုများအား ပေါင်နှံရောင်းချခြင်းနှင့် ဘဏ်အကောင့်များကို ပိတ်ပင်ထိန်းချုပ်ခြင်းများအပါအဝင် ကြိုတင်ကာကွယ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ဗင်နီဇွဲလားနိုင်ငံ နိုင်ငံတော်တရားရုံးချုပ်ထံ တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကနဦးစုံစမ်းစစ်ဆေးမှုများပြုလုပ်**

ရှေ့နေချုပ်က နိုင်ငံအတွင်း ဇန်နဝါရီ ၂၂ ရက်က စတင်ဖြစ်ပွားသော ပဋိပက္ခများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဂျူအန်ဂွိုင်ဒိုကို ကနဦးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း ဇန်ဘွန်ဂါမြို့ရှိ လမ်းတစ်နေရာတွင် ဖိလစ်ပိုင်တပ်ဖွဲ့များ လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘာသာရေးအဆောက်အအုံ ဗုံးခွဲတိုက်ခိုက်မှု နှစ်ဦးသေဆုံး

**မနီလာ ဇန်နဝါရီ ၃၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇန်ဘွန်ဂါမြို့ရှိ ဘာသာရေးအဆောက်အအုံတစ်လုံးတွင် ဇန်နဝါရီ ၃၀ ရက်က လက်ပစ်ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ နှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားလူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အမည်မသိ လူနှစ်ဦးသည် ဘာသာရေးအဆောက်အအုံအတွင်း လက်ပစ်ဗုံးတစ်လုံးပစ်ထည့်ခဲ့ရာ အသက် ၄၆နှစ်နှင့် ၅၇ နှစ်အရွယ် အမျိုးသားနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူအများစုသည် ဘာစီလန်ပြည်နယ်နှင့် အနီးဝန်းကျင်ဒေသမှ ဒေသခံများဖြစ်နိုင်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အိပ်ပျော်နေကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ယခုအချိန်အထိ မည်သူက ပြုလုပ်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့ အခုချိန်အထိ တရားခံကိုရှာဖွေနေပါတယ်။ သို့သော်လည်း ဘာသဲလွန်စမှ မရသေးဘူး" ဟု ကာကွယ်ရေးဝန်ကြီး ဒယ်ဖင်လို ရန်ဇနာက သတင်းထောက်များကို ပြောကြားခဲ့သည်။ ဖိလစ်ပိုင်တောင်ပိုင်း ဆူလူပြည်နယ် ဂျိုလိုပြည်နယ်တွင် ဇန်နဝါရီ ၂၇ ရက်ကဖြစ်ပွားသော လူအယောက် ၂၀ သေဆုံးခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပြီးနောက် ယခု ဘာသာရေးအဆောက်အအုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**

# ဟွာဝေးအမှုဆောင်အရာရှိချုပ်ကို လွှဲပြောင်းရန် အမေရိကန်တောင်းဆို

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

ဟွာဝေးနည်းပညာလုပ်ငန်းစု၏ ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် မန်ဝမ်ကျိုကို လွှဲပြောင်းပေးရန် အမေရိကန်ပြည်ထောင်စုက တောင်းဆိုခဲ့ကြောင်း ကနေဒါတရားရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

**အပြီးသတ်ဆုံးဖြတ်ချက်ချမည်**

မန်ဝမ်ကျိုအမှုအား လွှဲပြောင်းသည့် လုပ်ထုံးလုပ်နည်းများကို ကနေဒါအနေဖြင့် ဆက်လက်ဆောင်ရွက်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် ရက် ၃၀ အချိန်ရကြောင်းသိရသည်။ ဗန်ကူဗာရှိ တရားရုံးတစ်ခု၌ ကြားနာစစ်ဆေးပြီးလျှင် ယင်းကိစ္စနှင့်ပတ်သက်၍ တရားရေးဝန်ကြီး ဒေးဗစ်လာမက်တီက အပြီးသတ်ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ မန်ဝမ်ကျိုအား လွှဲပြောင်းရန်တောင်းဆိုမှုကို ခွင့်ပြုပေးလိုက်ပါက မန်သည် ကနေဒါတရားရုံးချုပ်သို့ လျှောက်လဲနိုင်ကြောင်း သိရသည်။ သို့သော်လည်း အကယ်၍ ထရမ့်အစိုးရအဖွဲ့က မန်၏အမှုကို တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ဈေးကစားသည့်လက်နက်တစ်ခု အနေဖြင့် အသုံးချလာခဲ့လျှင်ဖြစ်စေ၊ မန်ဝမ်ကျို၏ လူ့အခွင့်အရေးကို လေးစားခြင်းမရှိခဲ့လျှင်ဖြစ်စေ ကနေဒါအစိုးရက ထိုသို့လွှဲပြောင်းပေးလိမ့်မည်မဟုတ်ဟု ယူဆရကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခု၌ အကယ်၍သာ အမေရိကန်၏အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်မည်ဆိုပါက မန်ဝမ်ကျိုအမှုကိစ္စကို ဝင်ရောက်စွက်ဖက်ကောင်းစွက်ဖက်နိုင် ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နျူကလီးယားလက်နက်ထိန်းချုပ်ရေးနှင့် မပြန့်ပွားရေးထင်သာမြင်သာမရှိကြောင်း အမေရိကန်အဆင့်မြင့်အရာရှိပြော

ဝါရှင်တန် ဇန်နဝါရီ ၃၀

**အမေရိကန်ပြည်ထောင်စုသည် နျူကလီးယား လက်နက်ထိန်းချုပ်ရေး သဘောတူညီချက်မှ ထွက်ခွာမည်ဟု ခြိမ်းခြောက်နေသည့်အချိန်တွင် တစ်ဖက်ကလည်း ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အား နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်ပြီး ထင်သာမြင်သာရှိအောင် လုပ်ဆောင်ရန် ဇန်နဝါရီ ၃၀ ရက်က တိုက်တွန်းလိုက်သည်။**

နျူကလီးယားလက်နက်ထိန်းချုပ်ရေးနှင့် မပြန့်ပွားရေးကို ဇန်နဝါရီ ၃၀ ရက်က ပေကျင်း၌ကျင်းပသော ဆွေးနွေးပွဲတွင် နျူကလီးယားလက်နက် ပိုင်ဆိုင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် အမေရိကန် အဆင့်မြင့်အရာရှိတစ်ဦးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

နျူကလီးယားလက်နက်ထိန်းချုပ်ရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အမေရိကန်လက်ထောက်ဝန်ကြီး အန်ဒရီယာ သွမ်ဆင်က နျူကလီးယားလက်နက်မပြန့်ပွားရေး သဘောတူညီချက်အရ နျူကလီးယားအရေးတွင် ထင်သာမြင်သာ မရှိသေးကြောင်း ပြောသည်။

"အရင်က နျူကလီးယားလက်နက်အစီအစဉ်တွေနဲ့ပတ်သက်ပြီး တင်ပြဖို့ သဘောတူခဲ့ပေမယ့် ကွာဟမှုတွေရှိနေဆဲဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက တစ်ဖက် ရုရှားနဲ့ တရုတ်က တစ်ဖက်ဖြစ်နေပါတယ်" ဟု သွမ်ဆင်က ပြောကြားလိုက်သည်။

ပွင့်လင်းမြင်သာမှု၏ တန်ဖိုးကို အလေးအနက်ထား မလုပ်ဆောင်နိုင်သေးကြောင်း၊ နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ ထိန်းချုပ်ရေးဆိုင်ရာတွင် မည်သို့ရှေ့ဆက်သွားမည်ကို ဆွေးနွေးရန်လိုကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါ ပေကျင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဇန်နဝါရီ ၃၀ က ပေကျင်း၌ကျင်းပသော နျူကလီးယားလက်နက်ထိန်းချုပ်ရေးနှင့် မပြန့်ပွားရေးဆွေးနွေးပွဲတွင် နျူကလီးယားလက်နက်ထိန်းချုပ်ရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အမေရိကန်လက်ထောက်ဝန်ကြီး အန်ဒရီယာသွမ်ဆင် (လယ်) ကို တွေ့ရစဉ်။

# အတိုက်အခံအဖွဲ့နှင့်ဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်း မာဒူရိုပြော

**ကရာကက် ဇန်နဝါရီ ၃၀**

အမေရိကန် ကျောထောက်နောက်ခံပေးထားသည့် အတိုက်အခံအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပသွားရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက ပြောကြားခဲ့သည်။

၎င်းအနေဖြင့် ပါလီမန်ရွေးကောက်ပွဲများ စောစီးစွာကျင်းပရန်အတွက်လည်း ကူညီပံ့ပိုးမည်ဖြစ်သည်ဟု ဖြည့်စွက်ပြောကြားခဲ့မှုကို RIA Novosti က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အတိုက်အခံများနှင့် ညှိနှိုင်းရေးစားပွဲပေါ်ထိုင်ရန် အဆင်သင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗင်နီဇွဲလား၏ ကောင်းကျိုးအတွက် ဆွေးနွေးနိုင်ကြောင်း မာဒူရိုက ကရာကက်၌ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် ရုရှားနိုင်ငံပိုင်သတင်းအေဂျင်စီသို့ ပြောခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုင်ဒိုက မိမိကိုယ်ကို သမ္မတအဖြစ်ကြေညာခဲ့ချိန်တွင် ရေနံကြွယ်ဝသော်လည်း စီးပွားရေးယိုယွင်းနေသည့် ဗင်နီဇွဲလားနိုင်ငံသည် မသေချာ မရေရာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ **အေအက်ဖ်ပီ**



သမ္မတ နီကိုးလပ်စ်မာဒူရို

# ဗြိတိန်ဝန်ကြီးချုပ်၏ ဘရီးဇစ် သဘောတူညီချက် ပါလီမန်လွှတ်တော်၌ ထောက်ခံမဲအများစုဖြင့်အနိုင်ရ

**လန်ဒန် ဇန်နဝါရီ ၃၀**

ဗြိတိန်နိုင်ငံရေးသမိုင်းကြောင်း၌ အကြီးမားဆုံး ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ရက်အနည်းငယ်အကြာတွင် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေသည် အဖြေရှာရန်ခက်ခဲသည့် ဘရီးဇစ်သဘောတူညီမှုပိုမို နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။

အောက်လွှတ်တော်မှ ပါလီမန်အဖွဲ့ဝင်များသည် ယခုလအစောပိုင်းက ၎င်းတို့ ပယ်ချလိုက်သည့် ဝန်ကြီးချုပ်ထရီဆာမေ၏ ဘရီးဇစ်သဘောတူညီမှုကို ၃၀၁မဲ၊ ၃၁၇ မဲဖြင့် ထောက်ခံမှုပေးခဲ့သည်။

မဲခွဲဆုံးဖြတ်မှုတွင် ၁၆ မဲအသာဖြင့် အနိုင်ရရှိခဲ့မှုသည် ဝန်ကြီးချုပ်ထရီဆာမေအတွက် ညှိနှိုင်းဆွေးနွေးမှုများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး တောင်းဆိုရန်အတွက် ဘရပ်ဆဲလ်သို့ ပြန်နိုင်မည့် အခွင့်အရေးတစ်ခုကို ပေးအပ်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုသည် အကယ်၍ အိုင်ယာလန် နယ်စပ်အရေးကိစ္စတွင် အပြောင်းအလဲများဖြစ်လာခဲ့မည်ဆိုပါက ဗြိတိန်ပါလီ မန်လွှတ်တော်၌ အရေးကြီးသည့် နောက်ဆုံးမဲခွဲဆုံးဖြတ်မှုတွင် အနိုင်ရရှိနိုင်ခြေရှိကြောင်းကို ယခုမဲခွဲဆုံးဖြတ်မှုက ဖော်ပြလျက်ရှိသည်။ ဒီမိုကရက်တစ်ယူနီယန်နစ် ပါတီ (DUP)က ထောက်ခံမှုပေးခဲ့ပြီးနောက်တွင် ဝန်ကြီးချုပ်ထရီဆာမေ၏ လူနည်းစုအစိုးရအဖွဲ့က အနိုင်ရခဲ့သည်။

**ဆင်ဟွာ**




လန်ဒန်မြို့ရှိ အောက်လွှတ်တော်၌ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ၌ ကားမောင်းသူအများအပြားကို ကားမောင်းခွင့်ပိတ်ပင်

**ပေကျင်း ဇန်နဝါရီ ၃၀**

တရုတ်နိုင်ငံသား ၁၇၂၆၄ ဦးတို့သည် ၂၀၁၈ခုနှစ်အတွင်း ကားမောင်းခြင်းမှ တားမြစ် ပိတ်ပင်ခံခဲ့ရကြောင်း အများပြည်သူ လုံခြုံရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပိတ်ပင်ခံခဲ့ရသူများအနက် ကားမောင်းသူ စုစုပေါင်း ၅၁၄၉ ဦးတို့မှာ ယာဉ်မတော်တဆမှု ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့မှုများအတွင်း အရက်သေစာ သောက်စားထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းတို့ကို ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း ဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ကျန် ၁၂၁၁၅ ဦးတို့မှာ ပြင်းထန်သည့်ယာဉ်တိုက်မှုနှင့် ထွက်ပြေးခဲ့မှုများတွင် ပါဝင်နေကြောင်း သိရသည်။ ၂၀၁၇ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုသည် ဒသမ ၉ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့ကြောင်း အများပြည်သူလုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၃၀**

ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌက လာမည့်လများအတွင်း လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး အောင်မြင်တိုးတက်မှု ရရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

လုံခြုံရေးကောင်စီကိစ္စနှင့် ပတ်သက်၍ အစိုးရအဖွဲ့များအကြား အပြန်အလှန်ဆွေးနွေးမှုများ သည် ၂၀၀၉ ခုနှစ် ညီလာခံတွင် စတင်ခဲ့သည်။ ယခုနှစ် ညှိနှိုင်းဆွေးနွေးပွဲများကို အင်္ဂါနေ့တွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်၌ စတင်ပြုလုပ်ခဲ့သည်။

ဂျီဖိုးအဖွဲ့ဝင်နိုင်ငံများအဖြစ် လူသိများသည့် ဂျပန်၊ဂျာမနီ၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်နေရာ တစ်ခုရရှိရန် ရည်မှန်းလျက်ရှိသည်။ အာဖရိကပြည်ထောင်စုသည် အာဖရိကနိုင်ငံများအတွက် အမြဲတမ်းအဖွဲ့ဝင်အဖြစ် နေရာတစ်ခုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ အခြားအဖွဲ့တစ်ဖွဲ့မှာလည်း ဗီတိုအာဏာကို ချုပ်ကိုင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့အကြား မတူကွဲပြားမှုများကို ကျဉ်းမြောင်းစေမည့် မှတ်တမ်း တစ်ခုကို ဖန်တီးနိုင်ခြင်း ရှိ မရှိကို ညှိနှိုင်းဆွေးနွေးသူများက အာရုံစိုက်လျက်ရှိသည်။

**အင်န်အိတ်ခ်ျကေ**

# ခိုလှုံသူအဖြစ် လက်ခံမှုလျော့ချလာတဲ့အပြင် နယ်နှင်ဒဏ်ပေးမှုတွေများလာတဲ့ ဂျာမနီ

**ချြူးစန္ဒီနွေး**

**လွန်ခဲ့တဲ့လေးနှစ်နီးပါးခန့်ကဆိုရင် ဂျာမနီနိုင်ငံမှာ ဒုက္ခသည်တစ်သန်းနီးပါးကို ကြိုဆိုလက်ခံပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဂျာမနီနိုင်ငံဟာ ဒုက္ခသည်တွေကို လုံးဝလက်မခံတော့ဘဲ ခိုလှုံသူအဖြစ်လျှောက်ထားခွင့်ကိုလည်း တိတ်တဆိတ်ပဲ ပိတ်ပစ်လိုက်ပါတယ်။ နောက်ပြီးနေရပ်ကိုပြန်ပို့မှုတွေလည်းများလာပါတယ်။**



နေရပ်ပြန်ပို့ခံရမည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို တွေ့ရစဉ်။

### သိသိသာသာလျော့ကျ

လွန်ခဲ့တဲ့နှစ်တွေတုန်းက ဥရောပကိုခိုလှုံသူတွေအဖြစ် ဝင်ရောက်မှုတွေ အများအပြားရှိခဲ့ပေမယ့် အခုအခါမှာတော့ တဖြည်းဖြည်းချင်း ကျဆင်းလာခဲ့ပါပြီ။ ၂၀၁၅ ခုနှစ် ဒုက္ခသည်တွေ ဝင်ရောက်လာမှု အများဆုံးဖြစ်ခဲ့ပြီး အဲဒီနောက်မှာတော့ ဥရောပကိုဝင်ရောက်လာတဲ့ ဒုက္ခသည်ရာခိုင်နှုန်းဟာ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့တယ်လို့ ကုလသမဂ္ဂရဲ့ အဆိုအရ သိရပါတယ်။ ဗုဒ္ဓဟူးနေ့မှာတော့ ဂျာမနီပြည်ထဲရေးဝန်ကြီး ဟိုရက်စီဟိုဖာက ၂၀၁၈ ခုနှစ်အတွင်း ဂျာမနီနိုင်ငံမှာ ခိုလှုံသူအဖြစ် လျှောက်ထားမှုပေါင်း ၁၈၅၀၀၀ ရှိခဲ့တယ်။ ဒါဟာ လွန်ခဲ့တဲ့နှစ်က ထက်စာရင် ၁၇ ရာခိုင်နှုန်းနီးပါး လျော့ကျသွားတာဖြစ်တယ်။ ၂၀၁၅ ခုနှစ်ကဆိုရင် ခိုလှုံသူအဖြစ် တောင်းခံမှုပေါင်း ၈၉၀၀၀၀ ခန့်ရှိခဲ့တဲ့အတွက်ကြောင့် အခုဆိုရင် သိသိသာသာကို လျော့ကျလာပြီပဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အခုဆိုရင် ထိန်းချုပ်ထားမှုတွေအောက်မှာ ပြဿနာတွေရှိနေပါတယ်။ အရာအားလုံးကို အစီအစဉ်အတိုင်း ပြန်ဖြစ်ဖို့ လုပ်ဆောင်ရမှာပဲ ဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။

### ပြည်နှင်ဒဏ်ပေးမယ်

"တကယ်တမ်း ထိခိုက်ခံစားရသူတွေကို ကာကွယ်စောင့်ရှောက်မှုတွေပေးဖို့ ကျွန်တော်တို့ ကမ်းလှမ်းမှုတွေလုပ်ခဲ့ပါတယ်။ တကယ်တမ်းဒုက္ခရောက်နေသူတွေကိုသာ ခိုလှုံသူအဖြစ် လက်ခံမှာဖြစ်ပြီး ခိုလှုံသူအဖြစ်သတ်မှတ်ထားတဲ့ အချက်တွေနဲ့ကိုက်ညီမှုမရှိဘူး။ အကာအကွယ်ပေးဖို့ မလိုအပ်ဘူးဆိုရင်တော့ ပြည်နှင်ဒဏ်ပေးတာတွေ လုပ်ဆောင်သွားမှာပါ။ အခုဆိုရင် ဂျာမနီညွှန့်ပေါင်းအစိုးရသတ်မှတ်ထားတဲ့ သတ်မှတ်ချက်ထက် တောင်ကျော်လွန်ပြီး ဒုက္ခသည်တွေကို လက်ခံခဲ့တာပါ"လို့ ဂျာမနီပြည်ထဲရေးဝန်ကြီးက ဂုဏ်ယူစွာပဲ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ခိုလှုံသူအဖြစ် လျှောက်ထားသူရာခိုင်နှုန်းကျဆင်းလာပြီး နေရပ်ကိုပြန်ပို့မှုတွေကတော့ များလာပါတယ်။ ဂျာမနီပြည်ထဲရေးဝန်ကြီးပြောသွားတဲ့အထဲမှာ ခိုလှုံသူအဖြစ် လျှောက်ထားသူနည်းလာပြီး နေရပ်ပြန်ပို့တာတွေများလာတာကိုတော့ ထည့်သွင်းပြောသွားတာမျိုး မရှိခဲ့ပါဘူး။ လက်ဝဲယိမ်းပါတီတွေက အမတ်တွေရဲ့မေးခွန်းကိုပြန်ဖြေရာမှာတော့ နေရပ်ကိုပြန်ပို့တဲ့ အရေအတွက်ဟာ တစ်နှစ်ကို ၂၀၀၀၀ ခန့်ရှိပြီး ဂျာမနီကိုရောက်ရှိလာတဲ့အရေအတွက်ကတော့ ကျဆင်းလာပြီပဲဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။

### ဘယ်သူမှတာဝန်မယူချင်

မနှစ်တုန်းကလည်း ဂျာမနီဟာ လူပေါင်း ၈၀၀၀ ခန့်ကို သူတို့နေရပ်ကနေ ထွက်ခွာပြီး ဦးစွာရောက်ရှိခဲ့တဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဆီ ပြန်ပို့ခဲ့ပါတယ်။ ပြည်နှင်ဒဏ်ပေးတဲ့ လူဦးရေအရေအတွက်ကိုကြည့်မယ်ဆိုရင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဟာ ခိုလှုံသူအဖြစ်ဝင်ရောက်လာတဲ့ လူတွေကို ဘယ်သူကတာဝန်ယူရမယ်ဆိုတာကို အချင်းချင်း ဝေပုံမကျဖြစ်နေတာကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒုက္ခသည်အဖြစ် ဝင်ရောက်လာသူ ၃၀ ရာခိုင်နှုန်းခန့်ကို အီတလီသို့ပြန်ပို့လိုက်ပါတယ်။ ဂရိဟာဆိုရင်လည်း ဂျာမနီကတောင်းဆိုထားတဲ့ ဒုက္ခသည်လွှဲပြောင်းလက်ခံရေးကို ငြင်းဆိုထားပါတယ်။ ဟန်ဂေရီကဆိုရင် တစ်ဦးတလေတောင် လက်မခံပါဘူး။ ဒီအချက်အလက်တွေကိုကြည့်မယ်ဆိုရင် ၂၀၁၅ ခုနှစ်တုန်းက ဒုက္ခသည်တွေကို ကြိုဆိုလက်ခံတာနဲ့ တခြားစီဖြစ်နေပါပြီ။

### ဆန္ဒပြပွဲတွေပေါ်ပေါက်လာ

အဲဒီအချိန်ကစလို့ ဂျာမနီမှာ ဒုက္ခသည်တွေ လက်ခံမှုကို ဆန့်ကျင် တဲ့ပါတီဖြစ်တဲ့ အေအက်ဖ်ဒီပါတီဟာ ထောက်ခံမှုတွေ အများကြီးရှိလာပါတယ်။ ဂျာမနီမှာ လက်ခံထားတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေ ပါဝင် ကျူးလွန်တဲ့ ရာဇဝတ်မှုအချို့ကြောင့်လည်း အေအက်ဖ်ဒီပါတီကို ထောက်ခံသူတွေ များလာခဲ့ပါတယ်။ ဥပမာပြောရမယ်ဆိုရင် ၂၀၁၅-၂၀၁၆ ခုနှစ် နှစ်သစ်ကူးညမှ ဂျာမနီနိုင်ငံကိုလိုဂျင်မြို့မှာ အမျိုးသမီးအချို့ကို မြောက်အာဖရိက အမျိုးသားအုပ်စုက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတွေပြုလုပ်ခဲ့တဲ့အတွက် ဒုက္ခသည်တွေကို ဆန့်ကျင်တဲ့လူတွေပိုများလာ ခဲ့ပါတယ်။ လွန်ခဲ့တဲ့နွေရာသီတုန်းကလည်း ဂျာမနီ နိုင်ငံအရှေ့ပိုင်း ချန်မနစ်ဇ်မြို့မှာ ဒေသခံတစ်ဦး ဓားထိုးခံရပြီးနောက် လမ်းမထက်မှာဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဓားထိုးမှုကျူးလွန်ခဲ့တဲ့ သူတွေကတော့ ရွှေ့ပြောင်းဒုက္ခသည်နှစ်ဦး ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်လည်း မကျေနပ်မှုတွေ ပိုမို များလာခဲ့ပါတယ်။

### မဲတွေဆုံးရှုံးလာ

လူထုရဲ့တုံ့ပြန်မှုတွေများလာတဲ့အခါ လူဝင်မှုကြီးကြပ်ရေးအပေါ် တင်းကျပ်ဖို့ဖြစ်လာခဲ့ပါတော့တယ်။ အင်ဂျလာမာကယ်ရဲ့ CDU ပါတီရယ်၊ CSU ပါတီတို့ဟာ ပြည်ထဲရေးဝန်ကြီးစီဟိုဖာရဲ့ ဦးဆောင်မှုနောက်ကို လိုက်ပါလာခဲ့ပါတယ်။ သို့ပေမယ့် လူဝင်မှုကြီးကြပ်ရေးကိုတင်းကျပ်တဲ့ ပါတီဟာ လူထုရဲ့ထောက်ခံမှုကိုရလိမ့်မယ်လို့တော့ တစ်ထစ်ချတွက်ထားလို့မရပါဘူး။ စီဟိုဖာကတော့ ရွှေ့ပြောင်းနေထိုင်သူများ မဟာအစီအစဉ်ဆိုပြီး ရှေ့ကနေဦးဆောင်ပြီး လုပ်စရာရှိတာတွေ လုပ်ဆောင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ CSU ပါတီဟာ မဲတွေဆုံးရှုံးလာခဲ့ပါတယ်။

### လုံခြုံတဲ့ နိုင်ငံစာရင်းသတ်မှတ်

ပြီးခဲ့တဲ့ သီတင်းပတ်မှာပဲ ဂျာမနီ အောက်လွှတ်တော်မှာ မော်ရိုကို၊ အယ်ဂျီးရီးယား၊ တူနီးရှား၊ ဂျော်ဂျီယာ နိုင်ငံတို့ကို လုံခြုံစိတ်ချရတဲ့ နိုင်ငံတွေစာရင်းမှာ ထည့်သွင်းခဲ့ပါတယ်။ အဲဒီနိုင်ငံကလာတဲ့လူတွေဟာ ဒုက္ခသည်အခွင့်အရေးနဲ့ခိုလှုံသူအဖြစ် လျှောက်ထားဖို့ဆိုတာ အရင်လို လွယ်ကူမှာ မဟုတ်တော့ပါဘူး။ ၂၀၁၇ ခုနှစ်မှာ အဆိုပါနိုင်ငံတွေကနေ ဒုက္ခသည်အဖြစ်ခိုလှုံခွင့် တောင်းခံသူ ၁၅၀၀၀ ခန့်ရှိခဲ့ပြီး အဲဒီထဲက ခုနစ်ဦးကိုသာ ခိုလှုံခွင့်ပေးခဲ့ပါတယ်လို့ ဂျာမနီပြည်ထဲရေးဝန်ကြီးဌာနက ပြောပါတယ်။ အကြမ်းဖျင်းအားဖြင့် အဲဒီနိုင်ငံတွေက လူ၃၀၀နီးပါးခန့်ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီကာကွယ်ပေးမှုတွေ ပြုလုပ်ပေးထားခဲ့ပါတယ်။ အခု အဲဒီနိုင်ငံတွေကို လုံခြုံစိတ်ချရတဲ့နိုင်ငံတွေ စာရင်းမှာ သွင်းလိုက်ပြီဆိုတော့ ဒီလူတွေလည်း အခွင့်အရေး မရတော့ပါဘူး။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပြည်ထဲရေးဝန်ကြီးက ဒုက္ခသည်အဖြစ် လျှောက်ထားမှုတွေမှာ အမျိုးအစားပြန်လည်ခွဲခြားမှုတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတယ်ဆိုပေမယ့် Green ပါတီက ခိုလှုံသူအရေးဆောင်ရွက်ပေးနေတဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် လူစီကတော့ ဒီကိစ္စကို သဘောမတူပါဘူး။ အခုဆိုရင် နယ်နှင်ဒဏ်ပေးတဲ့အရေအတွက်ဟာလည်း ပိုပိုပြီးများလာပါတယ်။ ဥပမာ အားဖြင့် ဂျာမနီနိုင်ငံမှာ အနှစ် ၃၀ လောက်နေလာတဲ့သူဟာ ဂျာမနီအမျိုးသားတစ်ဦးနဲ့ လက်ထပ်မယ်။ ပြီးတော့ ဂျာမနီကလေးတစ်ဦး မွေးဖွားလာမယ်။ ဒါဆိုရင် ဗီဇာရဖို့အတွက် နောက်တစ်ကြိမ် အခွင့်အရေးရလာမယ်။ ဒါဟာ ငွေအင်အား၊ လူအင်အား အစရှိတဲ့ အရင်းအမြစ်တွေကို သက်သက်ဖြုန်းတီးနေတာပဲလို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် ရှေ့နေတစ်ဦးဖြစ်သူ ဖိလစ်က ပြောပါတယ်။

### စရိတ်တွေဖြုန်းတီး

ဒီမှာမေးခွန်းကတော့ နယ်နှင်ဒဏ်ပေးမှုတွေကို ရေရှည်မှာဘယ်လောက်ထိ ဆက်လုပ်သွားမှာလဲ။ ဘာလို့လဲဆိုရင် နောက်ပိုင်းမှာ ဘဏ္ဍာရေးအရရော၊လူအင်အားအရပါ ကုန်ကျစရိတ်တွေများလာမှာပါ။ ပတ်စ်ပို့အသစ်အစားထိုးတာတွေ လုပ်လာရမှာရှိသလို၊ တရားမဝင်နေထိုင်နေတဲ့ လူတွေကိုလည်း ထိန်းသိမ်းမှုတွေလုပ်လာရမယ်။ ဒီထက်ပိုပြီး အလုပ်ရှုပ်စရာတွေလည်း အများကြီးရှိနေသေးတယ်။ ဒီတော့ ရေရှည်မှာအလုပ်ဖြစ်ပါ့မလားလို့ စိုးရိမ်မိတယ်လို့ သူကဆက်ပြောပါတယ်။ ဘယ်လိုပဲပြောပြော အခုအချိန်မှာ အရင်ကထက်စာရင် ဂျာမနီကို ဒုက္ခသည်ဝင်ရောက်လာမှု လျော့နည်းလာတာကတော့ အမှန်ပါပဲ။ ရှေ့လျှောက်လည်းဒီထက်ပိုနည်းလာဖို့ပဲရှိပါတယ်။ ဒီလိုမျိုး လုပ်ဆောင်မှုတွေကြား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေမှာ ဒုက္ခသည်ခွဲဝေလက်ခံမှုပြဿနာဟာ ဆက်လက်ရှိနေဆဲ ဆိုတာကလည်း အမှန်ပါပဲ။ ။ **ကိုးကား - စီအင်န်အင်န်**

> **"ဂျာမနီနိုင်ငံမှာ အနှစ် ၃၀ လောက် နေလာတဲ့သူဟာ ဂျာမနီအမျိုးသား တစ်ဦးနဲ့ လက်ထပ်မယ်။ ပြီးတော့ ဂျာမနီကလေးတစ်ဦး မွေးဖွား လာမယ်။ ဒါဆိုရင် ဗီဇာရဖို့အတွက် နောက်တစ်ကြိမ် အခွင့်အရေး ရလာမယ်။ ဒါဟာ ငွေအင်အား၊ လူအင်အား အစရှိတဲ့ အရင်း အမြစ်တွေကို သက်သက်ဖြုန်းတီးနေ"**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးသစ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာကျင်းပ

**လှည်းကူး ဇန်နဝါရီ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးသစ် အဆောက်အအုံ ဆောက်လုပ်ရန် မြေသန့်၊ ပန္နက်တင် မင်္ဂလာအခမ်းအနားကို လှည်းကူးမြို့ ပြည်တော်သာရပ်ကွက် (၆) လမ်းနှင့် (၇) လမ်းကြား၌ ယနေ့နံနက်က ကျင်းပရာ ဆရာတော်၊ သံဃာတော်ငါးပါးက မြေသန့်ရန် ပရိတ်တရားတော်များကို ရွတ်ဖတ် ပူဇော်ခဲ့ကြသည်။

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ဒေါ်သီရိလှိုင် မန်နေဂျင်းဒါရိုက်တာ (Shwe Zin Thiri Co.,Ltd.)၊ တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးစောနိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်းတို့ တက်ရောက်၍ ပန္နက်တင်ပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ခရိုင်လဝကဦးစီးမှူး ဦးယဉ်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ မြို့နယ်လဝကဦးစီးမှူး ဦးသိန်းနွဲ့တို့က ရွှေအုပ်၊ ငွေအုပ်ပန္နက်တော်များချကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါ ဦးစီးမှူးရုံးသစ်မှာ အလျား ပေ ၇၀၊ အနံပေ ၄၀၊ နှစ်ထပ်ဆောင်ဖြစ်ပြီး စုစုပေါင်း ငွေကျပ် သိန်း ၁၅၈၀ အကုန်အကျခံကာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်း (လှည်းကူး)



ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ပန္နက်တင်ကြစဉ်။

# မန္တလေးမြို့၌ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင်လုပ်ငန်း သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

တိုင်းဒေသကြီး / ပြည်နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင် လုပ်ငန်းသုံးသပ် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ ၆၅လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ ရွှေနိုင်ငံဟိုတယ်၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်၏ သဝဏ်လွှာကို National Technical Officer ဒေါက်တာ အေးမိုးမိုးလွင်က ဖတ်ကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး / ပြည်နယ်များ၌ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ခြင်း၊ အာဆီယံနိုင်ငံများ၏ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ ဆောင်ရွက်မှု အတွေ့အကြုံများကို ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ ဆောင်ရွက်မှု အခြေအနေများကို တင်ပြခြင်း၊ တိုင်းဒေသကြီး / ပြည်နယ်တစ်ခုချင်း အလိုက် လာမည့်နှစ်များအတွင်း ဆေးလိပ်ငွေ့ ကင်းစင်လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များ ပြုစုခြင်း၊ Smoke-free Tourism အစရှိသော ကဏ္ဍများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေး ဦးစီးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းဇော်မင်း(မြန်/ဆက်)




ဆေးလိပ်ငွေ့ကင်းစင်လုပ်ငန်းသုံးသပ်ညှိနှိုင်းပွဲတွင် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် အမှာစကားပြောကြားစဉ်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**အောင်လံ ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အဖွဲ့သည် ယမန်နေ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ရာ အောင်လံမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာရေးစုံညီပွဲတော် ကျင်းပနေမှုကို ကြည့်ရှုအားပေးပြီး ဘွက်ကြီးဆည်သို့ သွားရောက်၍ ဆည်တာပေါင် မြေကျုံးကျမှု ပြုပြင်ဆောင်ရွက်သည့်လုပ်ငန်းကို ကြည့်ရှုခဲ့သည်။

ထို့နောက် ရွှေပန်းတော အ.ထ.က ကျောင်းဝင်းအတွင်းတွင် ရွှေပန်းတော တိုက်နယ်ရှိ ကျေးရွာပေါင်း ၆၀ မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းကျေးရွာတွင် တည်ဆောက်လျက်ရှိသော လျှပ်စစ်ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် ရှင်လရောင်ရင်ခွင်မဲ့ပရဟိတ သီလရှင်ကျောင်းသို့ သွားရောက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက လှူဒါန်းသော ငွေကျပ်ဆယ်သိန်းကို ပေးအပ်ခဲ့ကြောင်းသိရသည်။

သိန်းလွင် (အောင်လံ)

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

# လိပ်သို-ယာဒို လမ်းတစ်လျှောက်ရှိ ကျေးရွာများဖွံ့ဖြိုးရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ်၏ မြောက်ပိုင်းဒေသဖြစ်သော လိပ်သိုမြို့သည် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံး လမ်းပေါ်တွင်ရှိပြီး အဆိုပါလမ်းပေါ်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများသည် ယမန်နေ့မှ စတင်ကာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကရင်ပြည်နယ်မြောက်ပိုင်းဒေသ ဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုစဉ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ်တွင်ရှိသည့် ဘားအံခရိုင် လိပ်သိုမြို့ ယာဒိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျေးရွာဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ယာဒိုဒေသသည် ငြိမ်းချမ်းလာ သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ တက်ရောက်လာကြသည့် ယာဒိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အကြံပြုကြစေလိုကြောင်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်- ဟိုပုံး လမ်းအပိုင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံအဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံများက လမ်းမကြီးသည် ကတ္တရာလမ်းအဖြစ်ရရှိလာပြီးနောက်ပိုင်း ဒေသစိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်အတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာချင်းဆက်လမ်းများ လိုအပ်နေသေးကြောင်းနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေးတွင် ကျောင်းဆောင်သစ်တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးတွင် တိုက်နယ်ဆေးရုံနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရေရရှိရေးတို့အတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ယာဒို၊ မုတ်ချောင်း၊ လိုရာဒို၊ ပရာယ်စော်၊ ကျေးရွာ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် အုပ်ချုပ်ရေးရုံးအတွက် ဆိုလာမီးများ၊ ကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး ဘုန်းတော်ကြီးကျောင်း တည်ဆောက်ရေးအတွက် ဘီလပ်မြေအိတ် ၁၀၀ ဝယ်ယူနိုင်ရန် အလှူငွေကျပ် ခုနစ်သိန်းကို လှူဒါန်းရာ ယာဒိုကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လက်ခံခဲ့ကြောင်း သိရသည်။

နေမျိုးလွင် (မြန်/ဆက်)

# ရန်ကုန်မြို့၌ ပထမဆုံး နိုင်ငံတကာ ရေဆေးပန်းချီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

နိုင်ငံတကာ ရေဆေးပန်းချီအသင်းမှ မြန်မာနိုင်ငံတွင် ပြုလုပ်သော ပထမဆုံး နိုင်ငံတကာ ရေဆေးပန်းချီပွဲတော်ကို ယမန်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါ ပန်းချီပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာ့စောင်း တီးခတ်ကာ မြန်မာ့အနုပညာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ ထို့နောက် မြန်မာနှင့် နိုင်ငံတကာ ရေဆေးပန်းချီဆရာများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးပြသထားသော ပန်းချီကားများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ ယနေ့ပြသထားသော ပန်းချီကားပေါင်းမှာ ၂၆၅ ကားရှိပြီး အများစုမှာ သဘာဝကို အခြေခံရေးဆွဲထားသော ကားများနှင့် လူနေမှုစရိုက်ကို ဖော်ကျူးထားသော ပန်းချီကားများဖြစ်သည်။

နိုင်ငံတကာမှ ရေဆေးပန်းချီဆရာများနှင့် မြန်မာ့ရေဆေးပန်းချီဆရာ ၂၆၀ ကျော် ပါဝင်ရေးဆွဲပြသမည့် ပထမဆုံး နိုင်ငံတကာ ရေဆေးပန်းချီပွဲတော်တွင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စင်ကာပူ၊ ကနေဒါ၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်တို့မှ နာမည်ကြီး



နိုင်ငံတကာ ရေဆေးပန်းချီပွဲတော် ကျင်းပနေစဉ်။

ပန်းချီဆရာ ၁၀ ဦး တို့၏ လက်တွေ့ ရေးဆွဲခြင်းအစီအစဉ်များ၊ နိုင်ငံတကာနှင့် မြန်မာ့ရေဆေးပန်းချီဆရာ ၈၀ ပါဝင်၍ ပေ၂၀၀ ကျော် အရှည်ရှိသော Archie Paper ပေါ် တွင် ရေးဆွဲခြင်း အစီအစဉ်များဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

ပန်းချီပွဲတော် ကျင်းပဖြစ်ပုံနှင့် ပတ်သက်၍ ပြပွဲဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆရာမင်းဝေအောင်က“ပန်းချီဆရာတွေအနေနဲ့ နိုင်ငံပေါင်းများစွာက လာကြတာဆိုတော့ ပြည်တွင်းက ပန်းချီဆရာတွေနဲ့လည်း ဒီပြပွဲကြီးကို အကြောင်းပြုပြီးတော့ ရင်းနှီးကြမှာပေါ့။ လက်တွေ့လည်းအတူတကွ ရေးဆွဲကြမယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း နည်းပညာတွေ ဖလှယ်လို့ရတာပေါ့။ ဒီကိုလာကြတဲ့ နိုင်ငံပေါင်းစုံက ယဉ်ကျေးမှုတွေ မတူကြဘူး။ သဘာဝတွေ မတူကြဘူး။ ဒါပေမယ့် ပန်းချီနဲ့ ပတ်သက်ပြီး လာကြတော့ အကုန်လုံး တစ်သားတည်းဖြစ်တယ်။ အနုပညာနဲ့ ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမို ချစ်ကြည်ရင်းနှီးမှုတွေ ရလာနိုင်တယ်။ ကျွန်တော်တို့နိုင်ငံအတွက် ခရီးသွားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းက လုပ်ပေးနိုင်တာ ပေါ့”ဟု ပြောကြားသည်။

နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပန်းချီဆရာပေါင်းများစွာနှင့် မြန်မာပန်းချီဆရာ ၆၅ ဦးပါဝင်သော ရေဆေးပန်းချီဆရာ များ အဖွဲ့သည် ပုဂံ၊ ပုပ္ပါး(ဆည်ပေါက်ရွာ)နှင့် ရွှေတိဂုံစေတီတော်ပေါ်တွင် အောက်ဒိုး ရေးဆွဲခြင်းများကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးထားရှိရန် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံ စတင်ဆောက်လုပ်နေ

**စစ်ကိုင်း ဇန်နဝါရီ ၃၀**

စစ်ကိုင်းမြို့ရာဇမဏိစူဠာကောင်းမှုတော်စေတီကြီးတွင် ကမ္ဘာ့အကြီးဆုံး စည်တော်ကြီး ထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံကို စတင်ဆောက်လုပ်နေကြောင်း ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့ထံက သိရသည်။

ကမ္ဘာ့အကြီးဆုံးစည်တော်ကြီး ထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံကို ကောင်းမှုတော်စေတီတော်ကြီးရင်ပြင်တော် အရှေ့တောင်ထောင့် ကြေးစည်တော် ၊မောင်းတော်အနီးတွင် ဇန်နဝါရီ ၂၇ ရက်က စတင်ဆောက်လုပ်နေကြောင်း ကောင်းမှုတော်စေတီဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောပြသည်။

“စည်တော်ကြီးထားရှိရန် မြန်မာမှုဗိသုကာ ပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ညောင်ရမ်းခေတ်က စည်တော်တွေထားတဲ့ ပုံစံအဆောက်အအုံ ဒီဇိုင်းဆွဲပေးတယ်။ အပေါ်က ဘုံပြာသာဒ်ငါးဆောင်နဲ့ အောက်က လှေကားနဲ့ နှစ်ဆင့်တက်ပေါ့၊ နှစ်ဆင့်တက်အပေါ်မှာ စည်တော်ကြီးထားမယ့်နေရာရှိမယ်။ အဲဒီအပေါ်မှာ ဘုံပြာသာဒ် ငါးဆောင်တင်ပြီး ညောင်ရမ်းခေတ်ပုံစံအတိုင်း တည်ထားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောပြသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံကို တပေါင်းလပြည့်မတိုင်မီ အပြီးဆောက်လုပ်သွားမည်ဖြစ်ပြီး ငွေကျပ်သိန်း ၅၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့အကြီးဆုံး စည်တော်ကြီး ထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံ၏ အကျယ်အဝန်းမှာ ပေ ၃၀ ၊ အမြင့်ပေ ၇၀ ရှိမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးကို အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာရှိ ဆရာပွဲ မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းမှ ထွင်းထုလှူဒါန်းခြင်းဖြစ်ပြီး စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်သို့ ပင့်ဆောင်မှုကို လာမည့် မတ်လအတွင်း သယ်ဆောင်ရန် သတ်မှတ်ထားကြောင်းနှင့် သယ်ဆောင်ရာတွင်လည်း သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တို့ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်သွားမည်ဖြစ်သည့်အပြင် ညအိပ်ရပ်နားမည့် မြို့များတွင် တရားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်မှ တီယာန်စွပ်တံတား တည်ဆောက်မှုပြီးစီး

**မြစ်ကြီးနား ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ်တွင် ပြည်နယ်ပြည်မနှင့် နယ်စပ်ဒေသများသို့ အဓိကဆက်သွယ်အသုံးပြုလျက်ရှိသော လမ်းမကြီးလေးခုရှိရာ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအို ကားလမ်းမိုင်တိုင်အမှတ် (၅၃/၀၁) ၌ တီယာန်ချောင်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတံတားအထူးအဖွဲ့(၁)မှတာဝန်ယူ၍ တီယာန်စွပ်တံတားကို တည်ဆောက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ဒေသတွင်း ပြည်သူများ အသုံးပြုလျက်ရှိသည်။

တံတားအရှည် မီတာ ၉၀ နှင့် တံတားခန်းဖွင့် မီတာ ၃၀ သုံးခန်း၊ တံတားအကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေ၊ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ်တံတား၊ ကိုယ်ထည်သံကူကွန်ကရစ်၊ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ရေလယ်တိုင်၊ တံတားအပေါ်ထည် သံမဏိရက်မ သံကူကွန်ကရစ်ကြမ်းခင်း၊ ခွင့်ပြု အလေးချိန် ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ တံတားတစ်ခုတည်း ငွေကျပ်သန်း ၁၂၄၀၊ ချဉ်းကပ်လမ်း တန်ဖိုးငွေကျပ် သန်း ၁၃၉ ဒသမ ၉၀၀ ဖြစ်သည်။

အဆိုပါ ကားလမ်းသည် မိုင်အားဖြင့် ၂၁၈ မိုင်ရှိရာ ယခင်တံတားမရှိခင် ၂၀၁၅ ခုနှစ်က ကားငယ်များ နှစ်ရက်နှင့် ကားကြီးများ ခုနစ်ရက်ခန့် သွားလာမောင်းနှင်နေရသော လမ်းဖြစ်ပြီး တီယာန်ချောင်းပေါ်ဖြတ်ကာ တံတား တည်ဆောက်ပေးလိုက်သဖြင့် ယခုအခါ ကားငယ်များ ၁၁ နာရီနှင့် ကားကြီးများမှာ နှစ်ရက်ခန့်သာ သွားလာမောင်းနှင်ရတော့သည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှုမြန်ဆန်ချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ဒေသခံများ အသုံးပြုနိုင်ပြီဖြစ်သော တီယာန်စွပ်တံတား

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၁-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၁ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၃ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၇၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၄၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# အန်ကာယဉ်ကျေးမှုနယ်မြေဆီသို့ (အပိုင်း-၃)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**(ယခင်တစ်ပတ်မှအဆက်)**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO)က ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ် ကမ္ပည်းတင်ခြင်းခံထားကြရသော ကမ္ဘာကျော်မြင်မှတ် (Land Mark)များထဲမှ တစ်ခုအပါအဝင်လည်းဖြစ်၊ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးအနက် တစ်ပါးအပါအဝင်လည်းဖြစ်ပြီး အရှေ့တောင်အာရှဒေသ၏ ဂုဏ်ယူဖွယ်ရာ အရှေ့တိုင်းယဉ်ကျေးမှုလက်ရာတစ်ခုလည်းဖြစ်သော ၁၄ ရာစုခေတ်မှလက်ရာ အန်ကောဝပ်ကျောင်းတော်ကြီးမှာ အဝေးမှမြင်ရစဉ်ကတည်းကပင် ခံ့ညားထည်ဝါစွာ ရှိနေရုံမျှမက ကျောင်းတော်အတွင်းသို့ ချင်းနင်းဝင်ရောက်ရန် ပထမဦးဆုံးခြေလှမ်းကို စတင်လိုက်စဉ်ကတည်းကပင် တံတိုင်းလက်ရန်းများ၏ ထူးခြားမှုက ညို့ယူဖမ်းစားထားလျက် ရှိနေသည်။

**အန်ကောဝပ်ကျောင်းတော်သို့ အဝင်**

အလျားမီတာ ၁၃၀၀ နှင့် အကျယ်မီတာ ၁၅၀၀ ရှိသော အန်ကာကျောင်းတော်ကြီး၏ တံတိုင်းလက်ရန်းများအဖြစ် ရှေးခေတ်နဂါးရုပ်ကြီးများကို ကျောက်တုံးကြီးများဖြင့် ပုံဖော်ထားသည်။ အဆိုပါကျောက်တုံးကြီးများကို တစ်ခုပေါ်တစ်ခု ဆင့်၍ ထပ်ထားခြင်းသာဖြစ်ပြီး တစ်ခုနှင့်တစ်ခု တွဲကပ်ထားခြင်း အလျဉ်းမရှိပေ။ အဝင်မုခ်ဦးသို့တက်သည့် လှေကားကမူ ယခင်က ဆောက်လုပ်ထားသည့် ကျောက်တုံးလှေကားများက တစ်ထစ်နှင့်တစ်ထစ်အကြား မြင့်လွန်းသည်ကတစ်ကြောင်း၊ ပျက်စီးယိုယွင်းနေသည်ကတစ်ကြောင်းတို့ကြောင့် သစ်သားလှေကားဖြင့် အစားထိုး တပ်ဆင်ပေးထားသည်။ အဝင်မုခ်ဦးမှစ၍ ကျောင်းတော်ကြီး၏ဘေးပတ်လည် စင်္ကြံလမ်းတစ်လျှောက်ရှိ နံရံများကိုလည်း ကျောက်တုံးကြီးများကို ဆင့်၍ ထပ်ထားခြင်းဖြင့် တည်ဆောက်ထားသည်။ အံ့သြစရာကောင်းလှသည်မှာ ပေပေါင်းထောင်ချီရှည်လျားသည့် စင်္ကြံလမ်းတစ်လျှောက်ရှိ အခုံးပုံသဏ္ဍာန် အမိုးကိုလည်း ကျောက်တုံးကျောက်ပြားကြီးများကိုဆင့်၍ ထပ်ထားခြင်းဖြင့်သာ ပြုလုပ်ထားခြင်းပင် ဖြစ်သည်။

**ကျောင်းတော်ဗဟိုမှ Center Point**

အတွင်းပိုင်း၌လည်း ရှေးခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်များကို ရပ်တော်မူပုံ၊ ထိုင်တော်မူပုံ စသည်ဖြင့် ထွင်းထုပြုလုပ်ထားသလို တန်ဆောင်းများ၊ ပြာသာဒ်အထွတ်များကို သူ့နေရာနှင့်သူ စနစ်တကျ ပြုလုပ်ထားသည်မှာ ခေတ်သစ်အမြင်ဖြင့်ကြည့်လျှင်ပင် ယခုထိတိုင် ခေတ်မီနေဆဲဖြစ်သည်။ အထူးခြားဆုံးဟုဆိုရမည့် နေရာမှာကား ကျောင်းတော်ကြီး၏ အလယ်ဗဟိုတည့်တည့်ရှိ Center Point ဟု ခေါ်ဆိုရမည့် အန်ကာယဉ်ကျေးမှုခေတ် အယူဝါဒအရ လူ့ပြည်နှင့် ဗြဟ္မာ့ပြည်တို့ဆက်သွယ်သော နေရာဖြစ်သည်။ စက်ဝိုင်းသဏ္ဍာန် အမှတ်အသားပြုထားသည့် အဆိုပါနေရာ၌ ခေါင်မိုးကိုပါ အပေါက်ဖောက်ထားသည်မှာ ရှေးခေတ် အန်ကာယဉ်ကျေးမှု၏ အယူဝါဒတစ်ခုအဖြစ် သိသာထင်ရှားလျက်ရှိသည်။

ယင်းနေရာ၌ နိုင်ငံခြားသားခရီးသည် ထောင်ပေါင်းများစွာတို့သည် တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်သုတ်ပြီးတစ်သုတ် ဆယ်လ်ဖီရိုက်ကြသည်။ အန်ကာကျောင်းတော်၏ Center Point တွင် လက်ကိုင်ဖုန်းဖြင့် ဆယ်လ်ဖီ(Selfie)ရိုက်သည့်ပုံစံမှာ အခြားနေရာများ၌ရိုက်သည့်ပုံစံများနှင့် လုံးဝ ခြားနားလျက်ရှိသည်။ အကြောင်းမူကား အန်ကာကျောင်းတော်၏ လူ့ပြည်နှင့် ဗြဟ္မာ့ပြည် ဆက်သွယ်သည့်လမ်းကြောင်းဟု သမုတ်ထားသော အဆိုပါ Center Point ကြမ်းခင်းအဝိုင်း အမှတ်အသား၏ အလယ်ဗဟိုတည့်တည့်တွင် လက်ကိုင်ဖုန်းကင်မရာကို ပက်လက်လှန်တင်၍ လူအများက သက်ဆိုင်ရာ အုပ်စုအလိုက် Center Point အဝိုင်းကို ပတ်လည်ဝန်းရံပြီး မတ်တပ်ရပ်ကာ ဓာတ်ပုံအရိုက်ခံကြသောကြောင့်ပင် ဖြစ်သည်။

အဆိုပါ Center Point အနီးရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းအဝင်ဝရှိ လက်ယာဘက်မုခ်ဦးတိုင်တွင် ထူးခြားသောကမ္ပည်းတစ်ခုကို မြင်တွေ့ရသည်။ လွန်ခဲ့သော နှစ် ၉၀ ကျော်အချိန် (မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ် နယုန်လဆုတ် ၁ ရက် စနေနေ့)ရက်စွဲဖြင့် မြန်မာမိသားစုတစ်စုက တန်ဆောင်းအဝင် လက်ယာဘက်မုခ်ဦးတိုင်ကို ပြန်လည်မွမ်းမံရာတွင် ပါဝင်လှူဒါန်း ကုသိုလ်ပြုထားမှုကို မြန်မာဘာသာဖြင့် ကမ္ပည်းတင်ထားခဲ့ခြင်း ဖြစ်ဟန်တူသည်။ အဆိုပါ ကမ္ပည်းစာကို ကမ္ဘောဒီးယားနိုင်ငံသား ဧည့်လမ်းညွှန်များက အဓိပ္ပာယ်ကောက်မှားပြီး လာရောက်သမျှသော နိုင်ငံခြားသားများအား ရှေးခေတ် အိန္ဒိယစာဟုလည်းကောင်း၊ မွန်ဂိုလီးယားဘာသာဟု လည်းကောင်း၊ လက်တင်ဘာသာဟုလည်းကောင်း ၎င်းတို့စိတ်ထင်ရာ ဘာသာများကို ရည်ညွှန်း၍ ရှင်းပြနေကြသည်ကို တွေ့မြင်ရသည်။

သို့ဖြစ်၍ မိမိအနေဖြင့် အမှန်ကိုသိစေလိုသော စေတနာအလျောက် အနီးအနားရှိ လက်လှမ်းမီသမျှသော ကမ္ဘောဒီးယား ဧည့်လမ်းညွှန်များကို စုစည်းစေကာ မုခ်ဦးတိုင်ရှိ အဆိုပါကမ္ပည်းစာ၌ ပါရှိသည့် စာသားများအားလုံးသည် မြန်မာဘာသာ၊ မြန်မာအက္ခရာများဖြစ်ကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် စာတစ်လုံးချင်း၊ ဂဏန်းတစ်ခုချင်းကို အဓိပ္ပာယ်ပေါက်အောင် ရှင်းပြလိုက်သည်။ ထိုကဲ့သို့ ရှင်းပြပေးနေသည်ကို စိတ်ဝင်စားကြသော အခြား နိုင်ငံခြားသားများကလည်း စုဝေးရောက်ရှိလာသောကြောင့် နောက်ထပ်တစ်ကြိမ် ထပ်မံရှင်းပြပေးလိုက်ရာ အားလုံးက ကျေးဇူးတင်စွာဖြင့် တလေးတစား ပြန်လည်နှုတ်ဆက်သွားကြ၍ ရင်ထဲ၌ ပီတိဖြစ်မိသည်။

**အန်ကာကျောင်းတော်ကြီး၏ ထူးခြားမှု**

အန်ကာကျောင်းတော်ကြီး၏ ထူးခြားမှုကို အဝေးက လှမ်းမျှော်ကြည့်စဉ်ကတည်းကပင် ပညာမျက်စိဖြင့် သိမြင်နိုင်သည့်တိုင် အတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ကြည့်ရှုလေ့လာအကဲခတ်သည့်အခါ၌မူ ပို၍ပင် ထဲထဲဝင်ဝင် သိရှိလာရသည်။ အဝေးမှကြည့်စဉ်က ကျောင်းတော်ကြီးသည် အလွန်ကျယ်ဝန်းပြီး ပြားပြားဝပ်ဝပ် တည်ဆောက်ထားသည်ဟု ထင်ရသော်လည်း တကယ့်လက်တွေ့ အတွင်းပိုင်းသို့ ရောက်လာသည့်အခါ၌မူ တန်ဆောင်းတစ်ခုမှ နောက်တစ်ခု၊ အဆင့်တစ်ဆင့်မှ နောက်တစ်ဆင့်ဆီသို့ မသိမသာ မြင့်တက်သွားပြီး အပေါ်ဆုံးအဆင့်၊ အမြင့်ဆုံးသောနေရာသို့ ရောက်ရှိသည့်အခါ၌မူ မီတာပေါင်းထောင်ချီဝေးလံသော အဝေးမှမြင်ကွင်းများကို ထင်ရှားစွာ မြင်နေရသောကြောင့် အန်ကာကျောင်းတော်ကြီး၏ အမြင့်ဆုံးသော တန်ဆောင်းကြီးမှာ မည်ရွေ့မည်မျှအထိ မြင့်မားနေကြောင်း ကောင်းစွာ သတိပြုမိလိုက်တော့သည်။



အန်ကာကျောင်းတော်ကြီးအဝင်၌ တွေ့ရသည့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ

ကျောင်းတော်ကြီး၏ အတွင်းပိုင်း အလယ်ဗဟိုခန့်ရှိသော နေရာတစ်ဝိုက်တွင် အန်ကာယဉ်ကျေးမှုခေတ် စာကြည့်တိုက်များကိုတွေ့ရပြီး သူ့ခေတ်သူ့အခါအလိုက် ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့သည်ကို အသိအမှတ်ပြုမိသည်။ စာကြည့်တိုက်အဆောက်အအုံများသည် အန်ကာယဉ်ကျေးမှုခေတ်က ပညာကို မည်ရွေ့မည်မျှ တန်ဖိုးထားကြောင်း ပြသနေသည့် ရှေးဟောင်းပြယုဂ်များပင် ဖြစ်ကြသည်။ အန်ကာယဉ်ကျေးမှုခေတ်က ပညာရည်မြင့်မားမှုကို အန်ကာကျောင်းတော်ကြီးအား တည်ဆောက်ထားပုံများက သက်သေပြလျက် ရှိနေသလို စာကြည့်တိုက်များကလည်း ရည်ညွှန်းပေးလျက် ရှိနေကြသည်။

ခေတ်သစ်အင်ဂျင်နီယာပညာရပ်၏ အခြေခံများဟု ဆိုရမည်ဖြစ်သော Top View, Bottom View, Side View, Perspective View, Balancing, Curve, Column, Beam, Beamless စသည်တို့၏ သဘောတရားများကို ကမ္ဘောဒီးယားနိုင်ငံသားတို့က ရှေးနှစ်ပေါင်းရာချီ ကာလများကတည်းကပင် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့ကြောင်းကိုလည်း အန်ကာကျောင်းတော်ကြီးက သက်သေထူလျက် ရှိနေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဥရောပတိုက်သားတို့၏ စက်မှုတော်လှန်ရေးမတိုင်မီ နှစ်ပေါင်းလေးရာခန့်စောခဲ့သည့် အချိန်ကာလများကတည်းက ကမ္ဘောဒီးယားနိုင်ငံသားတို့က အင်ဂျင်နီယာပညာရပ်များကို တတ်မြောက်ပြီးသား ဖြစ်နေခဲ့သည်။ တကယ့်ကို တလေးတစား အသိအမှတ်ပြုကာ ချီးကျူးထိုက်ပေသည်။

**ချီးကျူး၍မဆုံးသည့် အင်ဂျင်နီယာပညာ**

ကြီးမားတုတ်ခိုင်လှသော်လည်း လက်ရာမြောက်လှသည့် ကျောက်ပွတ်လုံးတိုင်ကြီးများ၊ ကျောက်တုံးကြီးများကို တစ်ခုအပေါ်တစ်ခု ဆင့်၍ထပ်ကာ ရုပ်လုံးကြွ ပုံဖော်ထားမှုများ၊ ကျောက်တုံးကြီးများ၏ တစ်ခုပေါ်တစ်ခု၊ တစ်တုံးပေါ်တစ်တုံး ဟန်ချက်ညီစွာ အားပြုတည်နေကြပုံများ၊ မည်သည့်အဆောက်အအုံ၊ မည်သည့်တန်ဆောင်း၊ မည်သည့်ပြာသာဒ်ကိုမဆို ဗဟိုမျဉ်းနှင့် ဗဟိုအမှတ်တို့ကို အခြေခံလျက် အရပ်ရှစ်မျက်နှာ အချိုးညီညီ နေရာချ တည်ဆောက်ထားပုံများကို သာမန်ခရီးသွားဧည့်သည်များက လေးလေးနက်နက် သတိမပြုမိကြသည့်တိုင် အင်ဂျင်နီယာပညာရှင်ဖြစ်သော မိမိအနေဖြင့်မူ ချီးကျူး၍မဆုံး၊ လေးစား၍မကုန်၊ အသိအမှတ်ပြု၍မပြီးနိုင်အောင်ပင် ဖြစ်ခဲ့ရသည်။

အန်ကာကျောင်းတော်ကြီး၏ အမြင့်ဆုံးသော ဘုံပြာသာဒ်ပေါ်သို့ တက်ရောက်ရာတွင်မူ ယူနက်စကိုမှ အင်ဂျင်နီယာပညာရှင်များ၏ တိုင်းတာတွက်ချက်မှုများအရ လူပေါင်းတစ်ရာ၏ အလေးချိန်ကိုသာ ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရသဖြင့် အပေါ်တွင် သတ်မှတ်လူဦးရေ ပြည့်နေပါက ကျန်သူများက အောက်ဘက်ရင်ပြင်ပေါ်၌ ခေတ္တ စောင့်ဆိုင်းပေးကြရသည်။ ပြီးမှသာ အလှည့်ကျ တက်ရောက်လေ့လာပြီး ဘေးပတ်လည် အရပ်ရှစ်မျက်နှာမှ မြင်ကွင်းများကို ကြည့်ရှုခံစားကြရသည်။ ထိုသို့ တက်ရောက်လေ့လာနိုင်ရန်အတွက်လည်း သီးသန့် အတက်အဆင်းလှေကားများကို စီမံပြုလုပ်ပေးထားသည်။ မြေမျက်နှာပြင်မှ ၆၅ မီတာမြင့်သော ထိုနေရာသည် အန်ကာကျောင်းတော်ကြီး၏ View Point ပင် ဖြစ်ပေတော့သည်။

ဤသို့ဖြင့် အန်ကာကျောင်းတော်ကြီးပေါ်တွင် အချိန်သုံးနာရီကျော်ကြာမျှ ကြည့်ရှုလေ့လာပြီးနောက် ပြန်လည်ဆင်းသက်ကာ ကားရပ်နားကွင်းဆီသို့ ခြေကျင်လျှောက်၍ ပြန်ကြသည်။ ကားပေါ်၌စောင့်ပေးနေသော ကိုမောင်မောင်က ၎င်း၏ကားဖြင့် နေ့လယ်စာ ဘူဖေးစားသုံးမည့် Tonle Chaktomuk စားသောက်ဆိုင်ဆီသို့ ပို့ဆောင်ပေးသည်။ ဥရောပအစားအစာ၊ တရုတ်အစားအစာ၊ ကမ္ဘောဒီးယား အစားအစာများ စုံလင်စွာရရှိသော အဆိုပါဘူဖေးဆိုင်တွင် ၄၅ မိနစ်ခန့် နေ့လယ်စာသုံးဆောင်ကြပြီးနောက် ကမ္ဘောဒီးယားနိုင်ငံ အန်ကာယဉ်ကျေးမှုနယ်မြေ၏ ထင်ရှားလှသော Ta Prohm Temple ဆီသို့ ခရီးဆက်ကြသည်။

**Ta Prohm နှင့် Bayon Temple သို့**

အေဒီ ၁၁၈၆ ခုနှစ်က ဘုရင် Jayavarman VII တည်ဆောက်ထားခဲ့သော အဆိုပါကျောင်းတော်ကြီး၏ အထင်ကရ အဆောက်အအုံတိုင်းကို နှစ်သက်တမ်း ရာပေါင်းများစွာ ရှိနေပြီဖြစ်သည့် ရောမသစ်ပင်ကြီးများ၏ အမြစ်ကြီးများက ဝါးမျိုထားလျက်ရှိနေသည်ကို တွေ့မြင်ရသည်။ ကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်မှုများမလုပ်နိုင်တော့သည့် အချိန်ကာလများ နောက်ပိုင်းတွင် အဆောက်အအုံ အကြိုအကြား၌ ပေါက်ရောက်ခဲ့ကြသည့် သစ်ပင်ကြီးငယ်တို့က နှစ်ရာပေါင်းများစွာ ရှင်သန်ပေါက်ရောက်နေကြဆဲဖြစ်ကာ အဆောက်အအုံများကို ၎င်းတို့၏အမြစ်ကြီးများနှင့် ကုပ်တွယ်ဖိညှပ်ထားခဲ့ကြသည့် မြင်ကွင်းများပင်ဖြစ်သည်။ အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းသော မြင်ကွင်းများလည်းဖြစ်သည်။

ထိုမှတစ်ဖန် အန်ကာယဉ်ကျေးမှုနယ်မြေ၏ အထင်ကရတစ်ခုဖြစ်သော Bayon Temple ဆီသို့ ဆက်လက် သွားရောက်ကြသည်။ အဆိုပါ ကျောင်းတော်ဟောင်းကြီး၌မူ ကျောက်တုံးစင်မြင့်ကြီး ၅၄ ခုပေါ်၌ အလွန်ကြီးမားသည့် မျက်နှာပုံပေါင်း နှစ်ရာကျော်ကို ရောမကျောက်တုံးကြီးများဖြင့် ထွင်းထုပုံဖော်ထားသည်ကို တွေ့ရှိရသည်။ ခမာအင်ပါယာ၏ စီရင်စုနယ်မြေ ၅၄ ခုကို ကိုယ်စားပြုသော ဘုရင့် မျက်နှာတော်ပုံကြီး ၅၄ ခု ထုဆစ်ထားသည့် ခမာအင်ပါယာကိုယ်စားပြုအမှတ်အသားနယ်မြေကြီးပင် ဖြစ်သည်။ ဤသည်တို့မှာ တစ်ချိန်က အန်ကာခေတ်နှင့် အန်ကာယဉ်ကျေးမှု မည်ရွေ့မည်မျှ ထွန်းကားခဲ့သည်၊ မည်ရွေ့မည်မျှ ကြီးကျယ်ခမ်းနားခဲ့သည်တို့ကို သမိုင်းသက်သေပြနေသော အထင်ကရနေရာများ၊ အထင်ကရအဆောက်အအုံများ၊ အထင်ကရမြင်မှတ်များ၊ အထင်ကရအမှတ်အသားများပင် ဖြစ်ပေတော့သည်။

အန်ကာယဉ်ကျေးမှုနယ်မြေတစ်ဝန်း၌ တစ်နေကုန်နီးပါး လှည့်ပတ်ကြည့်ရှု လေ့လာခဲ့ပြီးနောက် ကိုမောင်မောင်၏ ကားဖြင့်ပင် တည်းခိုနေထိုင်ရာ စီယမ်ရိမြို့ Hotel Beyond Yangon ဆီသို့ ပြန်ကြသည်။ ဟိုတယ်တွင် ခေတ္တနားကာ ရေချိုးသန့်စင်ပြီးနောက် ကိုမောင်မောင်က Indian Food Restaurant ၌ ညစာအဖြစ် အိန္ဒိယအစားအစာများဖြင့် ကျွေးမွေးဧည့်ခံသည်။ ပြီးနောက် Mini Mart အချို့တွင် ပစ္စည်းပစ္စယအချို့ဝယ်ယူပြီးနောက် ဟိုတယ်ပြန်ကာ ညအိပ်ရပ်နားကြသည်။

**ကမ္ဘောဒီးယားဘုရင့်ဘုရားကျောင်း**

နောက်တစ်နေ့ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဟိုတယ်၌ နံနက်စာသုံးဆောင်ပြီး စီယမ်ရိမြို့ ကမ္ဘောဒီးယား ဘုရင့်နန်းတော်ဝင်းအတွင်းရှိ ဘုရင့်ဘုရားကျောင်းတော်သို့ သွားရောက်ဖူးမြော်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကွန်မြူနစ်ခမာနီများ ကြီးစိုးစဉ်ကာလများက သေနတ်ကျည်ဆန်နှင့် အမြောက်ဆန်များပြုလုပ်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓကြေးဆင်းတုတော်များကို အရည်ကျိုစေရာတွင် မည်သို့မျှလည်း အရည်ကျို၍မရ၊ မည်သည့်နည်းနှင့်မှလည်း ဖျက်ဆီး၍မရသော ဗုဒ္ဓကြေးဆင်းတုတော်နှစ်ဆူ ရှိနေခဲ့သည်။ အဆိုပါ ထူးဆန်းလှသည့် ဗုဒ္ဓကြေးဆင်းတုတော်နှစ်ဆူကို ကွန်မြူနစ်ခမာနီတို့ စွန့်ပစ်ထားခဲ့သည့်နေရာမှ ဘုရင့်အိမ်တော်ဝင်းနေရာဆီသို့သယ်ဆောင်ကာ ပူဇော်ထားသည့် ဘုရားကျောင်းတော်ပင်ဖြစ်သည်။ မီးမခသော မတ်ရပ် ဗုဒ္ဓကြေးဆင်းတုတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ ဘုရင့်အိမ်တော်ဝင်း ဘုရားကျောင်းတော်ဆီသို့ နေ့စဉ် လူရာပေါင်းများစွာ လာရောက်ဖူးမြော်ကြကြောင်းလည်း သိရသည်။

ယင်းနောက် မိတ်ဆွေဖြစ်သူ ကိုမောင်မောင် လိုက်ပို့သည့် စီယမ်ရိမြို့ Day Market ၌ အပြန်ခရီးအတွက် ကမ္ဘောဒီးယားရိုးရာ လက်ဆောင်ပစ္စည်းများကို ထပ်မံဝယ်ကြပြန်သည်။ ထို့နောက် ဟိုတယ်ပြန်ကာ နေ့လယ်စာသုံးဆောင်ပြီးနောက် ကိုမောင်မောင်တို့ မိသားစုကို ကျေးဇူးတင်စွာဖြင့် နှုတ်ဆက်ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲကျော်ကျော်၌ စီယမ်ရိမြို့မှ ဖနောင်းပင်မြို့ဆီသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဖနောင်းပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ တစ်နာရီကျော်မျှ ခေတ္တနားသည်။ ဒေသစံတော်ချိန် ည ၉ နာရီတွင် Check-in လုပ်ပြီး Boarding Room သို့ ၉ နာရီခွဲတွင် ရောက်ရှိသည်။ ထို့နောက် ဖနောင်းပင်မြို့မှ ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ထွက်ခွာပျံသန်းသည့် Emirate လေကြောင်းလိုင်းဖြင့် ပြန်လည်လိုက်ပါခဲ့ကြရာ ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၁၂ နာရီ ၁၅ မိနစ်တွင် ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ (AAET)၏ Cambodia Chapter က ကမကထပြု စီစဉ်ကျင်းပသော Phnom Penh Engineering Science Fair, The 6th ASEAN-Korea Engineering Forum & Round Table Meeting များသို့ တက်ရောက်ရင်း ၁၄ ရာစု အန်ကာယဉ်ကျေးမှုခေတ်၏ ရှေးဟောင်းလက်ရာများကိုပါ သွားရောက်လေ့လာခွင့်ရခဲ့သည့် ဤခရီးစဉ်ကြီး တစ်လျှောက်လုံးအတွက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တကွ အစိုးရတာဝန်ရှိသူများအားလုံးကိုလည်းကောင်း၊ AAET ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ အားလုံးကိုလည်းကောင်း၊ AAET-Cambodia Chapter မှ တာဝန်ရှိသူများအားလုံးကိုလည်းကောင်း၊ AAET အဖွဲ့ဝင် အင်ဂျင်နီယာပညာရှင်ကြီးများအားလုံးကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ NAEK မှ ပါမောက္ခများအားလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့အားလည်းကောင်း၊ မိမိနှင့်အတူ သွားရောက်ခဲ့ကြသော ပါမောက္ခဒေါက်တာစိန်မြင့်၊ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်၊ ပါမောက္ခဒေါက်တာခင်ခင်ခိုင်၊ အင်ဂျင်နီယာချုပ် ဦးစိုးအောင်တို့အားလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ စီယမ်ရိမြို့နေ Hotel Beyond Yangon ပိုင်ရှင် ကိုမောင်မောင်နှင့်တကွ မိသားစုတို့အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါသည်။ ။

## ချင်းတွင်းမြစ်ကြောင်းအတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ် နှစ်ကြာစမ်းသပ်မှုများ လုပ်ဆောင်မည်

**မုံရွာ ဇန်နဝါရီ ၃၀**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ချင်းတွင်းမြစ်၏ ရေနည်းကာလများဖြစ်သော ဆောင်းရာသီနှင့် နွေရာသီတို့တွင် သွားလာမှုအဆင်ပြေစေရန် နယ်သာလန်နိုင်ငံမှ ကူညီမှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

"ချင်းတွင်းမြစ်က ဧရာဝတီရဲ့မြစ်လက်တက်ဖြစ်တာကြောင့် ဧရာဝတီဖွံ့ဖြိုးရေး အစီအစဉ်အရ လုပ်ဆောင်ပေးတာပါ။ ချင်းတွင်းမြစ်အောက်ပိုင်းနဲ့ အထက်ပိုင်း နှစ်ပိုင်းခွဲပြီး အကူအညီပေးမယ်လို့ သိရတယ်။ အခုပထမဆုံးအနေနဲ့ ရေကြောင်း ကျပ်မှုအများဆုံးဖြစ်နေတဲ့ ချင်းတွင်းမြစ်အထက်ပိုင်းဖြစ်တဲ့ မော်လိုက်မြို့ကနေ ခန္တီးမြို့အထိ ရေလမ်းကြောင်းကို စတင်တပ်ဆင် စမ်းသပ်သွားမယ်လို့သိပါတယ်။ ကိရိယာ ငါးခုတပ်ပေးလိုက်လို့ရှိရင် ရေယာဉ်ငါးစင်းစလုံးက သူသွားချင်တဲ့ နေရာကနေ သွားမယ်။ အဲဒီလို သွားခဲ့ရင် အကောင်းဆုံးလမ်းကြောင်းကတော့ တစ်ကြောင်းတည်းပဲ ပေါ်လာမယ်။ ကိရိယာတွေ တပ်ဆင်ထားတဲ့ ရေယာဉ်တွေက ဖော်ပြထားတဲ့ ရေလမ်းကြောင်းကို ရွေးချယ်ခုတ်မောင်းရုံပဲ။ ရာသီဥတုအခြေအနေနဲ့ အခြားအန္တရာယ်ဖြစ်နိုင်တဲ့အခြေအနေကို ဒီကိရိယာတွေ တပ်ဆင်လိုက်ရင် အဆင်ပြေသွားမယ်။ ရေယာဉ်တွေအနေနဲ့ ရေနည်းကာလမှာ သွားလာမှု အဆင်ပြေသွားမှာဖြစ်တဲ့အတွက် ခရီးသည်တွေ၊ ကုန်စည်တွေ စီးဆင်းမှုမြန်ဆန်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ချင်းတွင်းမြစ် ရေနည်းကာလ၌ သွားလာမှုအဆင်ပြေရန် လုပ်ဆောင်ပေးမည့် အစီအစဉ်တွင် ကုန်တင်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ်များတွင် လက်ရှိရေ အနက်တိုင်းကိရိယာ၊ မိုးလေဝသအခြေအနေကို သိနိုင်သောကိရိယာ၊ ရေယာဉ်များ၌ ခရီးသည်(သို့)ကုန်စည်ကို တင်ဆောင်ထားသည့် အလေးချိန်ကို သိနိုင်သော ကိရိယာ၊ ရေယာဉ်အန္တရာယ်တစ်ခုခုဖြစ်ချိန်တွင် အလိုအလျောက်အသံမြည်သော ကိရိယာနှင့် အကောင်းဆုံးရေလမ်းကြောင်းကို ရွေးချယ်ပေးသော ကိရိယာများ ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းကိရိယာများကို ၂၀၁၉ ဖေဖော်ဝါရီလအတွင်း ရေယာဉ်နှစ်စင်းကိုလည်းကောင်း၊ မတ်လအတွင်း ရေယာဉ် သုံးစင်းကိုလည်းကောင်း လာရောက်တပ်ဆင်ပေးကာ ရေနည်းကာလ နှစ် နှစ်အကြာ စမ်းသပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

## မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

### တကောင်း

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် တကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ တကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူး ဒေါ်ယဉ်ယဉ်အေးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက တကောင်းမြို့ကို ၂၀၀၇ ခုနှစ်က ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီးနောက် ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ တည်ရှိရာဇုန်၊ ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် သတ်မှတ်ထားရှိကာ တူးဖော်ထားသည့်ကုန်းမြေ ၄၄ ကုန်းရှိကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများအကြောင်းစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းတက်ရောက်လာကြသည့် ဒေသခံပြည်သူများက ရှေးဟောင်းသတ်မှတ်ဇုန်များနှင့် လွတ်ကင်းမှုမရှိဘဲ ခြံခတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျိုက်ဒုံ

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပရာ ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း၊ ပြစ်မှု ပြစ်ဒဏ်များ၊ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲမိစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အစဉ်သတိပြုရန် ဟောပြောဆွေးနွေးခဲ့ ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



ကျိုက်ဒုံမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပစဉ်။

### စေတုတ္တရာ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်လူမှုဖွံ့ဖြိုးရေး ရပ်ဝန်းက ဦးဆောင်၍ လူငယ်နှင့်အနာဂတ်ပညာရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇန်နဝါရီ ၂၉ ရက်က စေတုတ္တရာမြို့ရှိ မြို့နယ်ဓမ္မစကူးလ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ဦးအောင်မြင့်(ညွှန်ကြားရေးမှူး)၊ ဦးမင်းကိုနိုင်(၈၈ ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ဒေါ်ညိုညိုဦး(တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်)နှင့် ဦးဝင်းမြင့်ထွေး(ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ)တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသော ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### မိုးနဲ

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် မူးယစ်ဆေးဝါး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်က မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်က အမှာစကားပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောက်ကိုမြင့်နှင့် တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိကောင်းစရာများနှင့် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးမသုံးစွဲမိစေရေး၊ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ ဖြစ်တတ်သော ကျန်းမာရေး အကြောင်း၊ မူးယစ်ဆေးဝါးများဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

### ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျီးသဲကျေးရွာ အထကကျောင်းခန်းမ၌ ဇန်နဝါရီနောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးဝမ်းလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးရန်ရှင်းအောင်နှင့် မြို့နယ်စားသုံးသူရေးရာဌာန တာဝန်ခံ ဦးအောင်နိုင်ဦးတို့က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် လမ်းလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး စသည်တို့နှင့်ပတ်သက်၍ ကဏ္ဍအလိုက်ဆွေးနွေးကြကာ ပြည်သူများ၏မေးမြန်းမှုများကိုလည်း ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ဗထူး**

## အရည်အသွေးမြင့်ကော်ဖီများ စိုက်ပျိုးထုတ်လုပ်ရန် နည်းပညာပိုင်းကူညီမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကော်ဖီသီးနှံသည် နိုင်ငံခြားဈေးကွက် ရရှိနေသဖြင့် အခြေအနေပေးသည့်ဒေသများတွင် ကော်ဖီသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ပြီး ကော်ဖီစိုက်ပျိုးသည့် ကျေးရွာများတွင် မျိုးသန့်ပျိုးခြံများ ဆောင်ရွက်ပေးမည်ဖြစ်ကာ ဈေးကွက်ဝင် အရည်အသွေးမြင့်ကော်ဖီများ စိုက်ပျိုးထုတ်လုပ်လာနိုင်ရန် နည်းပညာပိုင်းလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်သည့် မင်းတုန်းမြို့နယ်မှ ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီအခွံချွတ်စက်နှင့် ကော်ဖီမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲနှင့် ထုတ်လုပ်သော ကော်ဖီစေ့များကို ဈေးကွက် နှင့်ချိတ်ဆက်ပေးသည့် အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

အခမ်းအနားတွင် ဥဒဏ်ကြီးရှင်ကုမ္ပဏီ(ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်း) မှ တာဝန်ရှိသူတစ်ဦးက ကော်ဖီသီးနှံ၏ ဈေးကွက်ဆိုင်ရာများကို တောင်သူများ အကျွမ်းတဝင်သိရှိရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးက မြို့နယ်အတွင်းမှ ကော်ဖီစိုက်ပျိုးကြသည့် တောင်သူများအတွက် ကော်ဖီသီးနှံ နှင့်ပတ်သက်သည့် ဈေးကွက်၊ အရည်အသွေး၊ သီးနှံ၏ အရေးကြီးမှု အခြေအနေများကို သိရှိစေရေးအတွက် ဆွေးနွေးမှုများနှင့် မကွေးတိုင်းဒေသကြီး မင်းတုန်းကော်ဖီဆိုသော ကုန်ပစ္စည်းအမည်ကောင်းတစ်ခု ရရှိစေရေး အတွက် လမ်းဖွင့်အကြံပြုဆွေးနွေးချက်များအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် မင်းတုန်းမြို့နယ်မှ ကော်ဖီစိုက်ကျေးရွာနှစ်ရွာသို့ ကော်ဖီအခွံချွတ်စက်နှင့် ကော်ဖီမျိုးစေ့များ၊ ကော်ဖီကို GAP စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးစာအုပ်များ၊ ကော်ဖီစိုက်နည်း ပညာပေးလက်ကမ်း စာစောင်များကို ပေးအပ်ခဲ့သည်။



ကျေးရွာနှစ်ရွာမှ တောင်သူများအား ကော်ဖီအခွံချွတ်စက်များ ပေးအပ်စဉ်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## သံဖြူဇရပ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ၂၄ နာရီအပြည့်အဝရရှိ

**သံဖြူဇရပ် ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝပို့လွှတ်ရောက်ရှိနိုင်ရန် သံဖြူဇရပ်မြို့တွင် ၆၆/၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး မော်လမြိုင်မြို့ ၂၃၀ ကေဗွီ ပင်မခွဲရုံမှ ပို့လွှတ်သည့်ဓာတ်အားသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် စတင်ရောက်ရှိပြီး ဒီဇင်ဘာ ၉ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်အသီးသီးနှင့် ကျိုက္ခမီမြို့ အပါအဝင် ဓာတ်အားလိုင်းရောက်ရှိသည့် ကျေးရွာများအထိ သံဖြူဇရပ် ၆၆ ကေဗွီခွဲရုံမှတစ်ဆင့် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယခင်က နေအိမ်အသုံးပြုမှုနှင့် အိမ်တွင်းစက်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် ဗို့အားအပြည့်အဝမရရှိခြင်း၊ ဓာတ်အားဖြတ်တောက်မှု မကြာခဏဖြစ်ပေါ်ခြင်းကို နှစ်ကာလကြာမြင့်စွာ ခံစားခဲ့ကြရာမှ ယခုအခါ ၆၆ ကေဗွီခွဲရုံလိုင်းမှ လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ သုံးစွဲခွင့်ရရှိခြင်းကြောင့် ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိကြောင်း သိရသည်။

"ယခင်က မော်လမြိုင်ပင်မဓာတ်အားခွဲရုံက ၃၃ ကေဗွီလိုင်းနဲ့ ပို့လွှတ်တဲ့ဓာတ်အားကို မုဒုံမြို့နယ်နဲ့ မြို့နယ်အတွင်းက ကျေးရွာတွေကို ဖြတ်သန်းပြီး သံဖြူဇရပ်မြို့နယ်ကို ရောက်ရှိလို့ ဗို့အားက မပြည့်တော့ဘဲ မီးပျက်တာ အမြဲတမ်းရင်ဆိုင်ခဲ့ရတယ်။ အခု ၆၆ ကေဗွီလိုင်းနဲ့ သံဖြူဇရပ်ကို ဓာတ်အားပို့လွှတ်တဲ့နေ့ကစပြီး ပြည်သူတွေနဲ့ လုပ်ငန်းတွေ ဗို့အား အပြည့်အဝသုံးစွဲခွင့်ရသလို ဓာတ်အားပြတ်တောက်မှုကလည်း မရှိသလောက်ပါ။ ဒါကြောင့် ပြည်သူတွေ လျှပ်စစ်ကြောင့် စိတ်မညစ်ရတော့ဘဲ စိတ်ချမ်းမြေ့မှုရှိနေကြတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့နယ်တွင် ရပ်ကွက်/ ကျေးရွာများအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားရယူသုံးစွဲသူ အိမ်ထောင်စုပေါင်း ၁၇၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကျော်ဝင်း (သံဖြူဇရပ်)**



ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မက်ဆီပက် ဂျုံသီးနှံစံကွက် ရိတ်သိမ်းခြင်းကို ဇန်နဝါရီ ၂၈ ရက်က လုံပေးကျေးရွာအုပ်စု ဘုရားဖြူကျေးရွာမှ တောင်သူ ဦးခွန်ရွှေဘ ယာမြေတွင် ကျင်းပစဉ်။

**(အဆိုပါ ကွင်းသရုပ်ပြပွဲကို ၂၀၁၈-၂၀၁၉ ခုနှစ် ဆောင်းရာသီတွင် သီးထပ်စိုက်ပျိုးထားရှိသော မက်ဆီပက် ဂျုံသီးနှံမှ တစ်ဧကအကျိုးအမြတ်ရရှိစေသည်ကို လက်တွေ့သိမြင်နိုင်စေရန်နှင့် ဒေသအတွင်း သီးနှံအထွက်နှုန်း တိကျမှန်ကန်စေရေးအတွက် ပြုလုပ်ခြင်းဖြစ်ပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း ၁၇ ဒသမ ၅ တင်း ၃၅၀ ပိဿာ ထွက်ရှိကြောင်း သိရသည်။)**

ထက်ထက် (ဟိုပုံး)

# တရုတ်နှစ်သစ်ကူးပွဲတော်စည်ကားစွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဖေဖော်ဝါရီ ၅ ရက်သည် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ဖြစ်ရာ နှစ်သစ်ကူးပွဲတော်ကို လသာမြို့နယ် တရုတ်တန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

နှစ်သစ်ကူးရက်ဖြစ်သည့် ဖေဖော်ဝါရီ ၅ ရက်တွင် သံဃာတော်များ၊ တရုတ်ဘုန်းတော်ကြီးများ၊ သီလရှင်များ အပါး ၁၅၀၀ ကျော်ကို ကွမ်တုံဘုရားကျောင်းက ဦးဆောင်၍ ကွမ်းထုံပြည်နယ်လုပ်ငန်းရှင်များ၊ ဖူးကျင့်၊ ယူနန်၊ ရွှေသံလွင် တရုတ်ပြည် ကုန်သည်ကြီးများအသင်းတို့မှ လောင်းလှူကြမည် ဖြစ်သည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကို တတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး မဟာဗန္ဓုလလမ်းတစ်လျှောက်၊ လမ်းမတော်လမ်းမှ ရွှေတိဂုံဘုရားလမ်းတစ်လျှောက် မီးပုံးအကြီးအသေး အလုံး ၄၀၀၀ ခန့် ချိတ်ဆွဲထားမည်ဖြစ်သည်။ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် လမ်းမတော်ထိပ်မုခ်ဦးရှေ့၌ ကျင်းပမည်ဖြစ်ပြီး စတုဒိသာ အလှူများနှင့် ရိုးရာပြခန်းများကို မဟာဗန္ဓုလလမ်းတစ်လျှောက်၌ ကျင်းပသွားမည်ဖြစ်ကာ အက၊ အလှသီဆိုမှုများကို လသာလမ်းရှိ စင်မြင့်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယခုကျရောက်မည့် နှစ်သစ်သည် ဝက်နှစ်ဖြစ်ရာ တရုတ်တန်း အရောင်းဆိုင်များ၌ တရုတ်မီးပုံးများနှင့် ဝက်ရုပ်များ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# စိုက်ခင်းများတွင် ပိုးမွှားရောဂါ ကျရောက်မှုရှိ မရှိစစ်ဆေး

**သံတောင်ကြီး ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈- ၂၀၁၉ ခုနှစ် အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် တောင်သူများစိုက်ပျိုးထားသော ဆောင်းသီးနှံပဲမျိုးစုံ ဆီထွက်နှင့်အစေ့ထုတ်ပြောင်းသီးနှံများတွင် ပိုးမွှားရောဂါကျရောက်မှုရှိ မရှိ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးလင်းအောင်နှင့် ဝန်ထမ်းများက သံတောင်ကြီးမြို့နယ်အတွင်းရှိ ရွာကြီးကျေးရွာအုပ်စု ပျားစခန်း၊ စီပင်ကလေးကျေးရွာအုပ်စု (မိုင်၂၀)၊ သပြေညွန့်ကျေးရွာအုပ်စုနှင့် ခဲချောင်းကျေးရွာများသို့သွားရောက်ကာ သီးနှံဖျက်ပိုး (ငမြှောင်တောင်)နှင့် အခြားဖျက်ပိုးကျရောက်မှု ရှိ မရှိ မှတ်တမ်းကောက်ယူခဲ့ကြပြီး တောင်သူများနှင့်တွေ့ဆုံကာ သီးနှံဖျက်ပိုး (ငမြှောင်တောင်) ပိုးနှင့်ပတ်သက်သည်များကို နည်းပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အလှူငွေလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၃၀**

ယူနန်ပြည်နယ်ပေါင်စန်းမြို့ စီးပွားရေး-ဆက်ဆံရေးရုံး(မန္တလေး)မှဦးကြည်မြင့် Mr.Zhao Qi Huiနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်(ပါမောက္ခချုပ်-ငြိမ်း)နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၇ ရက်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းများသို့ ငွေပဒေသာပင်များစိုက်ထူ လှူဒါန်းခဲ့ကြသည်။

အဆိုပါအဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ သာသနဇောတိကာရုံ စာသင်တိုက်ရှိ အမှတ် (၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဓမ္မစကူးမှ ကျောင်းသား ကျောင်းသူ ၇၀ ကျော်၊ အောင်ပင်လယ်ရပ်ကွက် သစ္စာအဓိဋ္ဌာန်ဆုတောင်းပြည့်မြသဘက်ဘုရား စောမွန်လှပရဟိတ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူ ၇၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း(စ)ရပ်ကွက် စက်မှုဇုန်ရှိ ဘုံပျံတောရအလယ်တိုက်ရတနာအောင်မြင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မိဘမဲ့ကလေး၂၀၂ ဦးတို့အတွက် ဆရာတော်ကြီးများထံ သွားရောက်၍ ဒုတိယအကြိမ် ငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# နောင်တလားကျေးရွာအတွင်း ကျောက်ချောလမ်းဖွင့်

**ကော့ကရိတ် ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နောင်တလားကျေးရွာအတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦစောဆားဒေါက်ဖော့က အမှာစကားပြောကြားပြီး မြို့နယ်နည်းပညာ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောသန်းစိုးက စီမံကိန်း၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းခဲ့သည်။

အဆိုပါ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းထောက်ပံ့ငွေကျပ် သိန်း ၉၀၊ ကျေးရွာထည့်ဝင်ငွေ ငွေကျပ် ၂၀၇၀၀၀၀ ဖြင့် ရွာသူ ရွာသားများကိုယ်တိုင် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

# လှည်းကူးမြို့နယ် ရဲမွန် အော်ဂဲနစ် ဟင်းသီးဟင်းရွက် စိုက်ခင်းများ လာရောက်လေ့လာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၀

**အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးအသိအမြင် ကြွယ်ဝလာသော စားသုံးသူများ၏ တောင်းဆိုမှု၊ အော်ဂဲနစ် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်လိုသောလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုမြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတစ်ဝန်းတွင် အော်ဂဲနစ်စိုက်ခင်းများ၊ အော်ဂဲနစ်ထုတ်ကုန်များထွက်ပေါ်လာလျက်ရှိသည်။**

အော်ဂဲနစ်စိုက်ပျိုးရေး စနစ်တကျ ဖွံ့ဖြိုးလာစေရေးနှင့် အော်ဂဲနစ်နှင့် ပတ်သက်သည့် စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာ ကျင့်သုံးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက စံချိန်စံညွှန်းများရေးဆွဲပြီး ဇန်နဝါရီ ၂၆ ရက် က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးရှိ ဟင်းသီးဟင်းရွက်သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ အော်ဂဲနစ်စံချိန်စံညွှန်းများကို ကြေညာခဲ့ပြီးဖြစ်သကဲ့သို့ အော်ဂဲနစ် ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ GAP စိုက်ခင်းများကိုလည်း အများပြည်သူတို့ လက်တွေ့ လေ့လာနိုင်ရန် စိုက်ပျိုးပြသထားလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပုဂ္ဂလိကသစ်သီး အရောင်းဆိုင်ခန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချပေးလျက်ရှိရာ ဟင်းသီးဟင်းရွက်ပွဲတော်ရှိ အော်ဂဲနစ်စိုက်ခင်းများ၊ GAP စိုက်ခင်းများ၊ ဆန်ခါရုံအတွင်းစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ မျိုးစေ့ထုတ်စိုက်ခင်းများ၊ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ခင်းများကို အများပြည်သူတို့ လာရောက်လေ့လာလျက်ရှိကြပြီး ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **မေမိုးသဲ**



လှည်းကူးမြို့နယ်ရှိ အော်ဂဲနစ်စိုက်ခင်းများသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ လာရောက်လေ့လာစဉ်။

# နေပြည်တော် လက်လုပ်တောင် ဗောဓိဟိတကာရီအဖွဲ့က အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ကုသိုလ်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော် လက်လုပ်တောင် ဗောဓိဟိတကာရီ သာသနာပြုအဖွဲ့က အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့မှ ကံပွင့်ညဏ်ပွင့် စုစုပေါင်း ကုသိုလ်ပြုသော ယောဂီ ၅၀၀ တို့ စုပေါင်း၍ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းရှိ သမိုင်းဝင်နှစ်ပေါင်း ၁၀၀၀ သက်တမ်းရှိ ကမ္ဘာ့စံဝင် ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သို့ ဇန်နဝါရီ ၂၆ ရက်က သွားရောက်ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

ရှင်အရဟံဗောဓိပင်ကို သာသနာတော်နှစ် ၁၆၀၇ ခု၊ ကောဇာသက္ကရာဇ် ၄၂၅ ခု၊ အေဒီ ၁၀၆၃ ခုနှစ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီးနှင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာဗောဓိမဏ္ဍိုင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါလက်ယာ "တောင်ကိုင်းတော်" ကို ပင့်ဆောင်စိုက်ပျိုးတော်မူခဲ့ကြောင်းနှင့် ဗောဓိပင်၏သက်တမ်းသည် ယခုအခါ နှစ် ၁၀၀၀ နီးပါးရှိပြီဖြစ်ကြောင်း ဆရာတော်ဦးဥတ္တမက မိန့်ကြားသည်။

လက်လုပ်တောင်၌ တရားအားထုတ်ခဲ့သော ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးနှင့် ဗောဓိရိပ်ငြိမ်ဆရာတော်တို့၏ ကျေးဇူးကို တရားဖြင့် ကျေးဇူးဆပ်သည့်အနေဖြင့် မဟာဗောဓိရွှေညောင်တော်တွင် ဆွမ်းကပ်လှူဒါန်းခြင်း၊ ခင်ပွန်းကြီး ၁၀ ပါး ကန်တော့ခြင်း၊ ပင်းမြို့ဟောင်း မဟာဗောဓိ ၁၀၀၀ ဆရာတော်က အနုမောဒနာတရား ဟောကြားခြင်း၊ စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ စုပေါင်းတရားဘာဝနာပွားများခြင်းနှင့် ဘုရားဖူးခရီးစဉ်တွင် ဘုရားမဲဖောက်ခြင်း အစီအစဉ်များဖြင့် ကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြောင်း ခရီးစဉ်တွင် လိုက်ပါခဲ့သော ဦးဇေယျဦးက ပြောကြားသည်။ ခရီးစဉ်ကုန်ကျစရိတ်ငွေကျပ်သိန်း ၆၀ ခန့် ကုန်ကျခဲ့ကြောင်းနှင့် ခရီးစဉ်တစ်လျှောက် နေပြည်တော်မိသားစု ပရဟိတအဖွဲ့က လုပ်အားဒါန ပါဝင်ကုသိုလ်ပြုဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



နေပြည်တော် လက်လုပ်တောင် ဗောဓိဟိတကာရီအဖွဲ့ မှတ်တမ်းပုံ။

# မိတ္ထီလာမြို့နယ် ရုံးတောလေးကျေးရွာအနီး ရထားသံလမ်းဘေး လယ်ကွင်းထဲတွင် စစ်ကျန်ဗုံးသီးဟောင်းများတွေ့ရှိ

**မိတ္ထီလာ ဇန်နဝါရီ ၃၀**

မိတ္ထီလာမြို့နယ် ရုံးတောလေးကျေးရွာအနီး မီးရထားသံလမ်းဘေး လယ်ကွင်းထဲမှ ဇန်နဝါရီ ၂၉ ရက်က စစ်ကျန်ဗုံးသီးဟောင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ရုံးတောလေးကျေးရွာအနီး မီးရထားသံလမ်းဘေးမှ ဦးသိန်းထွေး ပိုင်ဆိုင်သည့် ကွင်းအမှတ် ၇၅၀၇ လယ်ကွက်ထဲမှအရှည် ၂ ပေခွဲ အနံ ၁ ပေခွဲခန့်ရှိ ဘိလပ်မြေအိတ်ခွံအား ထိပ်မှ ချည်နှောင်ထားသည်ကို တွေ့ရှိရသဖြင့် ယင်းအိတ်ကိုမသင်္ကာ၍ ဖွင့်ကြည့်ခဲ့ရာအိတ်အတွင်း၌ သံချေးတက်နေသည့် အရှည် ၁၂ လက်မ၊ လုံးပတ် ၉ လက်မခန့်ရှိ စစ်ကျန်ဗုံးသီးဟောင်းသုံးလုံးကို တွေ့ရှိခဲ့သည်။ ရုံးတောလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဌေးထံသို့ အကြောင်းကြားခဲ့ရာ ထိုမှတစ်ဆင့် မြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားခဲ့သည်။ မြို့မရဲစခန်းမှ ဒုရဲအုပ် သက်ပိုင်စိုးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ကျန်ဗုံးသီးဟောင်းများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မီးရထားသံလမ်းဘေးလယ်ကွင်းထဲမှ တွေ့ရသည့် ဗုံးသီးဟောင်းများ။

# နမ့်ခမ်းမြို့၌ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**နမ့်ခမ်း ဇန်နဝါရီ ၃၀ -** (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ဇန်နဝါရီ ၃၀ရက်က ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်ဆုရရှိသူများအား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မန်းညွန့်ကြည်က ပြည်သူ့စာကြည့်တိုက်၊ ရပ်ကွက် ကျေးရွာစာကြည့်တိုက်များ၊ စာသင်ကျောင်းများ၊ ကျောင်းစာကြည့်တိုက်များအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းထုတ်ဝေသည့် ပေါက်ဖော်မဂ္ဂဇင်း အုပ်ရေ ၂၅၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ညဏ်မင်း (နမ့်ခမ်း)**

# “ ကြာတော့သည်လည်း မောင့်စကား” ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်




**ရန်ကုန် ဇန်နဝါရီ ၃၀**
ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာမီးပွား ရိုက်ကူးသည့် “ ကြာတော့သည်လည်း မောင့်စကား” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Exam-plez)၊ ဖွေးဖွေး၊ နေဆန်း၊ လင်းခ၊ မှူးပြည့်သျှင်၊ စိန်ပဲကျော်အဖွဲ့နှင့် အခြားသော အနုပညာရှင်များစွာ ပါဝင်ထားပြီး အပြန်အလှန်စကားလုံးများနှင့် ခံစားချက်များကို အဓိကဖော်ကျူးထားသည့် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ၌ (ဝဲပုံ) ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင်များက မိမိတို့ပါဝင်သရုပ်ဆောင်ခဲ့ရမှုအပေါ် ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကာ တက်ရောက်လာကြသည့် ပရိသတ်များနှင့်အတူ အဆိုပါရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကြသည်။

မိတ်ဆက်ပွဲသို့ တက်ရောက်လာသည့် စိုင်းစိုင်းခမ်းလှိုင်၏ ပရိသတ်ဖြစ်သူ စမ်းချောင်းမြို့နယ်မှ မမေသဇင်က “ ဝတ္ထုလည်းဖတ်ပြီးပြီ။ တော်တော်ကောင်းပါတယ်။ အခုပါဝင်တဲ့ အဓိကသရုပ်ဆောင် သုံးဦးလုံးကို ကြိုက်တယ်။ ရုပ်ရှင်နဲ့ ဝတ္ထုကတော့ ရသတစ်မျိုးစီတော့ ရှိပါတယ်။ အရင်တုန်းကလည်း ဒီဇာတ်ကားလေးက ရိုက်ခဲ့ဖူးတာဆိုပေမယ့် အခုပြန်ကြည့်ရင်လည်း ရသတစ်မျိုးလေးတော့ပြန်ပေးမယ်လို့ ထင်ပါတယ်” ဟု ပြောသည်။

**ဇော်ကြီး**

# နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များ လေ့လာရေးခရီးစဉ် တတိယနေ့ MRTV၊ လွှတ်တော်၊ ဥပ္ပါတသန္တိစေတီနှင့် ရေပန်းဥယျာဉ်တို့သို့လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၃၀**
နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များသည် ဆဋ္ဌမအကြိမ်မြောက် လေ့လာရေးခရီးစဉ် တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သတင်းရိုက်ကူးတည်းဖြတ် ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်နေမှုများနှင့် ရေဒီယိုထုတ်လွှင့်ရေးအစီအစဉ်များကို လိုက်လံရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့များ၏ ရိုးရာအကများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ လူငယ်မောင်မယ် လေ့လာရေးအဖွဲ့များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ (အောက်ပုံ) တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့နောက် လူငယ်မောင်မယ် လေ့လာရေးအဖွဲ့များသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ညနေပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ်သို့ ဆက်လက်ပို့ဆောင် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ပဲခူးမြို့ ရှေးဟောင်းကျုံးနှင့် မြို့ရိုး ပြန်လည်တူးဖော်မှု ဆောင်ရွက်နေပြီ

**ပဲခူး ဇန်နဝါရီ ၃၀**
ပဲခူးမြို့ရှေးဟောင်းကျုံးနှင့်မြို့ရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သော Asia Peacock ဟံသာဝတီကုမ္ပဏီလီမိတက်မှ တာဝန်ယူကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါတူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက်မှစ၍ ပထမအဆင့်အနေဖြင့် ဟံသာဝတီမြို့ဟောင်း၏ အနောက်မြောက်ဘက် သိန္ဒီတံခါးအနီးရှိ ရှေးဟောင်းမြို့ရိုး အရှည်ပေ ၁၂၀၀ ခန့်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၂၆ သန်းဖြင့်လည်းကောင်း၊ ကျုံးတူးဖော်ခြင်းလုပ်ငန်းနှင့် ကျုံးပတ်လမ်းအနေဖြင့် မြေသားလမ်းအကျယ် ၂၂ပေ၊ ဂဝံလမ်းအကျယ် ၁၈ ပေ၊ အရှည်ပေ ၃၅၄၀ ကို ခွင့်ပြုငွေကျပ် ၁၈၅ ဒသမ ၇၅ သန်းဖြင့်လည်းကောင်း Asia Peacock ဟံသာဝတီကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့်အပြင် ကျုံးအတွင်းရှိ အမှိုက်၊ ဒိုက်၊ နုန်းများလည်းပြန်လည်တူးဖော်ဆယ်ယူခြင်း၊ မူလမြို့ရိုးတံခါးနေရာများဖော်ထုတ်၍ ဆိုင်းဘုတ်များတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇသာဒီနန်းတော်ကြီးနှင့်အတူ မြို့ရိုးများ၊ ကျုံးများကို ခရစ်သက္ကရာဇ် (AD-၁၅၅၁) ခုနှစ်တွင် နန်းတက်သည့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါရာသီဥတုဒဏ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးနေခဲ့သည်မှာ နှစ်ပေါင်း၄၅၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကျုံးတူးဖော်နေစဉ် ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိခဲ့ပါက မသမာမှုများမရှိစေရန် ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးဌာနခွဲမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့ ရှေးဟောင်းကျုံးနှင့်မြို့ရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်အား ဇန်နဝါရီ ၃၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ တိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းနှင့် Asia Peacock ဟံသာဝတီကုမ္ပဏီလီမိတက်မှ ဦးဇာနည်လှိုင်တို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်စိုး(ပဲခူး)**

# (၂၃)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ပျောက်ဆုံးထီလက်မှတ်နံပါတ် ပေါ်ထွက်ပါက ရောင်းချပြီးထီလက်မှတ်နံပါတ် ပေါ်ထွက်သည်အထိ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**
ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲ၌ ဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်များတွင် ပျောက်ဆုံးထီလက်မှတ် နံပါတ်များ ပါရှိပါက ရောင်းချပြီးသည့် ထီလက်မှတ်နံပါတ်ထွက်ပေါ်လာသည်အထိ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထို့ပြင် ဝေဝေဆာဆာဆုမဲစနစ်တွင်လည်း ပျောက်ဆုံးထီလက်မှတ်နံပါတ်မှ ဆုမဲ ပေါ်ထွက်ပါက အဆိုပါဆုတန်ဖိုးများနှင့် ယာယီဘဏ္ဍာသိမ်းငွေကျပ် ၇၅၃၀၀၀ ကို ပေါင်း၍အခြားသင့်လျော်သော ဆုမဲများဖြင့် အစားထိုးပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် ကျပ်ငါးရာတန်ထီဖွင့်ပွဲအတွက် (“က” အက္ခရာမှ “အ” အက္ခရာ အထိ၊ “ကက” အက္ခရာမှ “ကဓ” အက္ခရာအထိ) အက္ခရာလုံးရေစုစုပေါင်း ၅၂ လုံး၊ ထီစာအုပ်စုစုပေါင်း ၄၂၅၄၅၃၆ အုပ်ကို ရောင်းချခဲ့ရာ ထီစာအုပ် ၁၂၈၅ အုပ်၌ ပျောက်ဆုံးထီလက်မှတ်များဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့၏စာရင်းကို ဇန်နဝါရီ ၁၀ ရက်က အောင်ဘာလေသိန်းဆုဌာနခွဲမှ ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် (၂၃)ကြိမ်မြောက် ကျပ်ငါးရာတန်ထီဖွင့်ပွဲတွင် ရောင်းချရသည့် ထီစာအုပ်စုစုပေါင်း ၄၂၅၃၂၅၁ အုပ်၊ ရောင်းချရသည့် ငွေကျပ်သန်းပေါင်း ၂၁၂၆၆ ဒသမ ၂၅၅ ဖြစ်ပြီး ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ရောင်းရငွေ၏ ၆၀ရာခိုင်နှုန်းမှာ ငွေသန်းပေါင်း ၁၂၇၅၉ ဒသမ ၇၅၃ ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် ချီးမြှင့်မည့် ထီဆုငွေများကို အထူးဆုကြီးစနစ်တွင် ကျပ်သိန်းတစ်သောင်းဆု တစ်ဆု၊ ကျပ်သိန်းငါးထောင်ဆုနှစ်ဆု၊ ကျပ်သိန်းသုံးထောင်ဆုသုံးဆု၊ ကျပ်သိန်းတစ်ထောင်ဆု ခြောက်ဆုအပါအဝင် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် ကျပ်ငါးရာတန်အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှ စတင်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ထီဖွင့်ပွဲခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆုငွေထုတ်ပေးခြင်းကို ငွေကျပ် ၁၀ သိန်းအထက် ကံထူးရှင်များအား ဖေဖော်ဝါရီ ၄ ရက်တွင် နေ့ချင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်၍ ငွေကျပ် ၁၀ သိန်းအောက် ကံထူးရှင်များကို ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း**

# ရေကြည်မြို့နယ်တွင် စွန့်လွှတ်မြေများကို မြေယာမဲ့တောင်သူများအတွက် ချထားပေးရန် ဆန္ဒဖော်ထုတ်

**ရေကြည် ဇန်နဝါရီ ၃၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဒုတိယအကြိမ်စွန့်လွှတ်မြေ ဧက ၁၃၀၀ ကို မြေယာမဲ့တောင်သူများအတွက် ချထားပေးရန် ဆန္ဒဖော်ထုတ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်း နေဝင်းရပ်ကွက်ဘောလုံးကွင်းမှစ၍ နေဝင်း ၁၀ လမ်း၊ နေဝင်းလမ်းမကြီး၊ အောင်ဆန်းလမ်း၊ မြို့ပတ်လမ်း၊ သံလမ်းကုန်း၊ ဆရာစံ ၁ လမ်းတို့တွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# သွေးချင်းတို့ရဲ့ပွဲတော်မှတစ်ဆင့် တိုင်းရင်းသားများကြား ခရီးသွားလာရေးနှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ဖြစ်ထွန်းလာ

**ရန်ကုန် ဇန်နဝါရီ ၃၀**
ရန်ကုန်မြို့ကျိုက္ကဆံကွင်း၌ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ' တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပွဲတော်ကြီးကြောင့် တိုင်းရင်းသားများ အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့်အတူ ခရီးသွားလာရေးလုပ်ငန်းများနှင့် ဒေသထွက်ကုန်များကို ဆက်သွယ်ရောင်းချနိုင်သည့် စီးပွားရေး အခွင့်အလမ်းသစ်များ ဖြစ်ပေါ်စေကြောင်း ပြခန်းလာရောက်ဖွင့်လှစ် ရောင်းချသည့် တိုင်းရင်းသားများက ပြောသည်။

"ဒီပြခန်းမှာ ကျွန်တော်တို့ဘက်ကထုတ်လုပ်တဲ့ ပစ္စည်းတွေနဲ့ ဘိန်းအစားထိုး စိုက်ပျိုးထားတဲ့ လက်ဖက်တို့၊ ပျားလိမ္မော်တို့ ရောင်းချပါတယ်၊ ကျွန်တော်တို့ဒေသက ကုန်ပစ္စည်းက ရှားပါးပစ္စည်းဖြစ်သလို ပြည်မနဲ့ ထိတွေ့ရောင်းဝယ်ဖောက်ကားလို့ မလွယ်တဲ့ပစ္စည်း ဖြစ်တဲ့အတွက် အခုရောင်းခွင့်ရတာ အင်မတန် အားရကျေနပ်စရာကောင်းပါတယ်၊ အားပေးတဲ့ တိုင်းရင်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ဘက်က အများကြီး ယူလာချင်တယ်၊ ထွက်ကုန်ပစ္စည်း တော်တော်များများ ရှိတယ်၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ခက်ခဲမှုကြောင့် အဝတ်အစားတွေဆို ရောင်းချဖို့ အများကြီးမပါဘူး၊ ကျွန်တော်တို့ ရိုးရာလွယ်အိတ်၊ အဝတ်အထည်တွေဆိုရင်လည်း ပြဖို့ပဲ ပါလာတယ်၊ တခြားတိုင်းရင်းသားတွေတော့ မသိဘူး၊ 'ဝ'လူမျိုးတွေအနေနဲ့တော့ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်မှာ


သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီးသို့ လာရောက်ကြသော ပြည်သူများကို တွေ့ရစဉ်။

ပါဝင်ခွင့်ရတာကို ဂုဏ်ယူပါတယ်၊ ကျွန်တော်တို့ 'ဝ'ဆိုတာက ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းစဉ်လာတွေနဲ့ ရပ်တည်နေတယ်ဆိုတာ ပြသခွင့်ရတဲ့အတွက် အင်မတန် ဂုဏ်ယူပါတယ်"ဟု 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းမှ တာဝန်ရှိသူ အိုက်ဥက ပြောသည်။

သံတောင်ကြီးအမျိုးသမီးအဖွဲ့မှ မမာမာချိုကလည်း "ကျွန်မတို့အဖွဲ့က သံတောင်ကပါ၊ ကျွန်မတို့က အော်ဂဲနစ်ကော်ဖီစစ်စစ်နဲ့ လက်ဖက်စို၊ လက်ဖက်ခြောက်၊ စပျစ်ဝိုင် အော်ဂဲနစ်စစ်စစ်တွေ၊ သံတောင်ကြီးကော်ဖီတွေ ထုတ်ပါတယ်၊ ဖာလာနဲ့ ကွမ်းသီးလည်း ထွက်ပါတယ်၊ ရိုးရာစားသောက်ကုန်တွေကို ဖော်ထုတ်ခွင့်ရလို့ သိပ်ပျော်ပါတယ်၊ ဒီလိုပွဲတွေ နှစ်စဉ်လည်း ကျင်းပပေးစေချင်ပါတယ်၊ အခုအချိန်မှာဆိုရင် Community Base Tourism ကို သွားတဲ့အခါကျတော့ ပြည်သူတွေလည်း ဒီအကျိုးအမြတ်ကို ခံစားရတယ်၊ လာတဲ့ဧည့်သည်တွေလည်း ပျော်ရွှင်ကြပါတယ်၊ ကျွန်မတို့လည်း ထုတ်ကုန်တွေရောင်းချရတဲ့အတွက် ဝမ်းသာပါတယ်၊ သံတောင်ကြီးဒေသက ကရင်ပြည်နယ်ရဲ့ မြောက်ဘက်မှာရှိတယ်၊ လည်ပတ်မယ်ဆိုရင် ရေတံခွန်တွေ၊ ကော်ဖီခြံတွေရှိတယ်၊ တောင်ပေါ်ခရီး လမ်းလျှောက်လို့ရတယ်၊ အခုပွဲကနေ တခြားတိုင်းရင်းသားတွေရဲ့ ထုတ်ကုန်တွေကိုလည်း ပိုသိရတယ်၊ ကျွန်မတို့ တောင်ပေါ်ဒေသမှာဆို ငါးပိ၊ ငါးခြောက် မရှိတော့ တခြားဒေသ တိုင်းရင်းသားတွေဆီကနေ ချိတ်ဆက်ဝယ်ယူပြီး ပြန်ဖြန့်ချိနိုင်ပါတယ်၊ သံတောင်ကော်ဖီကို ထိုင်းနိုင်ငံ ချင်းမိုင်ကတစ်ဆင့် အမေရိကအထိ ပြည်ပတွေကိုလည်း တင်ပို့နေပါပြီ"ဟု ပြောသည်။

အဆိုပါပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဝ၊ ကိုးကန့်၊ တအာင်း (ပလောင်)၊ ပအိုဝ်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တိုင်းရင်းသားပေါင်းစုံ ၁၃၅ မျိုးတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများ၊ ဒေသထွက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသား ခရီးသွားဒေသများကို ပြသရောင်းချခဲ့သည်။ **သတင်း - သန့်ဇင်ဝင်း၊ ဓာတ်ပုံ - လှမိုး**

# နယ်သို့ ဆန်တင်ပို့မှုများနှင့်အတူ ဘုရင့်နောင်ဆန်လုပ်ငန်းများ လုပ်ငန်းကောင်းနေ

**ရန်ကုန် ဇန်နဝါရီ ၃၀**
ဥရောပသမဂ္ဂက မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပေးထားသော ဆန်လုံးရှည်တင်သွင်းမှုအပေါ် အထူးအခွင့်အရေး အခွန်ကင်းလွတ်ခွင့်ကို ယခုလပိုင်းများတွင် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုအပေါ် ဇန်နဝါရီ ၁၈ ရက်မှစ၍ အကျိုးသက်ရောက်မှုရှိလာသလို မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာလည်း တရုတ်ဘက်မှ အဖမ်းအဆီးများရှိနေ၍ တင်ပို့မှုလျော့ကျလာသည်။ ထိုသို့ ပြည်ပသို့ဆန်တင်ပို့မှု လျော့ကျနေသော်လည်း ပြည်တွင်း မြို့နယ်များသို့ ဆန်တင်ပို့နေရမှုများကြောင့် ဘုရင့်နောင်ရှိ ဆန်ပွဲရုံလုပ်ငန်းများအနေဖြင့် လုပ်ငန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။


ဘုရင့်နောင်ပွဲရုံတစ်ရုံမှ နယ်မြို့များသို့တင်ပို့ရန် ပြင်ဆင်ထားသော ဆန်အိတ်များကို တွေ့ရစဉ်။

ယခုနှစ် မိုးစပါးအသစ်များ ထွက်ပေါ်လာပြီးနောက် ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းများ ငြိမ်နေသည်။ ဆန်ဈေးနှုန်းများမှာ ဧည့်မထရှယ် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀-၂၁၀၀၀၊ ဧည့်မထ ၂၅ မှတ် ကျပ် ၁၈၇၀၀-၁၉၀၀၀၊ နှံ့ဆန်ဟောင်း သီးထပ်ရှယ် ကျပ် ၂၆၀၀၀၊ နှံ့ဆန်ဟောင်း ရက် ၉၀ ရှယ် ကျပ် ၂၉၀၀၀၊ ငစိန် ကျပ် ၁၉၅၀၀၊ ပေါ်ကျွဲ ကျပ် ၂၆၅၀၀၊ မြစ်ဝကျွန်းပေါ် နယ်စုံပေါ်ဆန်းအသစ် ကျပ် ၃၄၀၀၀-၃၆၀၀၀၊ ဖျာပုံပေါ်ဆန်းအသစ် ကျပ် ၃၈၀၀၀၊ ပုသိမ်-မြောင်းမြပေါ်ဆန်းအသစ် ကျပ် ၄၂၀၀၀၊ ရွှေဘိုပေါ်ဆန်းအသစ် ကျပ် ၄၇၀၀၀ ဈေးနှုန်းရှိသည်။ ရခိုင်ပြည်နယ်ထွက် ဆန်များသည်လည်း ဘုရင့်နောင်ဆန်ဈေးကွက်သို့ ရန်ကုန်-ပြည် ကားလမ်းမှတစ်ဆင့် ဝင်ရောက်လာရာ ပေါ်ကျွဲတစ်အိတ် ကျပ် ၂၅၀၀၀ နှင့် ပေါ်ဆန်းတစ်အိတ် ကျပ် ၃၇၀၀၀ ဈေးနှုန်းရှိသည်ဟု သိရသည်။

ယခုလပိုင်း ဆန်ဈေးနှုန်းများမှာ ယခင်နှစ်လယ်နောက်ပိုင်း ဈေးနှုန်းများထက် ဈေးလျော့နည်းနေသည့်အတွက် ဘုရင့်နောင်ပွဲရုံအများစုရှေ့တွင် ဆန်အိတ်အပုံကြီးများ မြင်တွေ့နေရသည်အထိ ဝယ်ယူသိုလှောင်မှုများနေသလို ပွဲရုံတိုက်ခန်းများအတွင်း ဆန်အိတ်များပြည့်နေသည့်အပြင် ပွဲရုံရှေ့ ယာဉ်ရပ်ရန်နေရာမှာပင် စုပုံထားသည်ကို မြင်တွေ့ရသည်။ ထိုဆန်များကို ဆန်လိုအပ်ချက်ရှိနေသော မြန်မာနိုင်ငံအလယ်ပိုင်းမြို့များသို့ တင်ပို့ရန် ပွဲရုံများရှေ့၌ ဆန်အိတ်သွတ်ခြင်း၊ ယာဉ်ပေါ်တင်ခြင်းများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရသည်။

ယခုလပိုင်း ဆန်ဈေးနှုန်းနိမ့်နေချိန်တွင် ဘုရင့်နောင် ဆန်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ငွေအရင်းအနှီး အများအပြား စိုက်ထုတ်၍ လုပ်ကိုင်နေသည်ဟုလည်း သိရသည်။ ဆန်လုပ်ငန်းမှာ အကျိုးအမြတ်ရရှိမှုများသော်လည်း ရက်ဆိုင်းအကြွေးစနစ်ဖြင့် လက်ကားရောင်းချမှုရှိနေဆဲဖြစ်ကာ လက်ငင်းငွေချေရောင်းချမှု အနည်းငယ်သာရှိသည်။ ၂၀၁၇ နှစ်ကုန်ပိုင်းနှင့် ၂၀၁၈ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် ကျပ်ဘီလျံချီရှိသော ဆန်ဖိုးငွေဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်အချို့ကြောင့် ဆန်လုပ်ငန်းလုပ်ကိုင်သူ အများအပြား အကျိုးစီးပွားထိခိုက်ခဲ့ရာ ဆန်စပါးလုပ်ငန်းများတွင် ထိုကဲ့သို့ အရောင်းအဝယ်မှားသည့်ဖြစ်စဉ်များ ထပ်မံမတွေ့ကြုံရအောင် အထူးသတိထား ရောင်းဝယ်နေရသည်ဟု ကျောင်းကုန်းဒေသမှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင်မူ ဘုရင့်နောင်မှ ဆန်စပါးလုပ်ငန်းလုပ်သော ပွဲရုံအများစုအနေဖြင့် ဆန်ဝယ်ယူသိုလှောင်ခြင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းမြို့များသို့ ဆန်တင်ပို့မှုများကြောင့် လုပ်ငန်းကောင်းနေသလို ပွဲရုံအများစုတွင် လုပ်ကိုင်နေသော အလုပ်သမားများမှာလည်း နေ့စဉ်ဝင်ငွေကောင်းနေသည်ဟု သိရသည်။ **ခင်ဆိုင်**

# အခြေခံကျန်းမာရေးတက္ကသိုလ် သက်တမ်း ၂၄ နှစ်အတွင်း မဟာဘွဲ့ရ ခြောက်ဦးနှင့် ဘွဲ့ရ ၂၁၃၃ ဦး မွေးထုတ်နိုင်ခဲ့

**မကွေး ဇန်နဝါရီ ၃၀**
အခြေခံကျန်းမာရေးတက္ကသိုလ်၏ သက်တမ်း ၂၄ နှစ်အတွင်း ကျန်းမာရေး မဟာသိပ္ပံဘွဲ့ရ ခြောက်ဦးနှင့် ကျန်းမာရေးသိပ္ပံဘွဲ့ရ မောင်မယ် ၂၁၃၃ ဦးတို့အား လေ့ကျင့်မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) မြရောခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားမှ သိရသည်။

အခြေခံကျန်းမာရေးတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသအတွင်း ဦးဆောင်နိုင်သော အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်ရန်၊ အရည်အချင်းပြည့်ဝသော အခြေခံကျန်းမာရေးပညာရှင်များ မွေးထုတ်ရန်၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို နီးနွယ်ဌာနများနှင့်ပူးပေါင်း၍ အပြည့်အဝပေးရန်နှင့် အရည်အသွေးရှိသော ပြည်သူ့အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသော ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ ကျန်းမာရေးမဟာသိပ္ပံ(အခြေခံကျန်းမာရေး)ဘွဲ့ရ ခြောက်ဦးနှင့် ကျန်းမာရေးသိပ္ပံ(အခြေခံကျန်းမာရေး)ဘွဲ့ရ ၂၁၃၃ ဦးတို့အပြင် အခြား လက်မှတ်ရသင်တန်းသားများဖြစ်သည့် လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) သင်တန်းသား ၂၃၀၇ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) ၂၇၆၂ ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၇၁၉၃ ဦး စုစုပေါင်း ၁၂၂၆၂ ဦးတို့ကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာထင်ဇော်စိုးက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ နည်းဗျူဟာသုံးရပ်အနက် ပထမနှစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါကာကွယ်တားဆီးခြင်းတို့ကို အခြေခံကျန်းမာရေးတက္ကသိုလ်ဆင်းများက ထိထိရောက်ရောက် လုပ်ဆောင်နေကြ၍ ဝန်ကြီးဌာန၏လုပ်ငန်းကို မိမိတတ်မြောက်သည့် ပညာနှင့် ပြန်လည်အလုပ်အကျွေးပြုခြင်းလည်းဖြစ်ကြောင်း၊ ယခုအချိန်မှာ မြန်မာနိုင်ငံသည် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)အရ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုကို အကောင်အထည်ဖော်လျက်ရှိရာ ကျောင်းဆင်းမောင်မယ်များကလည်း အခြားကျန်းမာရေးဝန်ထမ်းများနှင့်လက်တွဲပြီး အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပါမောက္ခချုပ်က တိုက်တွန်းမှာကြားခဲ့သည်။

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ကျန်းမာရေးမဟာသိပ္ပံ(အခြေခံကျန်းမာရေး)ဘွဲ့ရ ကျောင်းသူ သုံးဦးနှင့် ကျန်းမာရေးသိပ္ပံ(အခြေခံကျန်းမာရေး)ဘွဲ့ရ မောင်မယ် ၁၃၁ ဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့သည်။ **သန်းနိုင်ဦး(ဇဖဲ)**

# ငမြှောင်တောင်ပိုး ကာကွယ်နည်းစနစ်များ ဟောပြောပြီး ပိုးကောက်ယူဖျက်ဆီးခြင်း လက်တွေ့ပညာပေး

**ယင်းမာပင် ဇန်နဝါရီ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်း မြို့နယ်သုံးခုမှတောင်သူများ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် စားပြောင်းစိုက်ခင်းများ၌ ငမြှောင်တောင်ပိုး (FAW)များ ကျရောက်လျက်ရှိရာ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား ပိုးကာကွယ်နည်းစနစ်များ အသိပညာပေး ဟောပြောခြင်းနှင့် ပိုးကောက်ယူဖျက်ဆီးခြင်း လက်တွေ့ပညာပေးမှုများကို ဇန်နဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် အောင်မိုးကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် ပေါင်းဝကျေးရွာတို့မှ ပြောင်းစိုက်ခင်းများတွင် ပိုးကျရောက်မှုအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ရာ အဆိုပါဟောပြောပွဲများတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီနှင့် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းတို့က အမှာစကားပြောကြားပြီး ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွန်းက ဟောပြောခဲ့သည်။

"ဒီငမြှောင်တောင်ပိုးက အစေ့ထုတ်ပြောင်းနဲ့ စားပြောင်းများမှာ အဓိက ကျရောက်တာများပြီး အဖျက်မြန်တဲ့ပိုးဖြစ်တာကြောင့် တောင်သူများအနေနဲ့ သတိထား ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒီလိုဆောင်ရွက်ရာမှာ တောင်သူအချင်းချင်း ပူးပေါင်းကာကွယ်ဖို့နဲ့ ကျွန်တော်တို့ဌာနမှ ဝန်ထမ်းများကလည်း ကွင်းထဲထိအရောက် တောင်သူတွေနဲ့ ပူးပေါင်းပြီး ပိုးကောက်ခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

ပညာပေးဟောပြောပြီးနောက် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်စန်းက တောင်သူများအနေဖြင့် ပိုးသတ်ဆေးကို အသုံးပြုရာတွင် ဆေးဖျန်းနည်းစနစ်မှန်ကန်စွာ အသုံးပြုရေးနှင့် ပိုးသတ်ဆေးအုပ်စုများကို အပင်အရွယ်အစားအလိုက် စနစ်တကျ ပက်ဖျန်းအသုံးပြုနည်းများကို သရုပ်ပြ ရှင်းလင်းပြောကြားပြီး ပိုးသတ်ဆေးပက်ဖျန်းခြင်းနှင့် လက်တွေ့ပိုးကောက်ယူခြင်းများကို ဝန်ထမ်းများနှင့် တောင်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းမာပင်ခရိုင်အတွင်း စုစုပေါင်း ပြောင်းစိုက်ဧက ၂၈၃၂ ဧကရှိပြီး ဧက ၂၀၀ ခန့်မှာ ငမြှောင်တောင်ပိုးများ စတင်ကျရောက်နေပြီဖြစ်၍ စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းနှင့် လက်ဖြင့် ပိုးကောက်ယူဖျက်ဆီးခြင်းများကို မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

**သန်းဌေးအောင် (ကနီ)**

# တောင်သူများအား သွင်းအားစုများ ထောက်ပံ့

**ကော့ကရိတ် ဇန်နဝါရီ ၃၀**
ကရင်ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က ကော့ကရိတ်မြို့နယ် မြောက်ကမ္မရိုက်ကျေးရွာ တောင်သူ ဦးနိုင်မင်းဦး၏ ပဲတီစိမ်း ၁၀ ဧက စံပြစိုက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်နိုင်က သွင်းအားစုများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြေဩဇာပိုးသတ်ဆေးများ စနစ်တကျသုံးစွဲခြင်းနှင့် ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် နည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူဦးကြီးများက စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာများ ဆွေးနွေးတင်ပြခဲ့ပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်ရွက်ဖျန်းဆေးများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင် (ကော့ကရိတ်)**

# ကျွန်တော့်ကို စဉ်းစားဖို့ အချိန်ပေးပါ



ဒေါက်တာကြည်သွင် (လေကြောင်းနှင့်အာကာသ)

**ခေါင်းစဉ်မှာပါတဲ့ ကျွန်တော့်ကိုဆိုတာက ပညာလေ့လာသင်ယူသူ ကျောင်းသား ကျောင်းသူများကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဖင်လန်နိုင်ငံ University of Oulu သင်ကြားရေးဖွံ့ဖြိုးမှုဌာနခွဲက Asko Karjalainen, Katariina Alha, Suvi Jutila တို့ပြုစုပြီး ၂၀၀၆ ခုနှစ်က ထုတ်ဝေခဲ့တဲ့ အဆင့်မြင့်ပညာရေးမှာ ကျောင်းသား ကျောင်းသူများရဲ့လေ့လာမှုပမာဏ (Student Workload) နဲ့ ကျောင်းသားတွေ ပညာသင်ယူရာမှာ သင်ကြားပေးတဲ့သင်ခန်းစာနဲ့ ပတ်သက်ပြီး ဆက်စပ်စဉ်းစားတွေးခေါ်နိုင်အောင် အချိန်ပေးဖို့၊ လေ့ကျင့်ပေးဖို့ လိုအပ်ကြောင်း လေ့လာတင်ပြထားတဲ့ (Give me Time to Think) စာအုပ်ရဲ့ခေါင်းစဉ် ဖြစ်ပါတယ်။**

ဖင်လန်နိုင်ငံမှာ သင်ကြားပေးတဲ့သင်ခန်းစာတွေ၊ ကျောင်းသားတွေရဲ့လေ့လာမှု ပမာဏ၊ လေ့လာဖို့ အချိန်ပေးမှု၊ လေ့လာမှုနည်းဗျူဟာတွေရဲ့အကြား ဆက်နွှယ်မှုကို သင်ယူလေ့လာမှုဆိုင်ရာ သုတေသနကို အဆိုပါ ပုဂ္ဂိုလ်တွေက ဆောင်ရွက်ခဲ့ကြပြီး တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

သုတေသနလေ့လာမှုရလဒ်တွေအရ -

(၁) သင်ကြားပေးတဲ့ သင်ခန်းစာတွေ အလွန်များနေ၊ ပိုနေရင် ကျောင်းသားတွေဟာ စာမေးပွဲအောင်ဖို့ အနည်းဆုံးလိုအပ်ချက်ကိုသာ လေ့လာကြမယ်..

(၂) သင်ခန်းစာတွေက မြင့်လွန်းနေရင် အဲဒီဘာသာရပ် စာမေးပွဲအောင်ဖို့ကိုသာ အလွတ်ကျက်မှတ်(Rude Learning) ခြင်းဖြင့်သာ လေ့လာကြမယ်

(၃) လေ့လာနိုင်တာထက် ပိုလွန်သော သင်ခန်းစာပမာဏကို တွေ့ကြုံရတဲ့ ကျောင်းသားဟာ အပေါ်ယံလေ့လာမှု (Surface Learning) ကိုသာ လေ့လာကြမယ်၊ (သင်ခန်းစာပမာဏ ပိုလွန်နေရင် အပေါ် ယံလေ့လာမှုကိုသာ လုပ်ကြပြီး အပေါ်ယံလေ့လာမှုလုပ်လေ သင်ခန်းစာတွေ ပိုပေးလေနဲ့ သံသရာလည်နေတတ်ပါတယ်)

(၄) ခုလို သင်ခန်းစာပမာဏပိုလျှံမှု (Overload)တွေ ကြုံတွေ့ရတာဟာ အမှန်တကယ် လေ့လာတဲ့ ပမာဏရဲ့ အစိတ်အပိုင်းမျှသာ ပါဝင်ပြီး ကျောင်းသားတွေရဲ့ လေ့လာမှု ပတ်ဝန်းကျင်၊ လေ့လာမှုသမိုင်းကြောင်း၊ သူတို့ရဲ့ပြင်ပဘဝ အခြေအနေတွေကြောင့်လည်း Overload ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိအခြေအနေကြည့်ရင် ကျွန်တော်တို့နိုင်ငံမှာ အခြေခံရော အဆင့်မြင့်မှာပါ Surface Learning ဖြစ်နေတာ စာမေးပွဲနီးမှ ကပ်ကြည့်ပြီး တစ်ပွဲတိုး ဖြေနေကြတာ အကျင့်စွဲသလို ဖြစ်နေတယ်။ ကျောင်းပြီးရင် ဘာတတ်သလဲဆိုတာထက် တစ်တန်းပြီးရင်တောင် နောက်တစ်တန်းမှာ ပညာရပ်ဆိုင်ရာ သင်ခန်းစာတွေကို မမှတ်မိကြတာ တွေ့ရပါတယ်။ ဘာမှမတတ်တော့ အသက်မွေးဝမ်းကျောင်းမှုအတွက် အခက်အခဲရှိလာတဲ့ အခါကျ ကျောင်းမှာ လက်တွေ့မလုပ်ရဘူး၊ တတ်အောင် သင်မပေးနိုင်ဘူးဆိုတာတွေ ဖြစ်လာတယ်။ ကျွန်တော်တို့ educator တွေ သတိထားရမယ့် အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

## ဘာကြောင့် Overload ဖြစ်ရသလဲ ..

ဆရာနဲ့ ထိတွေ့သင်ကြားချိန်ပမာဏ (စာသင်ခန်း /ကျူရှင်စသည်ဖြင့်)က ကျောင်းသားတွေ သူတို့ကိုယ်တိုင် လေ့လာတဲ့ အချိန်ပမာဏထက် များလွန်းနေရင် Overload ကို ဖြစ်စေပါသတဲ့။ အဲဒီလို Overload ဖြစ်လာတော့ ကျောင်းသားတွေဟာ မှတ်ဉာဏ်နဲ့ အလွတ်ကျက်မှတ်မှုကို အခြေခံတဲ့ လေ့လာမှုကိုသာဖြစ်စေပြီး ဘာမှ မတွေးခေါ်တတ်တော့ပါဘူးတဲ့။ တကယ်တော့ အသိဉာဏ်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်မှာ တွေးခေါ်တာ၊ ရေးသားတာ၊ ဖတ်ရှုတာ၊ တွက်ချက်တာတွေအပြင် ကျောင်းသား ကျောင်းသူ အချင်းချင်းအကြား၊ ဆရာဆရာမနဲ့ ကျောင်းသားအကြား အပြန်အလှန် ထိတွေ့ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိဖို့ လိုအပ်ပါတယ်။ ဒီလိုမရှိရင် အသိဉာဏ်ဖွံ့ဖြိုးမှုအဆင့်လည်း နိမ့်ကျသွားစေပါတယ်။

ဒီတော့ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်းတွေ ပြုစုကြတဲ့အခါ သင်ကြားနည်းစနစ်တွေ အသုံးပြုတဲ့အခါ ကျောင်းသားတွေကို သူတို့ကိုယ်တိုင် လေ့လာဖတ်ရှုမှု၊ စဉ်းစားတွေးခေါ်မှုတွေ လုပ်နိုင်အောင် မဖြစ်မနေ အချိန်ပေးဖို့ လိုအပ်တာကို သတိပြုကြရမှာပါ။ သင်ရိုးညွှန်းတမ်းမှာ အကြောင်းအရာတွေ ပြွတ်သိပ်နေပြီး အလွန်များနေရင်၊ သိပ်မြင့်လွန်းနေရင် (သင်ရိုးညွှန်းတမ်းပြုစုသူများက ဆိုင်ဆိုင် မဆိုင်ဆိုင် မြိုင်နေအောင် သင်ခန်းစာတွေ အများကြီး ထည့်နေကြတာမျိုး) လက်တွေ့မှာ ကလေးတွေ အဆင့်မြင့်မလာဘဲ မတွေးမခေါ်တတ်၊ မစဉ်းစားတတ်တဲ့ မိမိဘာသာမဆုံးဖြတ်တဲ့သူတွေ မွေးထုတ်သလို ဖြစ်နေတာဟာ သတိကြီးစွာထားသင့်တဲ့ အချက်ပါ။

## အဆင့်လိုက်မျှတအောင် ရေးဆွဲ

အဓိကသင်ရိုးညွှန်းတမ်း (Core Curriculum)တစ်ခုမှာ သက်မွေးဝမ်းကျောင်းနိုင်မှု အလေ့အကျင့်တွေ ပေးနိုင်တဲ့ (Professional Core)၊ ပညာရပ်ရဲ့အစိတ်အပိုင်းဖြစ်တဲ့ ဘာသာရပ်အလိုက် အခြေခံသိရမယ့် (Academic Core)၊ ဘာသာရပ်ပေါင်းစုံကို လွှမ်းခြုံလေ့လာအသုံးချနိုင်မယ့် (Integrated Core)၊ ကျောင်းသား ကျောင်းသူအားလုံး မဖြစ်မနေ အခြေခံသိရမယ့် (Compulsory Core)၊ နောက်ထပ် အဆင့်မြင့်တဲ့လေ့လာမှုတွေကို ဆက်လုပ်နိုင်ဖို့ အခြေခံပေးနိုင်တဲ့ (Minimum Core)၊ ပေးထားတဲ့ စနစ်တစ်ခု အချိန်တစ်ခုအတွင်းမှာ အသုံးချနိုင်မယ့် (Pragmatic Core) ဆိုပြီး လေ့လာမှုအဆင့်အတန်း စုံအောင်မျှတအောင် ထည့်သွင်းပေးနိုင်ဖို့ လိုပါတယ်။ ကျောင်းသားတွေအားလုံး မဖြစ်မနေ သိကိုသိသင့်တဲ့ Essential Knowledge (Must know)၊ အဲဒီအခြေခံပေါ်မှာ ထပ်ဆင့်ပြီး စဉ်းစားတွေးခေါ်နိုင်၊ လေ့လာနိုင်မယ့် အပိုထပ်ဆောင်း ဖြည့်စွက်ပေးရမယ့် Supplementary Knowledge (Should Know)နဲ့ တကယ့်အဆင့်မြင့် အတွင်းကျကျ လေ့လာနိုင်မှု (Deep Learning) ကို လေ့ကျင့်ပေးနိုင်မယ့် Specialized Knowledge (Nice to Know) ဆိုပြီး အဆင့်အလိုက် မျှတအောင် ထည့်သွင်းရေးဆွဲဖို့ လိုပါမယ်။

ဒီနေရာမှာ ကျောင်းသားတွေရဲ့ဉာဏ်ရည် ဉာဏ်သွေး အဆင့်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်တဲ့။ ယေဘုယျအားဖြင့် ၇၀ ရာခိုင်နှုန်းလောက်ဟာ သာမန်ရှိသင့်တဲ့ ဉာဏ်ရည်ရှိကြပြီး ၁၅ ရာခိုင်နှုန်းလောက်က နိမ့်ကျသူတွေနဲ့ ကျန် ၁၅ ရာခိုင်နှုန်းလောက်က ပိုမြင့်တဲ့သူတွေလို့ ကောက်ချက်ချထားပါတယ်။ သာမန်ဉာဏ်ရည်ရှိသူတွေအတွက် မဖြစ်မနေသိရမယ့် ပညာရပ်တွေကို နိမ့်တဲ့သူတွေအတွက် ပိုထည့်ပေးရပြီး ပိုမြင့်တဲ့သူတွေအတွက်တော့ လျှော့ထည့်ပေးသင့်ပါတယ်တဲ့။ ကျောင်းသားတွေရဲ့စွမ်းရည်၊ ဝီဇပါရမီ၊ သူတို့ရဲ့လေ့လာလိုမှုကို အားပေးမြှင့်တင်မှု၊ မူလအခြေခံပညာ ဗဟုသုတစွမ်းရည်၊ ဘာသာရပ်ရဲ့ခက်ခဲနက်နဲမှု၊ သင်ကြားမှုအရည်အချင်း၊ သင်ခန်းစာတွေကို ဆွေးနွေးပေးနိုင်မှု အရည်အချင်း စတဲ့အချက်တွေက အကျိုးရှိ ထိရောက်တဲ့လေ့လာမှုကို ဖြစ်စေပါတယ်။ သင်ကြားနည်းစနစ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ အကဲဖြတ်စနစ်တွေကလည်း အကျိုးရှိတဲ့လေ့လာမှုအတွက် မဖြစ်မနေ လိုအပ်ပါတယ်။

## စဉ်းစားဖို့ အချိန်ပေးပါ ..

ကျောင်းသားတွေကို နည်းနည်းသင် (အဓိက သဘောတရားကို ဆွေးနွေးသင်ပြခြင်း) များများတွေးတတ်အောင် လေ့ကျင့်ပေး ဖန်တီးပေးရမယ်လို့ ဆိုပါတယ်။ သမားရိုးကျသင်ကြားနည်းနဲ့ စာသင်ခန်းမှာ တစ်နာရီသင်ရင် သူတို့ကိုယ်တိုင်လေ့လာချိန် သုံးနာရီရှိအောင်၊ ဆောင်ရွက်မှုအခြေခံသင်ကြားနည်း (Activity based Teaching) မှာ စာသင်ချိန် တစ်နာရီဆိုရင် ကိုယ်တိုင်လေ့လာချိန် ၂ နာရီ သုံးနာရီ၊ ပြဿနာဖြေရှင်းမှုအခြေခံ သင်ကြားနည်း (Problem based Teaching) မှာ စာသင်ချိန် တစ်နာရီဆိုရင် သူတို့လေ့လာချိန် ငါးနာရီလောက် စသည်ဖြင့် သင်ကြားတဲ့ ပုံစံအလိုက် ကျောင်းသားတွေ ကိုယ်တိုင်လေ့လာနိုင်ဖို့ အချိန်ပေးရမယ်လို့ ဆိုပါတယ်။

သူတို့ကိုယ်တိုင် လေ့လာချိန်ပေးတာတော့ ဟုတ်ပါပြီ၊ လေ့လာမှုရှိမရှိ ဘယ်လိုသိနိုင်မလဲလို့ မေးစရာရှိပါတယ်။ ထိရောက်တဲ့ (အချင်းချင်းပြန်ကူးမချနိုင်တဲ့) Assignment ပေးခြင်း၊ Seminar / Oral Presentation ပြုလုပ်ခြင်း၊ Group Discussion များပြုလုပ်ခြင်း စသည်ဖြင့် သင်ခန်းစာအလိုက် အလျဉ်းသင့်မယ့် လေ့လာအကဲဖြတ်နည်းတွေနဲ့ ဆောင်ရွက်နိုင်ပါတယ်။ ဒီနေရာမှာ သင်ကြားပေးသူ ဆရာဆရာမတွေအနေနဲ့ ဘာသာရပ်သင်ခန်းစာတွေကို ဘာကြောင့်သင်ပေးရသလဲ၊ ဘာတွေကို နားလည်ကျွမ်းကျင်တတ်မြောက်စေချင်တာလဲ၊ ဘယ်လိုဆက်စပ်အသုံးချတတ်စေချင်တာလဲ၊ ဘယ်လိုသင်ကြားပေးရမလဲဆိုတဲ့ ပညာရပ်ရဲ့ရည်ရွယ်ချက် (Course Objectives) ကို သိထားဖို့ လိုပါမယ်။ ဘာသာရပ်အချင်းချင်း ဘယ်လိုချိတ်ဆက်နေတယ်၊ လက်တွေ့မှာ ဘယ်လိုအသုံးချနိုင်တယ်ဆိုတာ ရှင်းပြဖို့ လိုပါတယ်။ ဘာသာရပ်တစ်ခုအတွင်းမှာကို ဘယ်အပိုင်းက ယေဘုယျဗဟုသုတအဆင့်၊ ဘယ်အရာကတော့ အသုံးချနိုင်တဲ့အဆင့်၊ ဘယ်အကြောင်းအရာက ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စေမယ့်အဆင့်၊ ဘယ်သင်ခန်းစာကတော့ တီထွင်ဖန်တီးနိုင်မှုကို အခြေခံတဲ့အဆင့် စသည်ဖြင့် အဆင့်ခွဲပြီး အဆင့်အလိုက် ဘယ်လိုသင်ကြားနည်းစနစ်နဲ့ သင်မလဲ၊ ဘယ်လိုအကဲဖြတ်စနစ်နဲ့ အကဲဖြတ်မလဲဆိုတာကို သိထား၊ စီစဉ်ထားဖို့လိုပါတယ်။

> **“ ဒီတော့ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်းတွေ ပြုစုကြတဲ့အခါ သင်ကြားနည်းစနစ်တွေ အသုံးပြုတဲ့အခါ ကျောင်းသားတွေကို သူတို့ကိုယ်တိုင် လေ့လာဖတ်ရှုမှု၊ စဉ်းစားတွေးခေါ်မှုတွေ လုပ်နိုင်အောင် မဖြစ်မနေအချိန်ပေးဖို့ လိုအပ်တာကို သတိပြုကြရမှာပါ။ သင်ရိုးညွှန်းတမ်းမှာ အကြောင်းအရာတွေ ပြွတ်သိပ်နေပြီး အလွန်များနေရင်၊ သိပ်မြင့်လွန်းနေရင် လက်တွေ့မှာ ကလေးတွေ အဆင့်မြင့်မလာဘဲ မတွေးမခေါ်တတ်၊ မစဉ်းစားတတ်တဲ့ မိမိဘာသာမဆုံးဖြတ်တဲ့သူတွေ မွေးထုတ်သလိုဖြစ်နေတာဟာ သတိကြီးစွာ ထားသင့်တဲ့ အချက်ပါ ”**

အခုလက်ရှိအခြေအနေက ရှိသင့်တဲ့ကျောင်းသားဦးရေ (Class size) ထက်ပိုတဲ့ စာသင်ခန်းထဲမှာ ဆရာ ဆရာမတွေက တစ်ဦးပြီးတစ်ဦး Passive Learning တွေနဲ့ တစ်ချိန်ပြီးတစ်ချိန်၊ သင်ပေးနေရင် ဘယ်လောက်နားလည်သဘောပေါက်ကြမလဲဆိုတာ ပြန်သုံးသပ်သင့်ပါတယ်။ တစ်နာရီကျော်လောက် ဦးနှောက်အလုပ်လုပ်လိုက်ရင် (fatigue)ဖြစ်ပြီး ဆက်အလုပ်မလုပ်သေးဘဲ ခဏအနားပေးသင့်တာ သဘာဝပါ။ သင်ခန်းစာ အကြောင်းအရာတစ်ခုကို စိတ်ဝင်စားစေမယ့် သင်ကြားနည်းနဲ့ မဟုတ်ဘဲ ပြန်ပြီး တွေးခေါ်နိုင်အောင် အချိန်မပေးဘဲနဲ့တော့ ဘာမှနားလည်မှာမဟုတ်သလို အကျိုးရလဒ်လည်း ရနိုင်မှာမဟုတ်ပါဘူး။ ကလေးတွေ နားလည်လည်မလည်လည် ကိုယ့်အချိန် ကိုယ်သင်စရာသင်ပြီးတာပဲလို့ သဘောထားရင်တော့ သားသမီးချင်း ကိုယ်ချင်းမစာနာတဲ့သူ၊ နိုင်ငံ့အနာဂတ်ကို မတွေးသူလို့ ပြောရမယ်ထင်တယ်။

တကယ်ဆိုရင် ကိုယ်သင်တဲ့ဘာသာရပ်ရဲ့သင်ကြားပေးရတဲ့ ရည်ရွယ်ချက် (Course Objectives) အလိုက် သင်ရမယ့် အကြောင်းအရာ သင်ခန်းစာတွေကို အချိတ်အဆက်မိမိ ထည့်ရပြီး ပညာရပ်ကို အသုံးချနိုင်မှု၊ ဆက်စပ်နေမှု၊ လက်တွေ့အခြေအနေတွေနဲ့ယှဉ်ပြီး ပိုမိုနားလည်အောင်၊ စိတ်ဝင်စားမှု ရှိလာအောင် ရှင်းလင်းပြသရပါမယ်။ နောက်တစ်ဆင့်က သူတို့ကိုယ်တိုင် ဘယ်လိုအသုံးချနိုင်မလဲ ဆိုတာ စဉ်းစားတွေးခေါ်နိုင်ဖို့ စီစဉ်ပေးပြီး (Project Based Learning) နဲ့ အကဲဖြတ်ပေးသင့်ပါတယ်။ သင်ခန်းစာအလိုက် လိုအပ်တဲ့သင်ထောက်ကူပစ္စည်း၊ လက်တွေ့ပစ္စည်းတွေကို ဖြည့်ဆည်းထားနိုင်အောင် ပြင်ဆင်ထားဖို့လိုအပ်သလို တာဝန်ရှိသူတွေအနေနဲ့ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်း၊ သုတေသနပြုလုပ်နိုင်မယ့် ပစ္စည်းတွေကို ပညာရပ်အလိုက် ကိုက်ညီတဲ့အရည်အသွေး ရှိတာတွေကို ဖြည့်ဆည်းပေးဖို့ လိုပါတယ်။

ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုဟာ ပြန်မရတဲ့ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ ဟိုတုန်းက ခပ်ညံ့ညံ့အတွေးအခေါ်တွေအစား နိုင်ငံ့အနာဂတ်အတွက် (Intangible Value)တွေကို ရင်းနှီးမြှုပ်နှံခြင်း ဆိုတဲ့ အတွေးအခေါ်နဲ့ ပြောင်းလဲဖို့ အချိန်ရောက်ပါပြီ။ ဆိုဗီယက် ပညာရေးပညာရှင် မကာရန်ကိုက ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်လိုလျှင် ပညာရေးကို မြှင့်တင်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေလို့ မှတ်ချက်ပြုခဲ့ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍဖြစ်တဲ့ တက္ကသိုလ်ဆိုတာ (တက္က+သီလ) တွေးခေါ်မြော်မြင်နိုင်မှုကို လေ့ကျင့်ပေးတဲ့နေရာလို့ မှတ်သားရဖူးပါတယ်။ အဲဒီလိုတွေးခေါ်တတ်ဖို့ဆိုတာ အခြေခံကစပြီး လေ့ကျင့်ပေးနိုင်ဖို့ လိုအပ်ပါတယ်။

Educator တွေအနေနဲ့ ထိရောက်အကျိုးရှိတဲ့ သင်ကြားနည်းနဲ့မဟုတ်ဘဲ ကလေးတွေ တီထွင်ကြံဆနိုင်ဖို့၊ စဉ်းစားတွေးခေါ်နိုင်ဖို့ အချိန်မပေး လေ့ကျင့်မပေးဘဲနဲ့တော့ ဘက်ပေါင်းစုံက ချဉ်းကပ် စဉ်းစား တွေးခေါ်တတ်တဲ့၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိတဲ့၊ ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိတဲ့ ကလေးတွေ တစ်နည်းအားဖြင့် နိုင်ငံ့အနာဂတ်မျိုးဆက်သစ်တွေ ပေါ်ထွန်းလာနိုင်မှာမဟုတ်ကြောင်း သတိမူနိုင်ဖို့တင်ပြအပ်ပါတယ်။ ။

## မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး တင်ဒါကော်မတီသည် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက်ဝန်းအတွင်း၌ အလျား ၁၁၂ပေ x အနံ ၂၈ပေ x အမြင့် ၁၀ပေ (ရေ၊ မီး၊ မိလ္လာ) အပါအဝင် RC (၄)ခန်းတွဲ၊ (၄)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံတစ်လုံးအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) အိတ်ဖွင့်တင်ဒါ လျှောက်လွှာရောင်းချမည့်ရက် (၂၉.၁.၂၀၁၉)
(ခ) အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက် (၂၈.၂.၂၀၁၉)

၃။ အိတ်ဖွင့်တင်ဒါများကို တင်ဒါ နောက်ဆုံးတင်သွင်းသူများ လိုက်နာရန် စည်းကမ်းချက်များနှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို အောက်ဖော်ပြပါ လိပ်စာသို့ လာရောက်တင်သွင်းရမည်ဖြစ်သည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ-
အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရမည့်လိပ်စာ-
မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက-
ဖုန်း ၀၁-၈၆၀၄၅၄၇၊၀၁-၅၄၄၃၁၄၊ ၀၁-၂၀၁၁၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မိတ္ထီလာမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇၉**

မဖြူပြာလင်း **နှင့်** ကိုမျိုးမင်းထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ နန-၁၅(ဇ)ရပ်ကွက်နေ တရားပြိုင် ကိုမျိုးမင်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဖြူပြာလင်းက လင်မယားအရာမှကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**မြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃**

ဦးဝင်းမြင့်သိန်း ဒုတပ်ကြပ်ကျော်ဌေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတွင်း၊ ဆ.သ.ရ-၁၁၁နေ ဒုတပ်ကြပ်ကျော်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ၌ အထက်က အမည်ရေးသားပါရှိသူသည် တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးယုမွန်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင်သာ MRTV-4, Channel7 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို UHF Channel E33 တွင် DVB-T စနစ်ဖြင့်လည်းကောင်း၊ UHF Channel E27 တွင် DVB-T2 စနစ်ဖြင့်လည်းကောင်း ဒီဂျစ်တယ်စနစ် (၂)မျိုးဖြင့် အခမဲ့ ထုတ်လွှင့်ပေးလျက်ရှိရာ (၂၈.၂.၂၀၁၉) ရက်နေ့တွင် DVB-T စနစ် ဖြင့် ထုတ်လွှင့်ခြင်းကို ရပ်ဆိုင်းမည်ဖြစ်ပြီး နိုင်ငံတော်၏ ဒီဂျစ်တယ် ထုတ်လွှင့်ခြင်းစနစ်စံနှုန်းအဖြစ် အတည်ပြုသတ်မှတ်ထားသော DVB-T2 စနစ်ဖြင့်သာ ပုံမှန်အတိုင်း ဆက်လက်ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း ကြည့်ရှုသူပရိသတ်များအား လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ဖမ်းယူကြည့်ရှုရာတွင် အခက်အခဲ တစ်စုံတစ်ရာ ရှိပါက ဖုန်းနံပါတ် (၀၉၄၄၃၇၃၉၃၅၄) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

(Forever Group Co., Ltd.)

### အမည်မှန်
ကသာမြို့၊ ရပ်ကွက်(၉)နေ ဦးသူရကျော်၏သမီး မအိမ့်ရတီ၏ အမည်မှန်မှာ မအိမ့်ရတီမိုးနှင့် KG တန်းမှ မအိမ့်သံစဉ်၏အမည်မှန်မှာ မသံစဉ်လှိုင်း ဖြစ်ပါကြောင်း။
**မအိမ့်ရတီမိုး၊ မသံစဉ်လှိုင်း**

### ဖခင်အမည်မှန်
ကသာမြို့၊ ထခွဲလ(၁)၊ ဆဋ္ဌမတန်း (B)မှ မောင်ဇော်ဝင်းထွဋ်၏ ဖခင် ရပ်ကွက်(၉)နေ၏ အမည်မှန်မှာ ဦးမှတ်ကြီး ၅/အတန(နိုင်)၀၅၉၈၃၈ ဖြစ်ပါကြောင်း။ **ဦးမှတ်ကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၂**

ဦးဝင်းမြင့်သိန်း ဒုတပ်ကြပ်ဘသန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတွင်း၊ ဆ.သ.ရ-၁၁၁နေ ဒုတပ်ကြပ်ဘသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ၌ အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးယုမွန်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယရပ်၊ ဦးပိုင်အမှတ် ၆၆၊ ဧရိယာ ၀ဒသမ၁၅၂ဧကအနက် ဧရိယာ၀ဒသမ၀၄၃ဧကအား ဒေါ်ခင်နှင်းလှိုင်(ဘ)ဦးလှိုင် ၉/တကန(နိုင်)၀၀၈၉၇၉မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၅၄၉/၂၀၁၈၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ်သစ်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယရပ်၊ ဦးပိုင်အမှတ် ၆၆၊ ဧရိယာ ၀ဒသမ၁၅၂ဧကအနက် ဧရိယာ၀ဒသမ ၁၀၉ဧကအား ဦးဆန်းဌေး(ဘ)ဦးလှိုင် ၉/တကန(နိုင်)၀၀၉၄၅၁မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၅၅၁/၂၀၁၈၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းရန်ကြော်ငြာစာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၁**

ဒေါ်နန်းနန်းထွေး **နှင့်** ဦးမင်းအောင်
**တရားနိုင်** **တရားရှုံး**

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ် (၃၄၁) တွင်ရရှိသော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ၂၀၁၉ခုနှစ် မတ် ၄ရက်(၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံစွဲဝယ်ယူလိုသူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ မိမိက တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ၇၃လမ်း၊ ၂၈×၂၉လမ်းကြား(ရထိုက်ဟိုတယ်နှင့်မျက်နှာချင်းဆိုင်) အကွက်အမှတ် ၇၃၃၊ ဦးပိုင်အမှတ် ၁၁-က၊ မြေဧရိယာ ၀ဒသမ ၀၄၅၄ဧကရှိ ဘိုးဘပိုင်မြေနှင့်မြေပေါ်ရှိတိုက်အမှတ် ၆၃၊ လေးထပ်ခွဲ တိုက်အဆောက်အအုံ။

**ကြမ်းခင်းဈေး ကျပ်သိန်း ၃၄၅၀၀**
**(ကျပ်သိန်းသုံးသောင်းလေးထောင့်ငါးရာတိတိ)**
**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရှုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သောဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချမည့်ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင်ပေးရမည်။ လေလံကျန်ငွေများကို အထက်ပါ ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နေစိုး)**

**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးအမှုအမှတ်-၁၁၀**

| | |
|---|---|
| ပါမောက္ခချုပ် | ဦးကျော်မျိုးသူ(အုပ်ချုပ်မှုဒါရိုက်တာ) |
| ဆေးတက္ကသိုလ် ၂ရန်ကုန် | ကျော်မျိုးသူဆောက်လုပ်ရေး |
| (၎င်း၏တာဝန်ပေးလွှဲအပ်ခြင်းခံရသူ | (မြန်မာပစိဖိတ်ကုမ္ပဏီလီမိတက်) |
| ကိုယ်စားလှယ်) | ၁၃/ကလန(နိုင်)၀၅၆၄၄၂ |
| ဒေါ်တင်တင်ထွေး(လက်ထောက်မော်ကွန်းထိန်း) | အခန်းအမှတ်(၁၃)၊ အမှုထမ်းအိမ်ရာ၊ |
| ဆေးတက္ကသိုလ် ၂ရန်ကုန် | သူနာပြုတက္ကသိုလ်၊ လမ်းမတော်မြို့နယ် |
| ခေမာသီလမ်းမကြီး(ဆ)ရပ်ကွက် | ရန်ကုန်တိုင်းဒေသကြီး |
| မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |

**နှင့်**

**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ရန်ကုန်တိုင်းဒေသကြီး၊ အခန်းအမှတ် (၁၃)၊ အမှုထမ်းအိမ်ရာ၊ သူနာပြုတက္ကသိုလ်၊ လမ်းမတော်မြို့နယ်နေသူသိစေရမည်။

သင့်အပေါ်၌ တရားလို ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် ၂ရန်ကုန်(၎င်း၏တာဝန်ပေးလွှဲအပ်ခြင်းခံရသူကိုယ်စားလှယ်) ဒေါ်တင်တင်ထွေး (လက်ထောက်မော်ကွန်းထိန်း)က ဆေးတက္ကသိုလ် ၂ ရန်ကုန် (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်၌ လေးထပ်ဆောင် (၃)လုံး၊ အမိုးများဆေးသုတ်ခြင်း၊ ဘာရှာ(၃)လုံးဆေးသုတ်ခြင်း၊ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ ၂၅-၁၀-၂၀၁၁ရက်တွင် လုပ်ငန်းအပ်နှံငွေ (၁၁၉၈၀၇၁၈/-)တိတိဖြင့် တရားပြိုင်သို့ လုပ်ငန်းအပ်နှံခဲ့ပါသည်။ တရားပြိုင်သည် တာဝန်ယူလက်ခံဆောင်ရွက်လုပ်ကိုင်ခဲ့သော လုပ်ငန်းနှင့်ပတ်သက်၍ (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ရုံး(ရန်ကုန်မြို့)မှ စာရင်းစစ်ဆေးခဲ့ရာတွင် တရားပြိုင်သည် အပ်နှံသည့်လုပ်ငန်းနှင့်ပတ်သက်၍ စံနှုန်းထက်ပိုမိုသုံးစွဲခြင်းနှင့်မျက်မြင်လျော့နည်းသုံးစွဲခြင်းတို့အတွက် ပိုမိုထုတ်ငွေကျပ် (၄၈၅၈၇၆၂/-) အား ဌာနငွေစာရင်းသို့ ပေးသွင်းရန်ကျန်ရှိနေမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၄ရက်) နံနက် ၁၀း၀၀နာရီတွင် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

### အမည်မှန်
ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ရေပူကျေးရွာနေ ဦးစံမြင့်၏သား မောင်ငြိမ်းချမ်း ၆/သရခ(နိုင်)၁၁၂၀၁၈၏ အမည်မှန်မှာ မောင်ငြိမ်းချမ်း(ခ)မောင်ငြိမ်းချမ်းကို ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အ. ထ. က(၁)ထခွဲ လ(၁)၊ အဋ္ဌမတန်း(C)မှ မငြိမ်းဝေသော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သစ် ၁၂/သဃက(နိုင်) ၀၅၅၃၇၁၊ ဖြစ်ပါသည်။ ဦးခင်မောင်သစ်

### အမည်မှန်
ဗန်းမော်မြို့ ထ(ခွဲ)၊ လ(၃) တတိယတန်း(B)မှ (ကျောင်းဝင်အမှတ်-၈၈၆၃) မလဘန်ဂျီးဂျာ၏ အမည်မှန်မှာ မလဘန်ဂျီးရာ ဖြစ်ပါကြောင်း။ **မလဘန်ဂျီးရာ**

### အမည်မှန်
ဗန်းမော်မြို့၊ ညောင်ပင်ရပ်-ရပ်ကွက် ညပ-၂၉၆နေ ဦးအောင်လွမ်း၏သား အထက(၃)နဝမတန်း(A)မှ မောင်ဂျိမ်း(စ်)မျိုးဆန့်၏ အမည်မှန်မှာ မောင်ဂျိမ်း(စ်)အောင်လတ် ဖြစ်ပါကြောင်း။
**မောင်ဂျိမ်း(စ်)အောင်လတ်**

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက(သိမ်ဆိပ်) နဝမတန်း(E)မှ နော်ယဉ်ချမ်းမြေ့ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ထွေး ၁၀/သထန(နိုင်)၁၃၃၀၆၆ ဖြစ်ပါကြောင်း။
**ဦးအောင်နိုင်ထွေး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၁ယ/၇၆၁၅၄ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ကသစ်ဆန်းမွန်းစတားကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၉ယ/၈၆၅၄၆ Honda Wave 110,M/C ယာဉ်လက်ဝယ်ရှိသူ New Drive Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားရွာဦး၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ (ဘ)ဦးဆောင်းဦး၏ သမီး ကျောင်းဝင်အမှတ် ၄၉/၀၉ မအိသဇင်ဖြူနှင့် မအေးမြတ်မြတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မအိသဇင်ဖြူ(ခ)မအေးမြတ်မြတ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၁ယ/၈၀၂၁၈ Honda Wave NS 110 S ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းချို ၆/ရဖန(နိုင်)၀၂၀၇၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၆ယ/၈၁၄၃၈ H-ဝေ့(ဖ်) NF 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွဋ် ၁၄/တသတ(နိုင်)၀၁၃၇၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၃ယ/၃၇၄၇၈ ဟွန်ဒါ ဝေ့(ဖ်) 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှိုင် ၆/လလန(နိုင်)၀၃၈၇၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဦးကျင်သိန်း(ခ)ဦးတာ
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးလွန်းမောင်လမ်း၊ ခုနစ်မိုင်၊ အမှတ် ၆၉(B) နေဦးအောင်သိန်း-ဒေါ်ကျော့ရင်တို့၏သား၊ (ဒေါ်မြမြတာ)၏ခင်ပွန်း၊ ဦးကျော်ဇေယျ(က·စ·လ)-ဒေါ်သန္တာမြင့်၊ ဦးစိန်ဝင်း(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ကြူကြူမာ၊ ဦးကျော်တေဇ-ဒေါ်ယဉ်ယဉ်ဌေး၊ (ဦးသိန်းညဏ်)-ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သီမ်၊ ကျောင်းဒါယကာကြီး**

## ဦးတင်မိုး
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ရင်မြ(စာပေဌာနမှူး-ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်)၏ခင်ပွန်း ဦးတင်မိုးသည် ၂၈-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကင်းပညာရေးကောလိပ်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချာအန္နာ(ခ)ဒေါ်ဝင်းမြင့်
**ရန်ကုန်မြို့၊ သိမ်ကြီးဈေး (ဘီရုံ၊ ၂၆၃)**

**အသက်(၆၈)နှစ်**

ညောင်ဦးမြို့၊ ခုတင်-၂၀၀ဆံ့ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမြင့်သိန်း (ဆေးရုံအုပ်ကြီး)-ဒေါ်နန်းကြင်ကြင်သိန်းတို့၏ ချစ်လှစွာသောအစ်မ ဒေါ်ချာအန္နာ(ခ)ဒေါ်ဝင်းမြင့်သည် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်ဦးဆေးရုံမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ဂရေစီ (ပေါက်ခေါင်း)
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁)နေ (ဦးဒါဝိတ်-ဒေါ်ရွှေဘို) တို့၏ ဒုတိယသမီး၊ [ဦးအောင်ညို (သီတဂူသစ်စက်)]၏ဇနီး၊ မောင်ကိုကိုမင်း-မခင်သီတာထွန်း(ပုလဲမင်း ကုန်မာဆိုင်)၊ မနှင်းကလျာဝင်း(BA. Myanmar)၊ မအေးသန္တာအောင်(System Analyst, THis-ခေတ္တစင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးထိန်ဝင်း (ငြိမ်း)
**ကပစ-၁၁**

**ကြည်း-၂၂၈၀၀**

**အသက်(၆၀)**

သူငယ်ချင်း ဗိုလ်မှူးထိန်ဝင်း(ငြိမ်း)သည် ၂၈-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်းကောင်းရာ သုဂတိရောက်ပါစေ-

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၁)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၇)၊ သုံးလွှာ(၂ထပ်)ဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နွယ်နွယ်လတ် ၁၀/မဒန(နိုင်)၁၀၀၅၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိက တိုက်ခန်းအရောင်းအဝယ်အားအပြီးသတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းစိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၂)**
**အမှတ် ၁၆၄၊ ချမ်းသာလမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် ၃၆၅(က)၊ မြေအကျယ် အလျား(၂၀)ပေ×အနံ(၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၃၆၅(က)၊ မင်းဂေါင် (၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်များဖြစ်သည့် ဦးသန်းထိုက်ဦး ၁၂/အစန(နိုင်)၀၁၇၉၈၅ နှင့် ဒေါ်ချောကလျာဝင်း ၁၂/ကမရ(နိုင်)၀၀၀၆၆၈ တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးညီညီဘို ၁၂/ပဇတ(နိုင်)၀၂၉၇၆၉ နှင့် ဒေါ်မေနွယ်မောင် ၁၂/တမန(နိုင်)၀၉၂၆၁၂ တို့က ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား(မူရင်း)ပြသ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်သန်း (LL.B)** | **ဒေါ်ဂရေစီအေးမြင့် (LL.B)** |
| **(စဉ်-၃၀၇၇/၈၅)** | **(စဉ်-၁၃၆၈၇/၁၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၉၁၈/က)၊ အင်းဝ(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့**

## တန်ကျင်တီ(ခ)ဒေါ်ကျင်ရီ
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် ၂၉ (တတိယထပ်)နေ (ဦးအတူး)၏ဇနီး၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်တင်တင်မြင့်-ဦးကျော်စိုး၊ ဦးလှဝင်း-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်တင်လေအေး-(ဦးထွန်းဦး)၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြမြအေး၊ ဦးရွှေဝင်း-ဒေါ်သီတာသိန်း၊ ဒေါ်သီတာအေးတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး
**ကုန်သွယ်/လယ်ယာ-ဒု/အထွေထွေမန်နေဂျာ(ငြိမ်း)**
**စီးပွားကူးသန်းဝန်ကြီးဌာန(ဘဏ္ဍာရေးဌာန)**
**အသက်(၈၀)**

မအူပင်ခရိုင်၊ ရွှေတောင်မော်မြို့နယ်နေ (ဦးစိန်မောင်-ဒေါ်စိန်ကျော့)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် ၁၇၃နေ ဒေါ်တင်အေး(ညွှန်မှူး-ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး၊ စီးပွားကူးသန်းဝန်ကြီးဌာန)၏ခင်ပွန်း၊ ဦးကျော်ဟိန်းဦး၊ ဦးမျိုးဇော်ဦးတို့၏ဖခင်သည် ၃၀-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်၉း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ငွေးရီ (ထုံးဘို)
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်စေတီလမ်းသွယ်(၂)၊ အမှတ်(၈၈၀/A)နေ (ဦးကြည်ဝင်း)(ပါမောက္ခ-ငြိမ်း၊ အရှေ့ပိုင်း တက္ကသိုလ်)၏ဇနီး၊ ဒေါ်ခိုင်ခိုင်ကြည်ဝင်း၊ (ကိုသူရိန်ကြည်ဝင်း)၊ ဒေါ်သူဇာကြည်ဝင်းတို့၏မိခင်သည် ၃၀-၁-၂၀၁၉ရက် နံနက် ၀၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## အရာခံဗိုလ် ဦး Steven အောင်ဝင်း
**လေ-၁၅၂၅၃၊ တပ်မတော်-လေ(ငြိမ်း)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ ( U Dass အောင်ဝင်း-Teacher Hannah Dass) တို့၏သား၊ မန္တလေးမြို့၊ စိတ္တရမဟီရပ်ကွက်နေ U Edwin Doss-ဒေါ်နန်းမြသိန်း၊ U Raymond Doss-ဒေါ်ရီတာ၊ U Peter တင်မျိုးဝင်း-ဒေါ် Matilda Doss @ မသီတာ၊ ဒေါ်စင်သီယာတို့၏အစ်ကို၊ Marie Chaistabel နေနွယ်အောင်၊ Roger မျိုးဇော်အောင်-Kang Nakry, Maurice ဖြိုးဇော်အောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်ဟယ်လင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၂-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ၂၈×၇၆လမ်းထောင့် နေအိမ်မှ စိန်ဖေးဗီးယား ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ချာအန္နာ(ခ)ဒေါ်ဝင်းမြင့်
**သိမ်ကြီးဈေး၊ ဘီရုံ၊ ၂၆၃**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း၊ အမှတ် ၁၈၆၊ ပထမထပ်(ဝဲ)နေ (ဦးချာအင်ကိုင်း-ဒေါ်စိန် ကြည်)တို့၏သမီး၊ ဦးကျော်ဆန်း(Assumption Liniversity BKK)-ဒေါ်တင်တင်ထွေး၊ ဒေါ်ခင်စု(အထက-၄၊ ဗိုလ်တထောင်)၊ ဒေါက်တာမြင့်သိန်း(ဆေးရုံအုပ်ကြီး၊ ညောင်ဦး)-ဒေါ်ကြင်ကြင်သိန်း၊ ဒေါ်စန်းစန်းနု-ဦးကျော်မိုးခိုင်(Singapore)၊ ဒေါ်အေးအေးကြည်၊ (ဦးမောင်ရွှေ)-ဒေါ်အေးအေးမြ၊ ဒေါက်တာအောင်ဟိန်း၊ ဒေါ်အေးသီတာ(M.O.B)-ဦးသောင်းမြင့်၊ ဒေါ်စန္ဒာဝင်းတို့၏အစ်မ၊ တူခြောက်ယောက်တို့၏အဒေါ်သည် ၂၉-၁-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ၃း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ထီး ဒါယိကာမကြီး**

## ဒေါ်မွှေးမွှေး
**ရေတာရှည်**

**အသက်(၇၄)နှစ်**

ရေတာရှည်မြို့၊ (၆)ရပ်ကွက်နေ (ဦးယုံဆိုင်-ဒေါ်အုန်းကျင်)တို့၏သမီး၊ (ဦးကြည်လွင်)-ဒေါ်မြင့်ဌေး၊ ဦးခင်မောင်(အင်/ယာမှူးကြီး၊ ပ·ဆ·င-ငြိမ်း)-ဒေါ်ခင်မူမူ(လ/ထ ညွှန်မှူး၊ စက်မှု-၁၊ ငြိမ်း)၊ ဦးထွန်းမြင့်နိုင် (TARGET TRAVEL SERVICES, MDY)-ဒေါ်လှလှ(ကလော)၊ (ဦးမောင်တန်)-ဒေါ်သန်းသန်းနု၊ ဦးစိန်ဝင်း-ဒေါ်နုနု(တောင်ငူ)၊ ဦးစိန်ဝင်း(လ/ညွှန်မှူး၊ MPPE-ငြိမ်း)၊ ဒေါ်ခင်လေးမာ၊ ဦးစိုးလင်း-ဒေါ်ခင်လေးနီ(အထပြ-ငြိမ်း)၊ ဦးမောင်တာ-ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်ရွှေဝါတို့၏အစ်မသည် ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၃ နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့)တွင် ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်မောင်
**(စက်မှု-၁၊ ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ် ၁၃၈နေ (ဦးစိန်ဖြိုး-ဒေါ်မြရင်)တို့၏သား၊ (ဦးထွန်းကြည်-ဒေါ်ချစ်မေ)တို့၏သားသမက်၊ ဒေါ်တင်သန်း၏ခင်ပွန်း၊ ဇာဇာမြင့်မောင်၊ မောင်ရဲအောင်ဖြိုး-ဇာဇာမြတ်သော်တို့၏ဖခင်၊ မေပန်းချီအောင်၏ အဘိုးသည် ၂၉-၁-၂၀၁၉ရက် ည ၉း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအဟွတ်(ခ)ဦးအငေ့
**မြောင်းမြ၊ ကြာကန်**

**(ငွေတိုက်-အပေါင်ဆိုင်)တာမွေ**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်၂၉၈နေ(ဒေါ်ကျင်မြ)၊ ဒေါ်ကျင်နုတို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်-ဒေါ်သန်းသန်းချို၊ (ဦးချစ်စိန်)-ဒေါ်ညိုညိုတင့်၊ ဦးစံကို-ဒေါ်ကြူကြူခင်၊ ဒေါ်စန်းစန်းမွှေး-(ဦးထွန်းဝင်း)(ရွှေတိုက်-အပေါင်ဆိုင်၊ တောင်ဒဂုံ)၊ ဦးမောင်မောင်ကြည်-ဒေါ်စန်းစန်းဌေး၊ ဒေါ်ကျင်ထွေး-ဦးကျော်ကျော်ဦး(ရွှေတိုက် II-အပေါင်ဆိုင်၊ ဗဟန်း)၊ မောင်အောင်သူဟိန်းတို့၏ချစ်လှစွာသောဖခင်၊ မြေး၁၀ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၁-၂၀၁၉ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်း
**တပ်မတော်-ရေ(ငြိမ်း)**

**Interocean Shipping Co.,**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ နာနတ်တောလမ်း၊ တိုက် ၆၊ အခန်း ၁၉နေမြန်မာ့အသံနှင့်ရုပ်မြင် သံကြားဝန်ထမ်းအိမ်ရာနေ (ဦးကောက်-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်စိုး)၏ခင်ပွန်း၊ ဦးသန်းဌေး၊ ဦးထိုင်ငြိမ်း၊ ဦးမောင်ဝင်း-ဒေါ်ထား၊ ဒေါ်ရင်ရင်မြ၊ ဦးခွေးလေးတို့၏အစ်ကို၊ ဦးသက်စိန်၊ (ဦးကျော်ဦး)-ဒေါ်ထားထားအေး၊ (ဦးငွေးမင်း)၊ ဦးအေးမင်း(KTA Co.,)-ဒေါ်ခင်ပပအောင်တို့၏ဖခင်၊ ဦးအောင်ဇေယျာဟိန်း(Electronic Technician)-ဒေါ်ခင်မျိုးအေး (MRTV)၊ ဦးဝင်းထွဋ်ဦး(Uniteam Co.,Ltd)-ဒေါ်ဖြူသက်မင်း(KBZ Bank) တို့၏အဘိုး၊ မောင်မင်းမိုးချိမ့်၊ မရွှေတိမ်လွှာထွဋ်တို့၏ အဘိုးသည် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်မြမြ
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်းမ၊ အမှတ် ၁၇၀နေ (ဆရာကြီး ဦးနောင်ရွှေ- ဒေါ်လှရင်)တို့၏သမီး၊ (ဦးမောင်ငယ်-ဒေါ်ခင်ထွေး)တို့၏သမီးချွေးမ၊ ဦးအောင်မင်း(ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဦးကျော်ဆွေ(အင်း၀)SNG Global Korea-ဒေါ်ချောချောအောင်၊ ဦးသက်အောင်-ဒေါ်စုစုအောင်တို့၏မိခင်၊ ကိုအောင်ကျော်ဇင်-မသီဂီကျော်၊ ကိုသူရဝင်း-မသက်အိဆွေ၊ ကိုဇေယျာနောင်(MRTV-4)၊ မရူပါအောင်၊ မောင်ညဏ်လင်းထက်၊ မောင်ဇင်လင်းထက်၊ မဖွန်လှဲ့နှင်းတို့၏အဘွား၊ တူ၊ တူမ ၁၄ယောက်တို့အဒေါ်သည် ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီအီဗရာဟင်မ်(ခ)ဦးသန်းဖေ
**(ကျောင်းဆရာ-ငြိမ်း)**

**အသက်(၈၃)နှစ်**

ရမည်းသင်းမြို့နေ (ဦးမောင်ပု-ဒေါ်မမလေး)တို့၏သား၊ (ဦးဟာရွန်-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ မြို့သစ်(ဈ-၂)နေ ဦးကျော်ဝင်းမြင့်(စွမ်းအား-လျှပ်စစ်)-ဒေါ်မိုးမိုးသန်း၊ ဦးဇော်ထွန်းသန်း-ဒေါ်ဖြူဖြူစိုး၊ ဒေါ်ချောစုမေ(တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်လေး၏ခင်ပွန်းသည် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ဇဟိုရ်နမာဇ်ပြီး အေးရိပ်ငြိမ်(အင်ကြင်း) ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ညွှန့်ညွှန့်သိန်း
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက် 457-459၊ No-003 နေ (ဦးမောင်လှ-ဒေါ်အုံးကြည်)တို့၏သမီး၊ ဦးကြည်စိန်-ဒေါ်တင်တင်၊ ဦးမောင်သန်း-ဒေါ်မြသန်း၊ (ဦးသိန်းဌေးဦး)-ဒေါ်ကြည်လှ၊ (ဦးမြအောင်)-ဒေါ် ခင်လွမ်း၊ ဦးတင်ဝင်း-ဒေါ်ယဉ်ယဉ်ဦး၊ ဒေါ်မြမြဝေ၊ ဦးထွန်းမင်း-ဒေါ်နှင်းနှင်းဝေ၊ ဒေါ်လှမြင့်တို့၏ အစ်မ/ညီမ၊ ဦးသန်းလှ (ခေတ္တ-စင်ကာပူ)၏ဇနီး၊ ဝေယံဟိန်း-Natalin တို့၏ချစ်လှစွာသောမိခင်၊ Noella ၏အဘွားသည် ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



“သွေးချင်းတို့ရဲ့ပွဲတော်ဆီ”ပွဲတော် ပိတ်ပွဲနေ့တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာပစ္စည်းများအား ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာစဉ်။ *သတင်း-စာ(၆)* ဓာတ်ပုံ-သတင်းစဉ်

ခိုလှုံသူအဖြစ် လက်ခံမှု လျှော့ချလာတဲ့အပြင် နယ်နှင်ဒဏ်ပေးမှုတွေ များလာတဲ့ ဂျာမနီ

စာ-၁၅

(၂၃)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ပျောက်ဆုံးထီလက်မှတ် နံပါတ် ပေါ်ထွက်ပါက ရောင်းချပြီး ထီလက်မှတ် နံပါတ် ပေါ်ထွက်သည်အထိ ပြန်လည်ဖွင့်လှစ်မည်

စာ-၂၁

## စင်ကာပူလိဂ်တွင် ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်း မြန်မာနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ လာရောက်ကစားမည်

ရန်ကုန် ဇန်နဝါရီ ၃၀

**စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုအရ မြန်မာနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ လာရောက်ကစားမည်ဖြစ်သည်။ နီဂါတာအသင်းသည် မတ်လပထမပတ်တွင် ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း၊ မြန်မာ ယူ-၁၈ အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**



မြန်မာ ယူ-၁၈ အသင်း ဇန်နဝါရီ ၃၀ ရက်က လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ခြေစမ်းပွဲများအဖြစ် မတ် ၇ ရက်တွင် မြန်မာ ယူ-၁၈ အသင်းနှင့် နီဂါတာအသင်း၊ မတ် ၉ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် နီဂါတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ နီဂါတာအသင်းသည် ဂျပန်ကလပ်အသင်းဖြစ်သော်လည်း စင်ကာပူလိဂ်တွင် ၂၀၀၄ ခုနှစ်ကတည်းက လာရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ရာသီတွင် သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲထားသည့်အသင်းလည်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း အပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ စင်ကာပူနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့စဉ် နီဂါတာအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းသည် မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ယှဉ်ပြိုင်ရမည့်

*စာမျက်နှာ ၁၂ ကော်လံ ၃* ●



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်း ခြေစမ်းကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၃၀**

၂၀၁၉ အာရှခြေစစ်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ယူ-၁၉ အသင်းက အသက်အရွယ်အပြင် အတွေ့အကြုံပိုင်းပါ ပိုသာသောကြောင့် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှာမူ ဩစတြေးလျခရီးစဉ်မတိုင်မီ အပြီးသတ် ပြင်ဆင်မှုများပြုလုပ်ရန် ခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၄ မိနစ်မှာပင် စန်းသော်သော်က

*စာမျက်နှာ ၁၂ ကော်လံ ၅* ❊

